ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်၊ တနင်္ဂနွေနေ့ (24-2-2013) (၇၄၀၆)

❖ မိမိတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လိုပါက မဖြစ်မနေ ကြိုးစားဆောင်ရွက်။
❖ နေ့စဉ်ဝင်ငွေရရှိရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းနှင့် အပြန်အလှန် အကျိုးပြုနေသည့် မွေးမြူရေးလုပ်ငန်း ကိုလည်း တွဲဖက်လုပ်ကိုင်။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မိရိုးဖလာလယ်ယာစိုက်ပျိုးရေးစနစ်ဖြင့် စိုက်ပျိုးလုပ်ကိုင်နေ၍ မရတော့ သိပ္ပံနည်းကျစိုက်နည်းစနစ်များကို ပြောင်းလဲကျင့်သုံးပြီး စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲဆောင်ရွက်ရမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် အဆင့်မြင့် စံပြစက်မှု လယ်ယာစနစ် ဧက (၁၀၀၀) ကွင်းဖွင့်ပွဲနှင့် ကောက်စိုက်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် အဆင့်မြင့်စံပြ စက်မှုလယ်ယာစနစ် ဧက(၁၀၀၀) ကွင်းဖွင့်ပွဲနှင့် ကောက်စိုက်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ပြည်သူ့လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌ ဦးတင်ထွတ်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ကြည်၊ ဦးသိန်းညွန့်၊ ဦးတင်နိုင်သိန်း၊ ဦးကျော်ဆန်း၊ ဦးအုန်းမြင့်နှင့် ဦးအေးမြင့်တို့လိုက်ပါလျက် နံနက် ၈ နာရီခွဲတွင် ဒက္ခိဏသီရိမြို့နယ် ကျွန်းတက်ပဲ့ကျေးရွာအုပ်စု ညောင်ကုန်းရွာအနီးရှိ အဆင့်မြင့်စံပြ စက်မှုလယ်ယာစနစ် ဧက (၁၀၀၀) စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

စိုက်ကွင်းစီမံကိန်းရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အဆင့်မြင့် စံပြစက်မှုလယ်ယာစနစ် ဧက (၁၀၀၀) အကောင်အထည်ဖော်ရခြင်းရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်အကျဉ်းချုပ်ကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

လာမည့်နွေရာသီအတွင်း ပြည်သူလူထုလျှပ်စစ်ဓာတ်အားပိုမိုရရှိရန် ဓာတ်အားပေးစက်ရုံများ တိုးချဲ့တည်ဆောက်လျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် နိုင်ငံတော်အတွင်း နှစ်စဉ် တိုးတက်လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ရေတိုရေရှည် စီမံကိန်းများချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ရေတိုစီမံကိန်းအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရွာမသဘာဝဓာတ်ငွေ့စက်ရုံဝင်းအတွင်း တည်ဆောက်နေသည့် ထိုင်းနိုင်ငံအစိုးရမှ လွှဲပြောင်းလှူဒါန်းသော ၁၂၀ မဂ္ဂါဝပ် ဓာတ်ငွေ့ တာဘိုင်စက် နှစ်လုံးအနက် တာဘိုင်စက် တစ်လုံးသည် ဖေဖော်ဝါရီ ၁၅ ရက်တွင် မြန်မာနိုင်ငံသို့ရောက်ရှိခဲ့သည်။ ၎င်းဓာတ်ငွေ့တာဘိုင်စက်နှင့် ဆက်စပ်ပစ္စည်းများအား ရွာမသဘာဝဓာတ်ငွေ့သုံးစက်ရုံဝင်းအတွင်း စီမံကိန်းနေရာသို့ အမြန်ဆုံးသယ်ယူပို့ဆောင်ကာ စက်တပ်ဆင်တည်ဆောက်ရေးလုပ်ငန်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အင်ဂျင်နီယာများနှင့် ထိုင်းနိုင်ငံ STFE (Sri U Thoung Fortum Engineering) ကုမ္ပဏီတို့မှ ပူးပေါင်း၍ နေ့/ညတပ်ဆင်တည်ဆောက်လျက်ရှိသည်။

အဆိုပါရွာမစက်ရုံဝင်းအတွင်း တပ်ဆင်နေသော ဓာတ်ငွေ့တာဘိုင်စက်သည် ထိုင်းနိုင်ငံမှ ပထမအသုတ်အဖြစ် ရောက်ရှိလာသောစက်ဖြစ်ပြီး ဒုတိယအသုတ်အနေဖြင့် တာဘိုင်စက်တစ်လုံးသည် ၂၀၁၃ ခုနှစ် မတ်လအတွင်း ထပ်မံရောက်ရှိမည်ဖြစ်ကာ စုစုပေါင်းစက်တပ်ဆင်အင်အား လျှပ်စစ်ဓာတ်အား ၂၄၀ မဂ္ဂါဝပ် ထွက်ရှိမည်ဖြစ်၍ လာမည့်နွေရာသီတွင် ပြည်သူလူထုလျှပ်စစ်ဓာတ်အားလိုအပ်ချက်နှင့် မြန်မာနိုင်ငံတွင် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

အလုံဓာတ်အားပေးစက်ရုံအတွင်း အသစ်တည်ဆောက်လျက်ရှိသော ဓာတ်အားပေးစက်ကို တွေ့ရစဉ်။(သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၂၄-၂-၂၀၁၃၊ တနင်္ဂနွေနေ့

မြွေအန္တရာယ်ကာကွယ်ပေး

မကြာသေးမီက ခွေးရူးရောဂါနှင့်ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်ကို ကြားသိခဲ့ရပါသည်။ ခွေးရူးရောဂါ နှစ်စဉ် လူနှစ်ရာကျော်ဖြစ်ပွားခဲ့ပြီး ဖြစ်ပွားသူအားလုံး သေဆုံးခဲ့ရသည်ဟု ဆိုထားပါသည်။

အမှန်တကယ်တွင် ခွေးရူးရောဂါထက် ပိုမိုအလေးထားသင့်သော ရောဂါမှာ မြွေကိုက်ခံရမှုဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် မှတ်တမ်းမှတ်ရာ နည်းပါးလှသဖြင့် မြွေကိုက်ခံရမှုကို တိတိကျကျ မဖော်ထုတ်နိုင်၊ လူမသိ သူမသိနှင့်ပါဆိုလျှင် တစ်နှစ်လျှင် လူထောင်ချီရှိမည်ဟု ခန့်မှန်းနိုင်သည်။

မြွေဆိုသည်မှာ တောတောင်အကြိုအကြားနှင့် လယ်မြေများတွင် ရှိတတ်ပါသည်။ ထိုနေရာများမှာ သူတို့၏ မူလနေရာများသာဖြစ်ပြီး လူတို့ သွားရောက်ခဲ့မှု၊ မြေယာများခဲ့ထွင်မှု၊ ကျူးကျော်ထိတွေ့မှုတို့ကြောင့်သာ မြွေနှင့်ဆုံတွေ့ပြီး အကိုက်ခံရခြင်းဖြစ်ပါသည်။ မြွေက လူကို ရှာဖွေကိုက်ခြင်း မဟုတ်။ လူနှင့်မြွေတိုးမိသဖြင့် အကိုက်ခံရခြင်းဖြစ်သည်။

ထိုသို့ အကိုက်ခံရမှုတွင် မြွေဆိုးများရှိသလို မြွေကောင်းများလည်း ရှိပါသည်။ အသက်အန္တရာယ်ထိခိုက်နိုင်သလို အသက်အန္တရာယ်မထိခိုက်နိုင်သည့် မြွေများလည်း ရှိပါသည်။ မည်သည့်မြွေကိုက်သည်ဖြစ်စေ ဒဏ်ရာရသူသည် မြွေအမျိုးအစားခွဲခြားသိဖို့ လိုမည်ဖြစ်ပါသည်။ သို့မှသာ မြွေကိုက်ခံရသူအား အသက်အန္တရာယ်မှ ကယ်တင်နိုင်မည်ဖြစ်ပါသည်။

လူတို့အများဆုံးထိတွေ့ပြီး အန္တရာယ်ဖြစ်စေတတ်သော မြွေအမျိုးအစားများမှာ မြွေပွေးနှင့် မြွေဟောက်ဖြစ်ပါသည်။ အဆိုပါမြွေများ အကိုက်ခံရလျှင် ဆေးမမီဟု အဆိုရှိသော်လည်း ရှေးဦးကုသမှုနှင့် အဆိပ်ဖြေဆေးထိုးနှံပေးနိုင်လျှင် အသက်ချမ်းသာရာ ရရှိစေပါသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း စက်မှုဝန်ကြီးဌာနက ထုတ်ပေးလျက်ရှိသော မြွေဆေးများကို မြွေကိုက်ခံရမှုဖြစ်ပွားခြင်းအနည်းအများအလိုက် ဖြန့်ဝေကုသပေးလျက်ရှိပါသည်။ မြွေကိုက်နည်းသည့် နယ်မြေများဖြစ်သည့် စစ်ကိုင်း၊ မန္တလေး၊ မကွေးနှင့် ပဲခူးတိုင်းဒေသကြီးနယ်မြေများအတွင်းရှိ ဆေးရုံများသို့ တစ်လပျမ်းမျှ ဆေးခြောက်လုံးခန့်နှင့် မြွေကိုက်များသည့် ကျန်မြို့နယ်အဆင့် ဆေးရုံများသို့ တစ်လလျှင် ပျမ်းမျှ ဆေး ၄၉ လုံးခန့် လျာထားဖြန့်ဖြူးပေးနေသည်ဟုဆိုထားရာ ကောင်းမွန်ပါသည်။

ယခုနှစ်တွင် စက်မှုဝန်ကြီးဌာနက မြွေဟောက်၊ မြွေပွေး အဆိပ်ဖြေဆေး လျာထားချက် သုံးသောင်းပြည့်မီကျော်လွန်အောင် ထုတ်လုပ်သော်လည်း ကျန်းမာရေးဝန်ကြီးဌာနက ဆေးခြောက်သောင်းခြောက်ထောင်ကျော် ဝယ်ယူကာ ပြည်သူတို့လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည်ကို တွေ့ရှိရ၍ ဝမ်းမြောက်မိပါသည်။

ထို့ကြောင့် မြွေကိုက်ခံရမှုမှာ ထောင်သောင်းချီ၍ နှစ်စဉ်မြွေကိုက်ခံရမှုအတွက် မြွေဆိပ်ဖြေဆေးလုံလောက်မှုရှိအောင် ဆောင်ရွက်ထားရမည် ဖြစ်သည်။ မြွေဆိပ်ဖြေဆေးများကို မြို့နယ်ဆေးရုံကြီးများအပြင် အမှန်တကယ်ထိတွေ့တတ်သည့် တိုက်နယ်ဆေးရုံ၊ ဆေးခန်းများတွင်လည်း ရှိသင့်သည်။ သို့မှသာ မြွေကိုက်ခံရခြင်းကြောင့် အသက်သေဆုံးရမှုနည်းပါးမည် ဖြစ်သည်။

မြွေဆိပ်ဖြေဆေးများကို လုံလုံလောက်လောက်ထုတ်ရန် လိုအပ်သကဲ့သို့ မြွေကိုက်ခံရသူများမှာ ဆင်းရဲနွမ်းပါးသူများဖြစ်သောကြောင့် ဈေးနှုန်းသက်သက်သာသာဖြင့် ရောင်းချပေးရန် လိုအပ်ပေသည်။

သို့မှသာ လူတိုင်းသက်တမ်းစေ့နေနိုင်ပြီး အထူးသဖြင့် ကျေးလက်နေပြည်သူများ မတော်တဆဖြစ်သော အသက်အန္တရာယ်မှ ကင်းဝေးစေမည်ဖြစ်ရာ မြွေဆိပ်ဖြေဆေးများကို လုံလောက်စွာထုတ်လုပ်ပြီး လိုအပ်သောနေရာများသို့ လိုအပ်သလို ပို့ဆောင်ပေးနိုင်ရန်တိုက်တွန်းအပ်ပါသည်။ ။

ပထမအကြိမ် မြန်မာ့ကျန်းမာရေးဆိုင်ရာပြပွဲ -၂၀၁၃ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ယမန်နေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ပထမအကြိမ် မြန်မာ့ကျန်းမာရေးဆိုင်ရာပြပွဲ-၂၀၁၃ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူနှင့် တာဝန်ရှိသူများက ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် မြန်မာ့ကျန်းမာရေးဆိုင်ရာပြပွဲသည် မြန်မာနိုင်ငံ၌ ပထမဆုံး အကြိမ် ကျင်းပခြင်းဖြစ်ပြီး နိုင်ငံတော်၏ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အောင်မြင်ရေးအတွက် ကူညီပံ့ပိုးပေးရန်၊ ဆေးပညာရပ်၏ တိုးတက်နေသော ပြည်တွင်း/ပြည်ပပုဂ္ဂလိက ဆေးရုံဆေးခန်းများအကြောင်း၊ ပြည်သူလူထုအကြား အသိပညာပေးရန်စသည့် အလွန်ကောင်းမွန်သော ရည်ရွယ်ချက်များနှင့် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ပြပွဲကာလအတွင်း ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောပွဲများကို သုံးရက်တိုင်တိုင် ကျင်းပပြုလုပ်ရန်စီစဉ်ထား၍ ပြပွဲသို့လာရောက်ကြည့်ရှုကြသည့် ပုဂ္ဂိုလ်များအနေဖြင့် ကျန်းမာရေးဆိုင်ရာ ဗဟုသုတအသိဉာဏ်များ ရရှိနိုင်မည်ဖြစ်သဖြင့် မွန်မြတ်သော အသိပညာပေးအစီအစဉ်များဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် စေတနာထားပြီး လုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိစေရန် အစဉ်နှလုံးသွင်း လုပ်ဆောင်နေသည်ကို တန်ဖိုးထားပြီး လုပ်ငန်းရှင်များအပိုင်းကလည်း ကုန်သွယ်မှုလုပ်ငန်းများ မှန်မှန်ကန်ကန် ဆောင်ရွက်ရန် လိုသလို ကျသင့်သည့်အခွန်များ ပြည့်ပြည့်ဝဝ ပေးဆောင်ကြရန်လည်း လိုပါကြောင်း၊ ကုန်သွယ်မှု မြှင့်တင်ရေး လုပ်ဆောင်သည့်နေရာတွင် ကုန်စည်ပြပွဲများပြုလုပ်ခြင်းသည် ထိရောက်သည့် နည်းလမ်းတစ်ရပ် ဖြစ်သည့်အတွက် ယခုနှစ်တွင် ကုန်စည်ပြပွဲများ ရန်ကုန်၌ အဆက်မပြတ်ပြသနေသည်ကိုလည်း ကျေနပ်ဝမ်းသာသဖြင့် လိုအပ်သည့် အကူအညီများကိုလည်း ပေးသွားမည်ဖြစ်ပါကြောင်း၊ ပြည်သူများအကြား ကျန်းမာရေး အဆင့်အတန်း မြင့်မားပြီး ကျန်းမာသန်စွမ်းမှသာ အလုပ်လုပ်နိုင်မည်ဖြစ်သကဲ့သို့ လူမှုဘဝမြင့်တက်လာပြီး ဆင်းရဲနွမ်းပါးမှုကိုလည်း တစ်ဖက်တစ်လမ်းမှ လျှော့ချနိုင်လာမည်ဖြစ်ပါကြောင်း၊ ယခုပြပွဲတွင် ပြသကြသည့် ပုဂ္ဂိုလ်များအနေဖြင့် ဆေးနှင့်ဆေးပစ္စည်းထုတ်လုပ်၊ တင်သွင်း၊ ဖြန့်ဖြူးရောင်းချရာ၌ နိုင်ငံတော်က ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို အမြဲလိုက်နာဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

အဆိုပါပြပွဲတွင် ပြခန်းပေါင်း ၁၃၀ ဖြင့် အနောက်တိုင်းဆေးဝါးနှင့် ဆေးပစ္စည်းများ၊ ပြည်တွင်း/ ပြည်ပ ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ ဆေးပစ္စည်းကိရိယာများနှင့် နည်းပညာများကို သုံးရက်ကြာပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မသန်သော်လည်း စွမ်းသည့် မစုပုံချစ် ဩစတြေးလျသို့ ပညာတော်သင်ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံမှ မသန်စွမ်း မစုပုံချစ်သည် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ရှိ The University of New South Wales တက္ကသိုလ်တွင် Master of Political Studies ဘာသာရပ်ဖြင့် ၁၈လကြာ ပညာတော်သင်ရန် ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေယာဉ်ဖြင့် ထိုင်းနိုင်ငံမှတစ်ဆင့် ထွက်ခွာသွားသည်။**(အောက်ပုံ)**

၂၀၀၅ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူး လေးဘာသာဖြင့် အောင်မြင်ခဲ့ပြီး အင်းစိန်မြို့ ကြို့ကုန်းရှိ နည်းပညာတက္ကသိုလ်တွင် M.E ဆက်လက်တက်ရောက်ခဲ့သည်။ ယခု ဩစတြေးလျနိုင်ငံ အစိုးရက ပညာသင်ဆုရွေးချယ်ခြင်းခံရပြီး M.E တန်းကိုတစ်ဝက်ဖြင့် ရပ်နားခဲ့ကြောင်း ပညာတော်သင်ဆုရ မစုပုံချစ်က ပြောကြားသည်။ ယခုလို ပညာတော်သင်သွားရသည်ကို အတိုင်းမသိ ဝမ်းသာမိပြီး အဓိက မိဘနှစ်ပါးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်း ကျေးဇူးတင်ပါကြောင်း ထပ်မံပြောကြားခဲ့သည်။

"သမီး မစုပုံချစ်နှင့် အတူနေထိုင်ရန် ညီမဝမ်းကွဲတော်စပ်သူ ဦးရဲ့တူမလေး မသဲစုမွန်ကိုလည်း ဩစတြေးလျနိုင်ငံအစိုးရက စရိတ်ငြိမ်းထောက်ပံ့ပေးပါတယ်၊ ဒါမြန်မာပြည်မှာ ပထမဦးဆုံးဆုပဲဖြစ်ပါတယ်" ဟု ၎င်း၏ ဖခင်ဦးအုန်းကျော်က ပြောသည်။

(သန့်ဇင်ဝင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၃

စာရေးဆရာ ဆရာဝန်တင်ရွှေ အထိမ်းအမှတ် စာပေဆုများကို ၂၀၀၁ ခုနှစ်ထုတ် စာအုပ်များမှစ၍ ရွေးချယ်ချီးမြှင့်ခဲ့ရာ ယခု(၁၁) ကြိမ်မြောက် ၂၀၁၂ ခုနှစ်အတွက် စာအုပ်လေးအုပ်ကို ဆုချီးမြှင့်မည်ဖြစ်သည်။

၂၀၁၂ ခုနှစ် ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ခံရသည့် စာအုပ်များမှာ ၂၀၁၁ ခုနှစ်အတွင်းထုတ် စာအုပ်များအနက်မှ ယုဝတီခင်ဦး ရေးသားပြီး သင်းစာပေမှ ထုတ်ဝေသည့် "ခင်ဦး၏ခင်ဦး" စာအုပ်၊ ဒေါက်တာမောင်သင်း ရေးသားပြီး နေမျိုးပဒေသာစာပေတိုက်မှ ထုတ်ဝေသည့် "မြင့်မားသည့်ပညာရေးဖြင့်သာ" စာအုပ်၊ စိန်လင်း(ခွဲစိတ်နှင့်ကင်ဆာပါရဂူ)ရေးသားပြီး စိတ်ကူးချိုချို စာပေမှထုတ်ဝေသည့် "သစ္စာ" စာအုပ်နှင့် "Ohnmar Shirr" ရေးသားပြီး အိမ်တွင်းမှုစာပေမှ ထုတ်ဝေသည့် "Myanmar Snacks" စာအုပ်တို့ဖြစ်ကြသည်။

၂၀၁၂ ခုနှစ် ဆရာဝန်တင်ရွှေ စာပေဆုရစာအုပ်များကြေညာ

ယခုနှစ်တွင် ဆရာဝန်တင်ရွှေ စာပေဆုပေးပွဲအခမ်းအနား ကျင်းပခြင်း (၁၁)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဆရာဝန်တင်ရွှေ စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့က "စာပေဂုဏ်ဆောင်ဆု အဖြစ်" စာရေးဆရာ ကဗျာဆရာကြီး ဒဂုန်တာရာအား ဂုဏ်ပြုချီးမြှင့်မည် ဖြစ်သည်။

စာပေဆုပေးပွဲအခမ်းအနားကို မတ်လအတွင်း ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည် ဖြစ်ရာ ဖုန်း ၀၁-၅၃၆၄၄၄နှင့် ၀၉-၅၁၁၇၆၈၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၄-၂-၂၀၁၃ (တနင်္ဂနွေနေ့)

၇း၀၃ တရားတော်
၈း၁၀ မြန်မာစာမြန်မာစကား (၁၁)
၁၁း၂၉ ကာတွန်းအစီအစဉ်
-ကမ္ဘာကျော်အိပ်ရာဝင်ပုံပြင်များ(အပိုင်း-၄၈)
၁၁း၄၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် "အချစ်ကြောင့် လိမ်ညာ၍ ပိုက်ဆံကြောင့်ငိုခဲ့ရသူများ"
၁း၃၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဒဏ်ရာများနဲ့ချစ်သူ (အပိုင်း-၂၄)
၆း၂၃ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-လူငယ်လေးရဲ့အစိမ်းရောင်ကမ္ဘာ (အပိုင်း-၁၃)
-မြဝတီရုပ်မြင်သံကြားသတင်း
-ပဟေဠိနန်းတော်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "Between Heaven and Hell" (အပိုင်း-၂) (ဇာတ်သိမ်းပိုင်း)
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နှုတ်ဖျားထက်ကသစ္စာ" (အပိုင်း -၆၄)

ဝန်ထမ်းများ၏ စွမ်းဆောင်ရည် တိုးမြှင့်နိုင်ရေး ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၃

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား မလေးရှားနိုင်ငံ အခြေစိုက် Hei Tech Padu Berhad Co., ၏ အမှုဆောင်ဥက္ကဋ္ဌ Dato Mohd Hilmev Mohd Taib ဦးဆောင်သော စီမံခန့်ခွဲရေးအဖွဲ့သည် ယမန်နေ့ နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ e-Government လုပ်ငန်းစဉ်များအား အဆိုပါကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများ၊ ဝန်ကြီးဌာနရှိဝန်ထမ်းများ၏ စွမ်းဆောင်ရည် တိုးမြှင့်နိုင်ရေးအတွက် ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ e-Government လုပ်ငန်းဆိုင်ရာ နည်းပညာများ ကူညီပံ့ပိုးပေးနိုင်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



အဝေး အနီး အလယ် စသည့် မြင်ကွင်းအားလုံး ကြည်လင်စေရန်
Multifocal Lens တပ်ဆင်လိုသူများကို အထူးဖိတ်ခေါ်ပါသည်။
အရှေ့တိုင်းမျက်မှန်
၃၆၁၊ ရွှေဘုံသာအထက်လမ်း၊ ရန်ကုန်မြို့။ ၀၉-၇၃၀၂၆၅၁၅
၇၂၊ ၂၆B လမ်း(၈၁-၈၂ကြား)၊ မန္တလေးမြို့။ ၀၉-၄၀၂၅၅၃၉၅၁

အရည်အသွေးမှန်ကန်သည့် စားအုန်းဆီများတင်သွင်းရေးနှင့် တရားမဝင်စားသုံးဆီတင်သွင်းမှုများ လျှော့နည်းပပျောက်ရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ယနေ့တွေ့ဆုံပွဲမှာ အရည်အသွေး မှန်ကန်သည့် စားအုန်းဆီများ တင်သွင်း ဖြန့်ဖြူးရောင်းချမှုနှင့် ဈေးနှုန်း မှန်ကန်မြန်ဆန်ရေး၊ ကုန်သည်များ အတွက် အကျိုးအမြတ်မထိခိုက်စေဘဲ တစ်ဖက်တွင်လည်း စားသုံးသူများ အပေါ် ဈေးနှုန်းဖိစီးမှုမဖြစ်စေရေးနှင့် တင်သွင်းလာသည့် ဆီများကိုလည်း စနစ်တကျလက်ခံရေးကိစ္စများအတွက် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးနိုင်ရန် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၊ ဆီသိုလှောင်ကန်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီ လုပ်ငန်းရှင်များကို တွေ့ဆုံခြင်း ဖြစ်ကြောင်းဖြင့် ဖေဖော်ဝါရီ ၂၂ ရက် တွင် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီး ဌာန ရန်ကုန်တိုင်းဒေသကြီးရုံး၌ ကျင်းပသည့် အရည်အသွေးမှန်ကန် သည့် စားအုန်းဆီများ တင်သွင်းရေး၊ တရားမဝင်စားသုံးဆီ တင်သွင်းမှုများ လျှော့နည်းပပျောက်ရေး ညှိနှိုင်း အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးက ပြည်ပက စားအုန်းဆီ လိုင်စင်လျှောက်ထားစေခဲ့ရာတွင် ပြီးခဲ့ သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း မှာ တင်သွင်းခွင့်လိုင်စင် ထုတ်ပေးခဲ့သည့် တန်ချိန်မှာ ၃၇၉၀၄၉ ဖြစ်ပြီး စားအုန်း ဆီ သင်္ဘော ၁၂၉ စင်းနှင့် တန်ချိန် ၃၀၆၁၀၄ ရောက်ရှိခဲ့ပါကြောင်း၊ ယခု ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်းတွင် ၂-၁၂-၂၀၁၂ ရက်ထိ တင်သွင်းခွင့် လိုင်စင်ထုတ်ပေးသည့် တန်ချိန်မှာ ၃၇၇၂၇၄ တန်ဖြစ်ပြီး သင်္ဘော ၉၄ စင်းဖြင့် ရောက်ရှိမှုမှာ တန်ချိန် ၃၁၁၃၄၈ တန်ဖြစ်ကြောင်း၊ ထို့အပြင် ကုမ္ပဏီ ၃၃ ခုက စားအုန်းဆီ ၁၃၀၄၈၈ တန် ပြည်ပက ဝယ်ယူထား ပြီးဖြစ်၍ ဖေဖော်ဝါရီလနှင့် မတ်လ အတွင်းတွင် ရောက်ရှိလာမည် ဖြစ်ပါ ကြောင်း၊ ဒီလိုတင်သွင်းမှုတွေ ဆောင် ရွက်ပေးနေသလို တစ်ဖက်နိုင်ငံမှ တရားမဝင် စားသုံးဆီများလည်း ဝင်ရောက်နေသည့်အတွက် ယင်းဆီများ ကို စားသုံးရန် သင့်တော်ခြင်းရှိ/မရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲ ရေးဌာန (FDA)၊ မြန်မာနိုင်ငံ စိုက် ပျိုးရေးအခြေခံစားသောက်ကုန် အသင်း၊ မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်း ရောင်းဝယ်ရေး PTAC ဓာတ်ခွဲခန်းများသို့ နမူနာပေးပို့ စစ်ဆေးခဲ့ကြောင်း၊ ဓာတ်ခွဲစမ်းသပ် စစ်ဆေးတွေ့ရှိချက်များအရ အဆိုပါ အမည်မသိဆီများမှာ အသုံးပြုပြီး သားဆီများကို ပြန်လည်ပြုပြင်ထား သော ဆီများဖြစ်သည်ကို တွေ့ရပြီး မည်သည့်စားသုံးဆီ အမျိုးအစားနှင့်မျှ ကိုက်ညီမှုမရှိသည်ကို တွေ့ခဲ့ရကြောင်း၊ အခုထပ်မံ၍လည်း ဈေးကွက်အတွင်း မှာ ကျန်းမာရေးနှင့် မညီညွတ်သော ဆီများ ဝင်ရောက်နေခြင်းကိုလည်း စိစစ်သွားကြစေလိုကြောင်း၊ ပြည်ပမှ တင်သွင်းသည့် ကုမ္ပဏီများအနေဖြင့် စာချုပ်ပါအရည်အသွေးသတ်မှတ် ချက်များအတိုင်း အရည်အသွေး၊ အလေးချိန်များကို တိတိကျကျ စစ်ဆေးတင်သွင်းပေးရန်နှင့် ဈေးကွက် နိုင်ငံများနှင့် အငြင်းပွားမှုများ ပေါ်ပေါက်လာပါက မသမာမှု ဆောင် ရွက်သည့် လူပုဂ္ဂိုလ်၊ ကုမ္ပဏီများ အပေါ်လည်း အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြိုတင်ပြော ကြားလိုကြောင်း။

နိုင်ငံတော်အစိုးရသစ်လက်ထက် တွင် အဘက်ဘက်က ဖြေလျှော့မှုပေး နေသည့် ယခုလိုအချိန်တွင် ပြည်တွင်း ကူးသန်းရောင်းဝယ်မှုကိစ္စများ၊ ပြည်ပ သို့ တင်ပို့မှု၊ ပြည်ပမှတင်သွင်းမှု စသည့် ကုန်သွယ်မှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ အများပြည်သူ လုပ်သာကိုင်သာ ရှိအောင် စီမံဆောင်ရွက်လျက်ရှိရာ မှာ ကုန်သည်လုပ်ငန်းရှင်များအပိုင်း ကလည်း နိုင်ငံတော်အစိုးရ၏ ဘက် ပေါင်းစုံက ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းများမှာ မိမိတို့ကျရာကဏ္ဍ အလိုက် ပူးပေါင်းပါဝင်ဆောင်ရွက် ကြဖို့ တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ လာမည့်နွေရာသီမှ

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နှင့်အာဆီယံထိပ်သီးညီလာခံ အစည်း အဝေးကျင်းပနိုင်ရေးအတွက် လျှပ်စစ် ဓာတ်အား လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် ရေတိုစီမံကိန်းတစ်ရပ်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် အလုံဓာတ်အားပေး စက်ရုံ၌ Toyo-Thai ကုမ္ပဏီမှ အသစ် တည်ဆောက်လျက်ရှိသော ၁၂၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ စီမံကိန်းတွင် စက်ပစ္စည်းများရောက်ရှိ နေမှု၊ အမှတ်(၁)ဓာတ်ငွေ့တာဘိုင်စက် (LM-6000 PC) တည်ဆောက် တပ်ဆင်နေမှု၊ ၂၃၀ ကေဗွီ အလုံပင်မ ဓာတ်အားခွဲရုံနှင့် ချိတ်ဆက်သွယ် တန်းရန် Switch Yard အသစ် တည်ဆောက်နေမှု၊ အမှတ်(၂) ဓာတ်ငွေ့ တာဘိုင်စက်တပ်ဆင်ရန် Concrete Foundation ဆောင်ရွက် နေမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးသည်။

အလုံဓာတ်အားပေးစက်ရုံအတွင်း အသစ်တည်ဆောက်လျက်ရှိသော ဓာတ်အားပေးစက်များအနက် အမှတ် (၁)စက်သည် မတ် ၃၁ ရက်တွင် လျှပ်စစ်ဓာတ်အား ၄၁ ဒသမ ၅ မဂ္ဂါဝပ် စတင်ထုတ်လုပ်ဖြန့်ဖြူးပေး နိုင်မည်ဖြစ်ပြီး အမှတ်(၂)စက်သည် ဧပြီ ၃၀ ရက်တွင် လျှပ်စစ်ဓာတ်အား ၄၁ ဒသမ ၅ မဂ္ဂါဝပ် ထပ်မံထုတ်လုပ် ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကာ စီမံကိန်း လုပ်ငန်းတစ်ခုလုံးသည် ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် ပြီးစီး၍ လျှပ်စစ် ဓာတ်အား ၁၂၀ မဂ္ဂါဝပ် ထုတ်လုပ် ဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်သည်။

ထိုကဲ့သို့ နိုင်ငံတော်၏ ဓာတ်အား လိုအပ်ချက်များကို ဖြည့်ဆည်းပေး နိုင်ရေးအတွက် ရွာမတွင် ၂၄၀ မဂ္ဂါဝပ်နှင့် အလုံတွင် ၁၂၀ မဂ္ဂါဝပ် စက်ရုံများ တည်ဆောက်အကောင် အထည်ဖော်ဆောင်ရွက်နေသကဲ့သို့ ရွာမ၊ လှော်ကား၊ သာကေတ သဘာဝ ဓာတ်ငွေ့စက်ရုံများတွင်လည်း လျှပ်စစ် ဓာတ်အား ၅၀ မဂ္ဂါဝပ်စီ ထွက်ရှိသော စီမံကိန်းများအား လာမည့်နွေရာသီ အမီ နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ပို့လွှတ် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေ ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ ကြောင်း သိရှိရသည်။

ထို့အပြင် လျှပ်စစ်စွမ်းအားဝန်ကြီး ဌာနအနေဖြင့် ၂၀၁၃ ခုနှစ် မတ်လ အတွင်းကျင်းပမည့် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ လျှပ်စစ် ဓာတ်အား ရရှိသုံးစွဲနိုင်ရေးအတွက် ၂၀၁၃ ခုနှစ် မတ် ၁ ရက်မှစတင်ကာ စာမေးပွဲပြီးဆုံးချိန်ထိ နေ့စဉ် ညနေ ၅ နာရီမှ နောက်တစ်နေ့ နံနက် ၅နာရီ အထိ လျှပ်စစ်ဓာတ်အားပြတ်တောက် မှုမရှိအောင် ဖြန့်ဖြူးပေးနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်း ရရှိသည်။ **(သတင်းစဉ်)**

အာဆီယံဥက္ကဋ္ဌနိုင်ငံ၏ အထိမ်းအမှတ်(Logo) ပြိုင်ပွဲဖိတ်ခေါ်

၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး ထိုကဲ့သို့ တာဝန်ထမ်းဆောင် ချိန်တွင် အသုံးပြုဖော်ပြရန်အတွက် အာဆီယံဥက္ကဋ္ဌတာဝန်ယူမည့် နိုင်ငံ၏အထိမ်းအမှတ် အမှတ်အသား Logo ပြိုင်ပွဲကို ဖိတ်ခေါ်အပ်ပါသည်-

(က) မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ရွေးချယ်ခံရပါက ဆုငွေကျပ် ၁၀၀၀၀၀၀ိ/ (ကျပ်ဆယ်သိန်းတိတိ) ချီးမြှင့်ပါမည်။

(ခ) Logoတွင် မြန်မာ့ယဉ်ကျေးမှုအမှတ်လက္ခဏာများနှင့် အာဆီယံ (၁၀)နိုင်ငံကို ကိုယ်စားပြု ပေါ်လွင် စေရန်အတွက် ပေါင်းစပ်ရေးဆွဲပေးရမည်။

(ဂ) ပြိုင်ပွဲဝင်များသည် မိမိ၏ကိုယ်တိုင်စိတ်ကူးစိတ်သန်းဖြင့် ရေးဆွဲထားသောပုံများဖြစ်ကြောင်း ဝန်ခံချက်ပူးတွဲတင်ပြရမည်။ စိတ်ကူးဒီဇိုင်းတူညီပါက ဦးစွာပေးပို့သောသူကိုသာ အတည်ပြုမည်။

(ဃ) ပြိုင်ပွဲဝင်တစ်ဦးလျှင် ဒီဇိုင်း (၅)မျိုးအထိ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး မိမိတို့၏ (Logo)ဒီဇိုင်းများနှင့် ပတ်သက်၍ ရှင်းလင်းချက်များ ပါရှိရမည်။

(င) ရွေးချယ်မခံရသော ဒီဇိုင်းများကို ပြန်လည်တောင်းယူနိုင်သည်။

(စ) ဆုရွေးချယ်ခံရသော ဒီဇိုင်းများနှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက အာဆီယံ ဥက္ကဋ္ဌတာဝန်အတွက် ထိပ်သီးအစည်းအဝေးကျင်းပရေးဆိုင်ရာ ဆက်ဆံရေးနှင့်ပြန်ကြားရေး ဆပ်ကော်မတီ၏အဆုံးအဖြတ်သာအတည်ဖြစ်သည်။

(ဆ) ရွေးချယ်ခံတံဆိပ်၏တစ်ဦးတည်းမူပိုင်ခွင့်ကို "ဆက်ဆံရေးနှင့် ပြန်ကြားရေးဆပ်ကော်မတီ"က ပိုင်ဆိုင်မည်ဖြစ်ပြီး မူပိုင်ခွင့်အရ တံဆိပ်ကို အမျိုးမျိုးသုံးစွဲပိုင်ခွင့်ရှိစေရမည်။

(ဇ) ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် အမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်အပြည့်အစုံနှင့်တကွ ၅ လက်မ×၅ လက်မအရွယ် အမှတ်တံဆိပ် ဒီဇိုင်းကို A4 စာရွက် ပေါ်၌ ဖော်ပြပေးပို့ရမည်။

(ဈ) ထို့အပြင် ကြော်ငြာဆိုင်းဘုတ်ကြီးများ (Billboards) အထိ အသုံးပြုနိုင်သော အရည်အသွေးမြင့် အမှတ်တံဆိပ်ဒီဇိုင်း Photoshop ဖိုင်ပါဝင်သော CD တစ်ချပ်ကို ပူးတွဲပေးပို့ရမည်။

(ည) ပြိုင်ပွဲဝင်ဒီဇိုင်းများကို (၃၀-၄-၂၀၁၃) ရက်နေ့ ညနေ (၄း၀၀) နာရီ နောက်ဆုံးထား၍ ဦးကျော်စိုး၊ အတွင်းရေးမှူး(၁)၊ အာဆီယံဥက္ကဋ္ဌတာဝန်အတွက် ထိပ်သီးအစည်းအဝေးကျင်းပရေးဆိုင်ရာ ဆက်ဆံရေးနှင့် ပြန်ကြားရေးဆပ်ကော်မတီ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ရုံးအမှတ် (၇)၊ နေပြည်တော်၊ ဖုန်း- ၀၆၇-၄၁၂၃၈၅ သို့ ဆက်သွယ်ပေးပို့ရမည်။

မသန်သော်လည်း စွမ်းသည့် အမျိုးသမီး

ဂျက်ဆီကာကော့စ်သည် မွေးရာပါချို့ယွင်းမှုကြောင့် လက်နှစ်ဖက်မပါဘဲ မွေးဖွားလာခဲ့သူဖြစ်သော်လည်း ဘဝကို အရှုံးမပေးဘဲ အကောင်းဆုံးဖြတ်သန်းနေထိုင်လာ ခဲ့သူ ဖြစ်သည်။

ကော့စ်သည် သာမန်လူတစ်ဦးထက်ပင် အတွေ့အကြုံ ပို၍ရင့်ကျက်သည့်အပြင် အောင်မြင်မှုပန်းတိုင်ကို အပြည့် အဝ ဖန်တီးရယူနိုင်သူတစ်ဦးဖြစ်သည်။ စိတ်ပညာဘွဲ့ ရရှိ ထားသူလည်းဖြစ်သည်။သူမ၏ ခြေထောက်များကို အသုံး ပြု၍ စန္ဒရားတီးခြင်း၊ ကားမောင်းခြင်းနှင့် လေယာဉ်မောင်း ခြင်းတို့ကိုပင် ပြုလုပ်နိုင်သည်။ ကော့စ်သည် ပွဲထိန်းခြေနင်း မပါဘဲ ခြေထောက်များကို လက်ကဲ့သို့ အသုံးပြု၍လေယာဉ် အား ပျံသန်းမောင်းနှင်ခဲ့ သည်။ သူမသည် ပုံမှန်အားဖြင့် ခြောက်လလေ့ကျင့် မောင်းနှင်ရမည့်အစား သုံးနှစ် လေ့ကျင့် မောင်းနှင်၍ လေယာဉ်မောင်းလိုင်စင်ကို ရရှိခဲ့သည်။ ကော့စ်သည် လက်နှစ်ဖက်မပါသည့် အမျိုးသမီး လေယာဉ် မောင်းလိုင်စင်ရသူတစ်ဦး ဖြစ်လာခဲ့သည်။

ကော့စ်သည် ၂၀၁၂ ခုနှစ်တွင် သူမ၏တိုက်ကွမ်ဒို နည်းပြ ဟောင်းတစ်ဦးဖြစ်သူ ပက်ထရစ်နှင့် လက်ထပ်ခဲ့သည်။ ၎င်းတို့ဇနီးမောင်နှံနှစ်ဦးသည် အမေရိကန်နိုင်ငံ အရီဇိုးနား ပြည်နယ် တက်ခ်ဆန်မြို့တွင် နေထိုင်လျက်ရှိသည်။

ယခုအခါ ကော့စ်သည် အသက် (၃၀) အရွယ်ရှိနေပြီ ဖြစ်သည်။ လူတစ်ဦးသည် ပြင်းပြသည့်ဆန္ဒရှိလျှင် အခြေ အနေတစ်ခုကို ပြီးမြောက်အောင်မြင်အောင် ဖန်တီးနိုင်ကြောင်း သူမဘဝကို စံနမူနာထားကာ လူအများအား စိတ်ဓာတ် ကို မြှင့်တင်ပေးသည့် Motivational Speaker အဖြစ် ကမ္ဘာတစ်ဝန်းသို့ လှည့်လည်၍ ဟောပြောခဲ့သည်။ သူမ သည် ယခုလအတွင်း မသန်စွမ်းသူများ အခွင့်အရေးပိုမို ရရှိရေး ကူညီမှုများပေးရန် အီသီယိုးပီးယားနိုင်ငံသို့ အလည် အပတ်သွားရောက်ခဲ့ကြောင်းလည်း သိရသည်။

(ဘာသာပြန်-မာမာစိုး)

နိုင်ငံတကာသတင်း

ချီကာဂိုမြို့၌ ဆီးနှင်းမုန်တိုင်းတိုက် လေကြောင်းခရီးစဉ်များ ဖျက်သိမ်းရ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၃

အမေရိကန်နိုင်ငံ ချီကာဂိုမြို့၌ ဆီးနှင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ယင်းမြို့ရှိလေဆိပ်နှစ်ခုတွင် အတက် အဆင်းပြုလုပ်မည့်လေယာဉ်များ၏ လေကြောင်းခရီးစဉ် ၂၇၀ ခန့်အထိကို ဖျက်သိမ်းလိုက်ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၂၃ ရက်တွင် သတင်း ထုတ်ပြန်သည်။

အမေရိကန် အနောက်အလယ်ပိုင်း ဒေသတစ်ဝန်း တွင် ဆီးနှင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် လေကြောင်း ခရီးစဉ်များကို ဖျက်သိမ်းလိုက်ရသည်။

ချီကာဂိုမြို့ရှိ လမ်းများပေါ်တွင် ဆီးနှင်းများနှင့် ရေခဲများဖုံးလွှမ်းနေပြီး မော်တော်ယာဉ်များ လမ်းချော် သည့် မတော်တဆမှု အများအပြားဖြစ်ပွားခဲ့သည်။

ထိုစဉ်အတွင်း ကင်းဆပ်ပြည်နယ် နိုင်ငံတကာ လေဆိပ်တွင်လည်း ရာသီဥတုဆိုးရွားမှုကြောင့် လေယာဉ် ခရီးစဉ်များကို ဆိုင်းငံ့ထားခဲ့ရသည်။ **ပီတီအိုင်။**

စီကျင်ပင်း၏ ရုရှားခရီးစဉ်မတိုင်မီ တရုတ်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံ

တရုတ်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးများ ဦးဆောင်၍ ဆွေးနွေးပွဲကျင်းပစဉ်။

မော်စကို ဖေဖော်ဝါရီ ၂၃

ယခုနှစ်နှောင်းပိုင်းတွင် တရုတ်နိုင်ငံ၏ ခေါင်းဆောင် သစ် စီကျင်ပင်း၏ ရုရှားနိုင်ငံသို့လာရောက်မည့် ခရီးစဉ် အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် တရုတ်နိုင်ငံခြား ရေးဝန်ကြီး ယန်ကျိချီသည် မော်စကိုမြို့သို့ ရောက်ရှိနေ ကြောင်း၊ ယန်ကျိချီသည် ဖေဖော်ဝါရီ ၂၂ရက်တွင် ရုရှား နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗ်ရော့နှင့်တွေ့ဆုံကာ ဆီးရီးယားပဋိပက္ခ အပါအဝင် ကမ္ဘာလုံးဆိုင်ရာပြဿနာ များကို တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

လာမည့်လတွင်ကျင်းပမည့် တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားပြည်သူ့ကွန်ဂရက်တွင် စီကျင်ပင်းအား သမ္မတ အဖြစ် တင်မြှောက်မည်ဖြစ်သည်။

စီကျင်ပင်းသည် သမ္မတဖြစ်လာပြီးနောက် ရုရှား နိုင်ငံခရီးစဉ်သည် ၎င်း၏ပထမဆုံးသော နိုင်ငံရပ်ခြားခရီး ဟုတ်၊ မဟုတ် ယန်ကျိချီက အတည်ပြုပြောကြားခြင်း မရှိပေ။

တောင်အာဖရိကနိုင်ငံ ဒါဘန်မြို့၌ မတ် ၂၆ရက်နှင့် ၂၇ရက်တို့တွင်ကျင်းပမည့် ကမ္ဘာ့စီးပွားရေးအင်အားသစ် ငါးနိုင်ငံ(ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်၊ တောင် အာဖရိက)၏ ထိပ်သီးအစည်းအဝေးသို့ စီကျင်ပင်း တက် ရောက်မည်ဖြစ်ကာ ရုရှားသမ္မတဗလာဒီမာပူတင်နှင့်အတူ တကွရှိနေမည်ဟု ယန်ကျိချီကပြောကြားသည်။ **ရိုက်တာ။**

တာကဲရှိမနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပမှု တောင်ကိုရီးယားအစိုးရ ဝေဖန်ရှုတ်ချ

တာကဲရှိမနေ့ အခမ်းအနားကျင်းပခြင်းကို တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်၌ ဆန့်ကျင်ဆန္ဒပြကြစဉ်။

ဆိုးလ် ဖေဖော်ဝါရီ ၂၃

ဂျပန်နိုင်ငံ ရှီမန်းပြည်နယ်၌ တာကဲရှိမနေ့ အထိမ်း အမှတ်အခမ်းအနားသို့ အစိုးရအဖွဲ့မှ အထက်တန်းတာဝန် ရှိသူတစ်ဦးကို စေလွှတ်ခြင်းနှင့်ပတ်သက်၍ တောင်ကိုရီး ယားနိုင်ငံသားများက ကန့်ကွက်ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြ ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

စေလွှတ်ခဲ့

ဖေဖော်ဝါရီ ၂၂ ရက်တွင်ကျရောက်သည့် တာကဲ ရှိမနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ဂျပန်အစိုးရအဖွဲ့ မှ အထက်တန်းကိုယ်စားလှယ်တစ်ဦးဖြစ်သူ အီကိုရှိ မာဂျီရီအား စေလွှတ်ခဲ့သည်။ ၎င်းသည် ပါလီမန်ရေးရာ အတွင်းဝန်ဖြစ်ပြီး အခြားသော နိုင်ငံရေးသမားများနှင့် အတူ တာကဲရှိမနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ဆန္ဒပြ

ဂျပန်နိုင်ငံက တာကဲရှိမဟုခေါ်တွင်သော ကျွန်းငယ် နှစ်ကျွန်းကို တောင်ကိုရီးယားနိုင်ငံကလည်း ၎င်းတို့ပိုင်ဆိုင် သည်ဟု ထုတ်ပြန်ကြေညာထားသည်။ ဂျပန်နှင့် တောင် ကိုရီးယား နှစ်နိုင်ငံအကြား ပိုင်ဆိုင်မှုအငြင်းပွားနေသော ကျွန်းနှင့်ပတ်သက်၍ ဂျပန်နိုင်ငံက အထိမ်းအမှတ် အခမ်းအနားကို ကျင်းပခဲ့ခြင်းနှင့်ပတ်သက်၍ တောင် ကိုရီးယားအစိုးရအဖွဲ့က ဝေဖန်ရှုတ်ချခဲ့ပြီး လူထုအခြေပြု အဖွဲ့အစည်းများက မြို့တော်ဆိုးလ်တွင် ဆန္ဒပြပွဲများ ပြုလုပ်ခဲ့ကြသည်။

မြို့တော်ဆိုးလ်အပြင် တောင်ကိုရီးယားနိုင်ငံရှိ အခြားသောမြို့များတွင်လည်း အလားတူ ဆန္ဒပြပွဲများ ပြုလုပ်လာကြမည်ဟု မျှော်လင့်ရသည်။ **ရိုက်တာ။**

လူမှောင်ခိုဂိုဏ်းတစ်ဂိုဏ်းကို မလေးရှားရဲ ဖြိုခွင်း ကလေးငယ် ၂၁ ဦးကို ကယ်တင်ပေးနိုင်

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၃

မလေးရှားရဲတပ်ဖွဲ့သည် လူမှောင်ခိုဂိုဏ်းတစ်ဂိုဏ်း ကို ဖြိုခွင်းကာ အသက်တစ်လမှ ကိုးနှစ်အကြားရှိ ကလေး ငယ် ၂၁ ဦးကို ကယ်တင်ပေးနိုင်ခဲ့ကြောင်း၊ လူမှောင်ခို ဂိုဏ်းဝင် ၄၃ ဦးကို ဖမ်းဆီးခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၂၃ ရက်တွင် သတင်း ထုတ်ပြန်သည်။

မလေးရှားနိုင်ငံရှိ ပြည်နယ်ခုနစ်ပြည်နယ်၌ လူ မှောင်ခို တိုက်ဖျက်ရေးစစ်ဆင်ရေးလုပ်ငန်းကို ရဲတပ်ဖွဲ့ဝင် များက တစ်ချိန်တည်း တစ်ပြိုင်တည်း ဆင်နွှဲခဲ့ကြောင်း၊ ယောကျ်ားလေး ၁၀ ဦးနှင့် မိန်းကလေး ၁၁ ဦးကို ရဲတပ်ဖွဲ့ က လူမှောင်ခိုကူးခံရမည့်ဘေးအန္တရာယ်မှ ကယ်တင်ပေး နိုင်ခဲ့ကြောင်း ပီနန်ပြည်နယ်ရဲတပ်ဖွဲ့အကြီးအကဲ အဗ္ဗဒူလ် ရာမန်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

လူမှောင်ခိုဂိုဏ်းမှ ဂိုဏ်းဝင်များကို လူမှောင်ခိုမှု တိုက်ဖျက်ရေး အက်ဥပဒေအရ အရေးယူနိုင်ရန် စစ်ဆေးမှု ပြုလုပ်လျက်ရှိသည်။ **ပီတီအိုင်။**

Royal School of Myanmar
Practical Business Management Course

သင်ကြားပေးမည့် ဘာသာရပ်များမှာ–

BASIC LEVEL တွင်

- Understanding Business
- Management Defined
- Functions of Management
- Managerial Skills
- Communication Skills
- Motivation & Retention
- Decision Making Skills
- Working in Administration
- Time Management Skills
- Effective Meeting Skills စသည့် စီမံခန့်ခွဲမှုဆိုင်ရာပညာရပ်များအပြင်
- Business Etiquette & Diplomacy
- Business Negotiation
- Business Law in Myanmar
- What types of business will be more beneficial for entrepreneurs in Myanmar economy?
- Myanmar Economy beyond 2013 (မကြာမီမြန်မာနိုင်ငံတွင်ပေါ်ထွန်းလာတော့မည့် Stock Market, Bond Market, Special Economic Zone, FDI, etc...) စသည့် စီးပွားရေးဆိုင်ရာလုပ်ငန်းရပ်များကိုပါ နိုင်ငံတကာ အတွေ့အကြုံများနှင့်နှိုင်းယှဉ်သင်ကြားပို့ချပေးသွားပါမည်။

➢ မိမိတို့၏စီးပွားရေးလုပ်ငန်းများကို နိုင်ငံတကာနှင့်ရင်ဘောင်တန်းလုပ်ကိုင်နိုင်ရန်အတွက် မဖြစ်မနေ တက်ရောက်သင့်သည့်သင်တန်းဖြစ်ပါသည်။

➢ သင်တန်း၏ထူးခြားချက်မှာ သီအိုရီသက်သက်သင်ကြားခြင်းမဟုတ်ဘဲ လက်တွေ့လုပ်ငန်းခွင်တွင်ထိရောက်စွာအသုံးချနိုင်ရန် လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပါသည်။

➢ အတွေ့အကြုံရင့်ကျက်သောအငြိမ်းစား ပါမောက္ခကြီးများ၊ သံအမတ်ကြီးများနှင့်စီးပွားရေးပါရဂူ ဘွဲ့ရပညာရှင် များကသင်ကြားပို့ချပေးသွားမည့်သင်တန်းဖြစ်ပါသည်။

➢ Starting on 4th March 2013!

ENROLL NOW!

No.355, Room 606, Shine Condo, Thein Phyu Road, MingalarTaungNyunt Township, Yangon.
Ph: 09 73204820, 09 420105422, E-mail: rsm.edu.myr@gmail.com

ပြည်တွင်းရေးရာ

❖ ဟံသာဝတီမှ

မပြုသေးဘဲ အခမဲ့ဝင်ထွက်ခြင်းကို ခွင့်ပြုသွားမှာဖြစ်ပြီး ယာဉ်ဝင်ခ ကောက်ခံပါကလည်း သင့်တင့်မျှတတဲ့ နှုန်းထားနဲ့သာ ကောက်ခံသွားမှာပါ။ စခန်းအတွင်းမှာရှိတဲ့ တရားဝင်မှတ်ပုံတင်ထားတဲ့ ဆိုင်လုပ်ငန်းရှင်တွေကိုလည်း ထိခိုက်နစ်နာမှုမရှိစေရေး အတွက်လည်း အတတ်နိုင်ဆုံးစီစဉ်ပေးသွားမှာပါ။ ပြောင်းရွှေ့သွားမယ့် မော်တော်ယာဉ်တွေကိုလည်း လောလောဆယ် နံနက် ၆ နာရီကနေ ညနေ ၆ နာရီအထိ အခမဲ့ ယာဉ်ဝင်/ထွက် ရပ်နားခွင့်ပြုသွားပြီး ညအိပ်ရပ်နားခွင့်လည်း ပြုသွားမှာပါ”ဟု ပြောပြသည်။

ဆက်လက်၍ ၎င်းက “မြို့ပြဖွံ့ဖြိုးမှု လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး တည်ဆောက်ရာမှာလည်း ယာဉ်ရောင်းဝယ်မှု အစီအစဉ်တွေကို ထည့်သွင်းဆောင်ရွက်ပေးသွားမှာပါ။ အဲဒီစီမံကိန်းကြီးရဲ့ အမည်ကတော့ Yangon Car Plaza ဖြစ်ပြီး Plaza မှာနေထိုင်သူတွေ၊ အသုံးပြုသူတွေ အတွက် ယာဉ်စီးရေ ၆၀၀ ကျော် ရပ်နားနိုင်တဲ့ ၁၉၀၄၀ စတုရန်းမီတာ ကျယ်တဲ့ ယာဉ်ရပ်နားနိုင်တဲ့နေရာလည်း ပါဝင်ပါတယ်။ ဒ့ါအပြင် ယာဉ်ရောင်းဝယ်ရေးလုပ်ငန်းတွေအတွက်ကတော့ ယာဉ်စီးရေ ၆၀၀ ကျော် ခင်းကျင်းပြသ ရောင်းချနိုင်မယ့် အရောင်းပြခန်း ၅၂ ခန်းနဲ့ ယာဉ်စီးရေ ၅၀၀ နီးပါးခန့်မည်သူမဆို လာရောက်ရပ်နား ရောင်းဝယ်နိုင်ဖို့အတွက် ၁၄၂၂၈ စတုရန်းမီတာ အကျယ် ယာဉ်ရပ်နားဖို့နေရာပါ ပါတဲ့အတွက် ယာဉ်စီးရေ ၁၀၀၀ ကျော်ရပ်နားပြီး ရောင်းဝယ်သွားနိုင်မှာပါ”ဟု ထပ်မံရှင်းပြသည်။

ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်းရှိ မြန်မာမော်တော်ကားရောင်းဝယ်ရေးအသင်းချုပ် (ဗဟို) ရန်ကုန်မှ ဥက္ကဋ္ဌဖြစ်သူ ဦးအောင်သန်းဝင်းက “ကျွန်တော်တို့ ယာဉ်ရောင်းဝယ်ရေးလုပ်ကြတဲ့သူတွေက ဒီကြံတောသချိုင်းမြေမှာ ၁၉၉၇ ခုနှစ်ကတည်းက စလုပ်လာတာပါ။ ကျွန်တော်တို့ လုပ်ငန်းတွေကို အုတ်ဂူတွေပေါ်မှာ လုပ်လာခဲ့ကြတယ်။ ပြီးခဲ့တဲ့နှစ် မေလမှာ မြို့တော်ဝန်နဲ့ ဦးကျော်စိုးတို့က အဲဒီနေရာမှာ အဆင့်မြင့်မြို့ပြစီမံကိန်းလုပ်မယ်၊ အဆောက်အအုံတွေ ဆောက်လုပ်နေတဲ့အချိန်မှာ အဲဒီအနီးအနားမှာ နေရာခေတ္တပြောင်းရွှေ့ပေးမယ်လို့ ပြောခဲ့ပါတယ်။ အဲဒီမှာ ဆောက်လုပ်ပြီးရင် အဲဒီကလူတွေကို ဦးစားပေးစနစ်နဲ့ တန်ရာတန်ကြေးနဲ့ရောင်းချပေးပါမယ်လို့ပြောပါတယ်။ ဒါပေမယ့် အခုတော့ ဖေဖော်ဝါရီ ၁၆ ရက်မှာ စည်ပင်က မေတ္တာရပ်ခံကြေညာချက်ဆိုပြီး ကြေညာချက်စာစောင် လာဝေသွားတယ်။ အဲဒီကြေညာချက်ထဲမှာ ဖေဖော်ဝါရီ ၂၀ ရက် နောက်ဆုံးထားပြီး သီရိမင်္ဂလာဈေးဟောင်းကို ပြောင်းရွှေ့ရမယ်လို့ ရေးထားတယ်။ ကျွန်တော်တို့က ယာယီလိုက်ပြီးပြောင်းရွှေ့နေရတာ (၁၅)နှစ်လောက်ရှိပြီ။ ဒီအချိန်မှာ တည်တည်တံ့တံ့ဖြစ်စေချင်ပြီ။ နေရာလေးကောင်းလာရင် ကျွန်တော်တို့က ဖယ်ပေးနေရတယ်။ ဒီဝင်းထဲမှာလည်း ဝယ်ရောင်းတွေ၊ အကျိုးဆောင်တွေ၊ လက်ပွေ့ဈေးသည်တွေနဲ့ မိသားစုတွေပါ ပေါင်းလိုက်ရင် လူဦးရေ သုံးသောင်းလောက်က မှီခိုနေရတာ၊ ကျွန်တော်တို့ ယာဉ်ရောင်းဝယ်ရေးစခန်းဟာ အခွန်ငွေတွေကိုလည်း အပြည့်အဝပေးသွင်းသလို ဘာသာရေး၊ လူမှုရေးလုပ်ငန်းတွေကိုလည်း အမြဲလှူဒါန်းနေတာပါ။ ကျွန်တော်တို့က Show Room တွေ မတတ်နိုင်ပါဘူး။ အများပြည်သူလွတ်လွတ်လပ်လပ် ရောင်းဝယ်ဖောက်ကားလို့ရတဲ့နေရာမျိုးကို လိုချင်တယ်”ဟု ယာဉ်ရောင်းဝယ်ရေးစခန်းရှိ အခြေအနေများကို ရှင်းပြသည်။

ဟံသာဝတီ ယာဉ်ရောင်းဝယ်ရေးစခန်းမပြောင်းရွှေ့ရေး ကော်မတီ ဥက္ကဋ္ဌ ဦးမင်းကိုမြင့်ကလည်း “ကျွန်တော်တို့ မပြောင်းရွှေ့ရေး ကော်မတီကို ဖွဲ့စည်းပြီး ဆန္ဒထုတ်ဖော်ရေးကော်မတီကိုလည်း ဖွဲ့စည်းခဲ့တယ်။ ကျွန်တော်တို့ကို ယာယီပြောင်းရွှေ့ပေးပါလို့ပြောတယ်။ အဲဒါက အာမခံချက်မရှိဘူး။ ဒီဝင်းထဲမှာက ဝယ်ရောင်းအကျိုးဆောင်နဲ့၊ ဈေးဆိုင်တွေနဲ့ ရေဆေးဆီထိုးသမားတွေက သိုက်သိုက်ဝန်းဝန်းရှိတယ်။ ဒီလို ပြောင်းရွှေ့လိုက်တဲ့အတွက် အောက်ခြေအလုပ်သမားတွေ အလုပ်လက်မဲ့ဖြစ်သွားနိုင်တယ်။ ဖွံ့ဖြိုးအောင်လုပ်ရင် လက်ခံတယ်”ဟု ပြောပြသည်။

ဆန္ဒထုတ်ဖော်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်မြင့်က “အခု ဂျာနယ်တွေက ဖေဖော်ဝါရီ ၂၈ ရက်မှာ ကျွန်တော်တို့က ပြောင်းရွှေ့ပေးမယ့်ပုံစံမျိုး ရေးနေကြတယ်၊ ၂၈ ရက်မှာ မပြောင်းပါဘူး၊ ဆက်လက်ဆွေးနွေးဖို့တောင်းဆိုသွားမယ်၊ အားလုံးက မပြောင်းချင်ကြဘူး၊ ကျွန်တော်တို့ ၂၆ ရက်မှာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရှေ့၊ ၂၇ ရက်မှာ မြို့တော်ခန်းမရှေ့နဲ့ ၂၈ ရက်မှာ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းမကြီးပေါ်မှာ ထပ်ပြီး ဆန္ဒထုတ်ဖော်ဖို့ သက်ဆိုင်ရာကို စာတင်ပြတောင်းဆိုထားပါတယ်”ဟု ပြောပြသည်။

ဟံသာဝတီ ယာဉ်ရောင်းဝယ်ရေးစခန်းကို တွေ့ရစဉ်။

သီရိမင်္ဂလာ ဈေးဟောင်းသို့ ပြောင်းရွှေ့၍ ကားကြီးအရောင်းအဝယ် လုပ်နေသူတစ်ဦးကလည်း “ကျွန်တော်ဒီကို ၁၈ ရက်နေ့ကစပြီး ပြောင်းလာပါတယ်။ ဟံသာဝတီကားဝင်းမှာက ကျွန်တော်တို့အတွက် နေရာမရှိဘူး၊ လမ်းဘေးမှာ ရောင်းဝယ်နေရတယ်။ အဲဒီလမ်းပေါ်မှာ မထားချင်ဘဲ ထားနေရတယ်။ ညဘက်မှာ အန္တရာယ်ရှိတယ်။ အခုလို နိုင်ငံတော်က စီစဉ်ပေးတာကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ရဲ့ ကုသိုလ်ကြောင့်လားမသိဘူး၊ ၂၀ ရက်နေ့ကတစ်စီး၊ ၂၁ ရက်နေ့က တစ်စီး အရောင်းအဝယ်ဖြစ်တယ်။ ဒ့ီပြင် ဝယ်၊ ရောင်းသမားတွေလည်း အရောင်းအဝယ်ဖြစ်ပါတယ်။ အခုဒီမှာ ကားအရောင်းအဝယ်သမား ၁၀ ယောက်ကျော်လောက်ရှိပြီး ဟံသာဝတီဝင်းထဲမှာတည်းက လုပ်လာခဲ့ကြတဲ့သူတွေပါ။ ယခုဒီမှာ အိမ်သာ၊ ရေ၊ မီး အဆင်ပြေပါတယ်။ ဒါပေမယ့် ကားရေဆေး၊ ဆီထိုးသမားတွေအတွက်ကိုလည်း အဆင်ပြေအောင် လုပ်ပေးသင့်ပါတယ်။ ကျွန်တော်တို့အတွက်ချည်းမဟုတ်ပါဘူး”ဟု သူ၏အတွေ့အကြုံသစ်ကို ပြောပြသည်။

သီရိမင်္ဂလာ ဈေးဟောင်းသို့ ပြောင်းရွှေ့၍ ကားအရောင်းအဝယ်လုပ်နေသူ ကိုကျော်ခိုင်က “သီရိမင်္ဂလာ ဈေးဟောင်းကို မပြောင်းရင် ပိုကောင်းတာပေါ့၊ တကယ်တမ်းကျတော့ ကားအရောင်းအဝယ်မိတ်တွေက ဒီမှာပဲရှိတာ၊ ဟိုမှာက ကားသွားထားပြီး နေရာသွားဦးထားတဲ့သဘောပါပဲ၊ နေရာပြောင်းရင် ဈေးကွက်အသစ် ပြန်စရမယ်၊ သီရိမင်္ဂလာဈေးမှာက အိမ်သာလည်းနည်းတယ်၊ မီးပျက်ရင်လည်း ကားကြည့်ရတာအဆင်မပြေဘူး၊ ဒီဝင်းကြီးကတော့ အကောင်းဆုံးပေါ့၊ မပြောင်းနိုင်တဲ့သူတွေကတော့ ဆန္ဒထုတ်ဖော်ကြတာပေါ့၊ ကျွန်တော်တို့ကတော့ ကြားနေပါတယ်၊ ဒီစီမံကိန်းကြီးကြောင့် အားလုံး အဆင်ပြေရင်ကောင်းပါတယ်၊ စီမံကိန်းကြောင့် ဈေးကွက်ပျက်သွားမှာကိုတော့ မလိုလားပါဘူး”ဟု ပြောပြသည်။

စမ်းချောင်းမြို့နယ်မှ အငှားယာဉ်မောင်း ကိုထင်လင်းက “အရင်နေရာကတော့ ကျယ်ကျယ်ဝန်းဝန်းရှိတယ်၊ ယခု သီရိမင်္ဂလာဈေးနေရာကတော့ ကားထားရန်အထပ်များပြီး ကားဝယ်/ရောင်းသမားများအတွက် မိုးလုံလေလုံရှိပြီး စည်းကမ်းတကျဖြစ်စေမယ်လို့ ဆိုပေမယ့် လက်ရှိလုပ်ကိုင်စားသောက်နေကြတဲ့ကားရေဆေး/ဆီထိုး သမားများအတွက် အခက်အခဲဖြစ်စေမယ့် အပြင် နေရာကကျဉ်းတဲ့အတွက်ကြောင့် ကားလမ်းကြောင်း ကျပ်တည်းမှု ဖြစ်စေနိုင်တယ်လို့လည်း မြင်ပါတယ်”ဟု သူ၏အမြင်ကို ကြားသိခဲ့ရသည်။

ကိစ္စများမြောင် လူတို့ဘောင်ဝယ် ကိစ္စ အကြောင်းခြင်းရာတစ်ခု ဖြစ်တည်လာပါက ကြိုက်သူ၊ မကြိုက်သူ၊ ထောက်ခံသူ၊ မထောက်ခံသူများ ပေါ်လာစမြဲပင်၊ ပြည်သူကို ဗဟိုပြုသည့် မျက်မှောက်ကာလတွင် ပြည်သူများကိုယ်တိုင် သုံးသပ်ဆုံးဖြတ်နိုင်ရန်အတွက် နှစ်ဖက်လုံး၏အသံများကို စုစည်းတင်ပြလိုက်ရပါသည်။ ။

ဓမ္မစေတီလမ်း (ပြည်လမ်းမှ ဟားကရာလမ်းအပိုင်း) တစ်လမ်းမောင်းအဖြစ် ပြောင်းလဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ဓမ္မစေတီလမ်း (ပြည်လမ်းမှ ဟားကရာလမ်းအပိုင်း)ကို ဖေဖော်ဝါရီ ၂၂ ရက်မှစ၍ ပြည်လမ်းဘက်မှ ဟားကရာလမ်းဘက်သို့ တစ်လမ်းမောင်းအဖြစ် ပြောင်းလဲလိုက်ပြီဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာကော်မတီမှ အသိပေးကြေညာထားသည်။

(သတင်းစဉ်)

❍အမေရိကန်မှ

အမေရိကန်ဘဏ္ဍာရေးဌာနက မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်နှင့် ရောဝတီဘဏ်တို့ကို အထွေထွေလိုင်စင်တစ်ခု ထုတ်ပြန်ပေးခဲ့ပြီး အဆိုပါခွင့်ပြုချက်အရ ငွေစာရင်းဖွင့်ခြင်း၊ ငွေစာရင်းအပ်နှံခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှုဆိုင်ရာကိစ္စများကို ဆောင်ရွက်ခွင့်ရရှိမည်ဖြစ်သည်။

ယခုကဲ့သို့ ငွေကြေးထုတ်သွင်းခွင့်ပြုလိုက်ခြင်းသည် အမေရိကန်ကုမ္ပဏီများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်း(အင်န်ဂျီအို)များ၏ လုပ်ငန်းများအဆင်ပြေလွယ်ကူစေရန်အတွက် ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ဘဏ္ဍာရေးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းဆောင်ရွက်မှုများနှင့် တိုးမြှင့်ဆက်ဆံခွင့်ပြုခြင်းအားဖြင့် အမေရိကန်ကုမ္ပဏီများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏လုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရန် အထောက်အကူပြုမည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးစေရန်လည်း ပံ့ပိုးပေးရာရောက်ကြောင်းနှင့် မြန်မာလူမျိုးများအတွက် ပိုမိုကောင်းမွန်သော အနာဂတ်ဖော်ဆောင်နိုင်စေရန် အထောက်အကူပြုမည်ဖြစ်ကြောင်း အမေရိကန်ဘဏ္ဍာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံနှင့် သံတမန်အဆက်အသွယ်များ ပြန်လည်ပြုလုပ်လာပြီး သမ္မတဦးသိန်းစိန်အစိုးရ ၂၀၁၁ ခုနှစ် မတ်လမှစ၍ တာဝန်ယူပြီး နောက်ပိုင်း ပြုပြင်ပြောင်းလဲမှုများကို တုံ့ပြန်သည့်အနေဖြင့် ၂၀၁၂ ခုနှစ် ဇူလိုင်လမှစ၍ အရေးယူပိတ်ဆို့မှုများကို လျှော့ပေါ့ပေးလာခဲ့သည်။

ဆင်ဟွာ။

အင်းစိန် - မော်ဘီယာဉ်လိုင်း တိမ်းမှောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၈ နာရီ ၄၅ မိနစ်ခန့်တွင် ရန်ကုန်-အင်းစိန်လမ်းမ လှိုင်မြို့နယ် သံလမ်းမှတ်တိုင်အနီး ဓမ္မသုခကျောင်းလမ်းထိပ်၌ အင်းစိန်ဘက်မှ မောင်းနှင်လာသော ယာဉ်အမှတ် (ဘ/----) ဟိုင်းလတ်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ**(အောက်ပုံ)** ယာဉ်ပေါ်ပါခရီးသည် အမျိုးသား ၁၀ ဦး၊ အမျိုးသမီးခြောက်ဦး ဒဏ်ရာများရရှိပြီး အဆိုပါလူနာများအား ယာဉ်ထိန်းတပ်ဖွဲ့ အရေးပေါ်ကယ်ဆယ်ရေးတပ်စိတ်မှ ရဲအုပ် မိုးကျော်ကျော်နှင့်အဖွဲ့က အခင်းဖြစ်ရာသို့ ရောက်ရှိပြီး အရေးပေါ်လူနာတင်ယာဉ်ဖြင့် ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သည်။ နောက်ဆက်တွဲသတင်းအရ အသက် (၃၉) နှစ်ခန့် အမျိုးသားတစ်ဦးမှာ ဆေးရုံ၌ သေဆုံးသွားပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

ရန်နိုင်ဝင်း(လှိုင်)

မြန်မာပုလဲနဂါး Travels & Tours Co., Ltd.

MPD ၏ ပျော်ရွှင်ဖွယ် ခရီးစဉ်များ

Hot Lines:
01-2300916
09-73048157
09-5092343

No.72, 1st Floor, 14th Street, Lanmadaw Township, Yangon, Myanmar
Email- info@myanmarpearldragon.com Fax: 01-2300916



English for Young Learners (Ages 7-15) with Native Speakers

Limited places. Enrol by 3 March!

Phone: 09 7316 2586, 01 500 464, 09 42111 9895
www.facebook.com/edulink.aus
Building 6, Junction Square, Kamaryut Township, Yangon

မွေးကင်းစကလေးငယ်များနှင့် အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေး

ဒေါက်တာခင်ခင်ထွေး

ယခုနှစ် ဇန်နဝါရီလက ကျင်းပခဲ့သော(၄၁)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ၌ ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ဦးရဲမြင့်ကျော် ဖတ်ကြားခဲ့သော "လက်ရှိမြန်မာနိုင်ငံမှ ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် အနာဂတ်အလားအလာ"ဟု အမိပ္ပာယ်ရသော စာတမ်းတွင် "၂၀၀၇ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ မြန်မာနိုင်ငံသို့ GAVI Project (Global Alliance for Vaccine Immunifation) မှ (ဘီ)ပိုးကာကွယ်ဆေးများ လှူဒါန်းခဲ့သောကြောင့် မွေးကင်းစကလေးငယ်များအား ၂၀၁၀ ခုနှစ်တွင် ၉၀ ရာခိုင်နှုန်းအထိ (ဘီ)ပိုးကာကွယ်ဆေးများ ထိုးပေးနိုင်ခဲ့သော်လည်း ၂၀၁၁ ခုနှစ်မှစ၍ (ဘီ)ပိုး ကာကွယ်ဆေးများ လှူဒါန်းခြင်း Project ရပ်ဆိုင်းသွားသောကြောင့် မွေးကင်းစကလေးငယ်များ၏ ၃၈ ရာခိုင်နှုန်းသာ (ဘီ)ပိုးကာကွယ်ဆေးထိုးပေးနိုင်ခဲ့ကြောင်း" တင်ပြထားသည်ကို မှတ်သားခဲ့ရပါသည်။

ဆက်လက်ပြီး လေ့လာသိရှိခဲ့ရသည်မှာ "GAVI Project မှနေ၍ ယခင်ကကဲ့သို့ မွေးကင်းစကလေးငယ်များအတွက် (ဘီ)ပိုးကာကွယ်ဆေးတစ်မျိုးတည်းကို မလှူဒါန်းတော့ဘဲ ၂၀၁၂ ခုနှစ် အောက်တိုဘာလမှ စတင်ပြီး ငါးမျိုးစပ် ကာကွယ်ဆေး(မေးခိုင်၊ ဆုံဆို့၊ ကြက်ညှာချောင်းဆိုး၊ (ဘီ)ပိုးနှင့် ဦးနှောက်အမြှေးရောင် ကာကွယ်ဆေး)ကို ပြောင်းလဲလှူဒါန်းခဲ့ကြောင်းနှင့် ထိုငါးမျိုးစပ် ကာကွယ်ဆေးသည် မွေးကင်းစအရွယ်တွင် မထိုးရဘဲ ကလေးအသက် တစ်လခွဲမှသာ စတင်ထိုးနှံရမှာဖြစ်ကြောင်းနှင့် ယခုလက်ရှိ မြန်မာနိုင်ငံတွင် ထိုငါးမျိုးစပ် ကာကွယ်ဆေးကို ကလေးအသက် ၂၊ ၄၊ ၆ လများတွင် ထိုးနှံပေးနေပြီဖြစ်ကြောင်း"လည်း လေ့လာခဲ့ရပါသည်။

မြန်မာနိုင်ငံတွင် ငါးမျိုးစပ်ကာကွယ်ဆေးများ စတင်ထိုးနှံသည့်အချိန်မှစ၍ စာရေးသူထံ ကလေးမိခင်များ ဖုန်းဖြင့် မကြာခဏ မေးမြန်းလာကြပါသည်။ ၎င်းတို့၏ သားသမီးများကို ငါးမျိုးစပ်ကာကွယ်ဆေးများ ထိုးနှံရမည်ဖြစ်သောကြောင့် မွေးကင်းစအရွယ်တွင် (ဘီ)ပိုးကာကွယ်ဆေး ထိုးသင့်/မသင့်နှင့် အကယ်၍ထိုးခဲ့သော် အန္တရာယ်ဖြစ်နိုင်/မဖြစ်နိုင်များကို မေးမြန်းလာကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် စာရေးသူအနေဖြင့် အထူးအကြံပြုလိုသည်မှာ နိုင်ငံတော်မှ ကလေးများအတွက် ငါးမျိုးစပ်ကာကွယ်ဆေးကို ထိုးနှံပေးသည်မှာ ကောင်းသောစီမံချက်ဖြစ်သလို မိမိ၏ ကလေးငယ်များအတွက် မွေးကင်းစအရွယ်တွင် (ဘီ)ပိုးကာကွယ်ဆေးကိုလည်း တတ်နိုင်သရွေ့ အမြန်ဆုံး ထိုးထားသင့်ပါကြောင်း တင်ပြလိုပါသည်။ သို့မှသာ မွေးကင်းစအရွယ်မှ ငါးမျိုးစပ်ကာကွယ်ဆေး မထိုးမီ စပ်ကြား ကလေးငယ်အား (ဘီ)ပိုးရောဂါကူးစက်ခံရမှုမှ ကင်းဝေးနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတကာတွင် အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးကို မွေးကင်းစအရွယ်မှစတင်၍ ထိုးနှံပေးလျက်ရှိပါသည်။ အကြောင်းရင်းမှာ မိခင်ဝမ်းတွင်းမှ မွေးဖွားလာသည့်အရွယ်မှစ၍ (ဘီ)ပိုး ရောဂါကူးစက်နိုင်သောကြောင့် ဖြစ်ပါသည်။ (ဘီ)ပိုး၏ အရွယ်အစားသည် သန္ဓေသားလောင်းသို့ ဝင်ရောက်သည့်လမ်းကြောင်းထက် အရွယ်အစားကြီးသောကြောင့် မွေးလမ်းကြောင်းမှတစ်ဆင့် သန္ဓေသားသို့ မကူးစက်နိုင်ပါ။ မွေးဖွားပြီးချိန်မှသာ လွယ်ကူလျင်မြန်စွာ ကူးစက်နိုင်ပါသည်။ ထို့ကြောင့် မွေးကင်းစအရွယ်မှစ၍ အတတ်နိုင်ဆုံး(ဘီ)ပိုးကာကွယ်ဆေးကို ထိုးနှံကြခြင်း ဖြစ်ပါသည်။

ယနေ့ကမ္ဘာပေါ်တွင် ထုတ်လုပ်ပြီးသမျှ ကာကွယ်ဆေးများကို အကြမ်းဖျင်းအားဖြင့် လေးမျိုးခွဲခြားနိုင်ပါသည်။ ၎င်းတို့မှာ (၁) ရောဂါပိုးအရှင်ဖြင့် ပြုလုပ်ထားသော ကာကွယ်ဆေး၊ (၂) ရောဂါပိုးကို မသေမရှင်မြုံနေအောင် ပြုလုပ်ပြီးမှ ထုတ်လုပ်ထားသော ကာကွယ်ဆေး၊ (၃) ရောဂါပိုးကို သေအောင်ပြုလုပ်ပြီးမှ ထုတ်လုပ်ထားသော ကာကွယ်ဆေးနှင့် (၄)ရောဂါပိုးထဲမှ အမှန်တကယ်ခုခံမှုစွမ်းအား Antibody ကိုသာ ထုတ်လုပ်ပေးနိုင်သော မျိုးဗီဇ DNA ပိုင်းကိုသာ ရွေးချယ်၍ Genetic Engineering နည်းပညာဖြင့် ထုတ်လုပ်ထားသော ကာကွယ်ဆေးတို့ ဖြစ်ပါသည်။ လက်ရှိ မြန်မာနိုင်ငံစက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်လျက်ရှိသော အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးသည် နံပါတ်လေးအမျိုးအစားမှ ထုတ်လုပ်ထားသော ကာကွယ်ဆေးဖြစ်ပါသည်။ ထို့ကြောင့် မွေးကင်းစကလေးငယ်များအတွက် အသုံးပြုမည်ဆိုပါက (ဘီ)ပိုးအတွက် ထိရောက်စွာ ကာကွယ်နိုင်ပြီး အခြားဘေးထွက်ဆိုးကျိုးများ ဆိုးဆိုးရွားရွားမရှိဘဲ အန္တရာယ်ကင်း၍ ထိရောက်သည့်ကာကွယ်ဆေးတစ်မျိုးဖြစ်ပါသည်။

အသည်းရောင်အသားဝါ(ဘီ)ပိုးသည် အခြားရောဂါပိုးများနှင့် မတူပါ။ မထင်မှတ်သောအချိန်တွင် လွယ်ကူလျင်မြန်စွာ ကူးစက်နိုင်သည့် ကြောက်စရာကောင်းသော ဗိုင်းရပ်စ်ပိုးတစ်မျိုးဖြစ်ပါသည်။ လက်ရှိ မြန်မာနိုင်ငံတွင် (ဘီ)ပိုးကူးစက်ခံထားရသူများမှာ ၁၀ ရာခိုင်နှုန်းနှင့် အထက်တွင်ရှိပါသည်။ ထို့ပြင် ကလေးငယ်များတွင် (ဘီ)ပိုးရောဂါကူးစက်မှုခံရပါက ၉၀ ရာခိုင်နှုန်းကျော်သည် နာတာရှည်အသည်းရောင်အသားဝါ (ဘီ)ရောဂါသည်များအဖြစ် ရောက်ရှိနိုင်ပါသည်။ ထို့ကြောင့် ကလေးငယ်များအား နိုင်ငံတော်စီမံချက်ဖြင့် သတ်မှတ်ထားသော အရွယ်တွင် ငါးမျိုးစပ်ကာကွယ်ဆေးထိုးရမည်ဖြစ်သော်လည်း မွေးကင်းစကလေးငယ်များတွင်လည်း (ဘီ)ပိုး ကာကွယ်ဆေးကို ထိုးထားသင့်ပါကြောင်းနှင့် ထိုးလိုက်သည့်အတွက်လည်း အန္တရာယ်မဖြစ်နိုင်ပါကြောင်း စေတနာထား၍ တင်ပြလိုပါသည်။ ။

တန် ဖိုး ရှိ လှ လူ ငယ် ဘ ဝ မူး ယစ် ကင်း စင် ကျန်း မာ မှ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ နှစ်ပတ်လည်အစည်းအဝေးဆုံးဖြတ်ချက် ထပ်ဆင့်ရှင်းလင်း

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ၂၀၁၂ ခုနှစ် နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီရုံးအစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်ကျင်ခိုင်က အမှာစကားပြောကြားပြီး နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးက နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းများဆောင်ရွက်မှုအပေါ် အားနည်းချက်/အားသာချက်များကို သုံးသပ်တင်ပြကာ အတွင်းရေးမှူး ဒေါ်ဝင်းဝင်းခိုင်ကနှစ်ပတ်လည်အစည်းအဝေးမှချမှတ်သော ရှေ့လုပ်ငန်းစဉ်(၁၂)ရပ်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီမှ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့သို့ ငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးက လက်ခံပြီး ရေကြောင်းပညာတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေသည့် လယ်ဝေးမြို့နယ်မှ မယုယုငြိမ်းဖော်အား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဒုတိယနှစ် ပညာသင်စရိတ်ထောက်ပံ့ငွေကျပ် လေးသိန်းကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်ကျင်ခိုင်က ပေးအပ်လှူဒါန်း၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရှစ်မြို့နယ်မှ အမျိုးသမီးရေးရာအဖွဲ့၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးခဲ့သည်။ နေပြည်တော်ကောင်စီမှ နေပြည်တော် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့သို့လည်း ငွေကျပ်သိန်း ၅၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာပေးရှင်းလင်း

သရက် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် နိုင်ငံတကာ မိသားစုစီမံကိန်းအဖွဲ့အစည်းတို့ ပူးပေါင်းကျင်းပမည့် လူထုအတွင်း ကျန်းမာရေးမြှင့်တင်ခြင်းနှင့် ရောဂါကာကွယ်တားဆီးခြင်း စီမံချက် တစ်နှစ်တာ လုပ်ငန်းဆန်းစစ်ခြင်းကို ဖေဖော်ဝါရီ ၂၂ ရက်က မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်သက်သက်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ အသင်းအလုပ်အမှုဆောင်ညွှန်ကြားရေးမှူးက စီမံချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ အောင်လံမြို့နယ်ဆေးရုံအုပ်ကြီးက စီမံချက်နှင့်စပ်လျဉ်း၍ လုပ်ဆောင်နေမှုများနှင့် နောင်ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့ပြင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ လူနာများ ညွှန်းပို့နိုင်ရန် ငွေကျပ်တစ်သိန်း လှူဒါန်းရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌက လက်ခံသည်။ အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဒေါ်သက်သက်ဆွေမိသားစုက ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များ လှူဒါန်းရာ မြို့နယ်ပြန်/ဆက် ဦးစီးမှူးက လက်ခံသည်။**(အပေါ်ပုံ)**

ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါ်သက်သက်ဆွေနှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၂၁ ရက်ကလည်း မြို့နယ် ဘိုးဘွားရိပ်သာ၊ လူမှုဝန်ထမ်းမူကြိုကျောင်း၊ မိခင်၊ ကလေးသားဖွားခန်းတို့အတွက် အသုံးအဆောင်ပစ္စည်းများ၊ အဝတ်အထည်များ၊ လူနာညွှန်းပို့နိုင်ရန် အလှူငွေများ လှူဒါန်းခဲ့ကြောင်း သိရသည်။

မြင့်မြင့်ဆွေ(အောင်လံ)

ဆေးဆိုင်များ ရှောင်တခင်စစ်ဆေး

ရေတာရှည် ဖေဖော်ဝါရီ ၂၃

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ကန့်သတ်ဆေးဝါးများနှင့် တရားမဝင်ဆေးဝါးများ ရောင်းချခြင်းရှိ/မရှိ ရှောင်တခင်စစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၁၃ ရက်နေ့မှစ၍ ရေတာရှည်၊ ဆွာ၊ သာဂရ၊ မြို့လှ၊ ရေနီ အစရှိသည့်မြို့များ၌ အနောက်တိုင်းဆေး၊ မြန်မာတိုင်းရင်းဆေး ရောင်းချသည့်ဆိုင်များအား မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာအဖွဲ့၊ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများ ပူးပေါင်းပါဝင်သောအဖွဲ့များက စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၅၇၈)

PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004
အရိုးကျိုးပေါင်း၊ ခါးဆစ်နာ၊ အကြောညှပ်စသောကျောရိုးဆစ်ဝေဒနာဆိုင်ရာ အထူးကုသမှုအစီအစဉ်
လည်ပင်းအရိုးကျိုးပေါင်းဝေဒနာ၊ ခါးနာ၊ အကြောညှပ် စသောခါးဆစ်ရိုးနှင့်ပတ်သက်သောဝေဒနာများကို
မလေးရှားနိုင်ငံမှ ကျောရိုးဆစ်ဆိုင်ရာအထူးကုဆရာဝန်ကြီး ကိုယ်တိုင်
မတ်လ ၁ ရက်မှ ၃ ရက်နေ့အထိ ပန်းလှိုင်ဆေးရုံကြီးတွင်လာရောက်ကုသပေးမည်ဖြစ်ပါသည်။
ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ (၀၉) ၄၂၀၀၄၂၆၇၉၊ (၀၁) ၂၄၃၀၁၀ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁

ပြည်တွင်းရေးရာ

ကျောက်ပန်းတောင်းမြို့နယ်ရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ဆေးဝါးကုသပေးခြင်း အောင်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် ကျောက်ပန်းတောင်းမြို့သို့ရောက်ရှိပြီး မြို့ဦးအောင်စေတီတော်မြတ်အားဖူးမြော်၍ ဘုရားပွဲတော်ကျင်းပမည့် အစီအစဉ်များနှင့် သံဃာတော်များအား ဆွမ်းသပိတ်ကပ်လှူပူဇော်ရေးတို့ကို ဂေါပကအဖွဲ့ဝင်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်တို့သည် စကားဝါမြေဖောင်ဒေးရှင်းမှ ဦးဆောင်၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် IBTC တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကျောက်ပန်းတောင်းမြို့နယ် ရပ်ကွက်/ကျေးရွာများရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ဆေးဝါးကုသပေးခြင်း အောင်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။**(ယာပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ချီးကျူးဂုဏ်ပြုစကားပြောကြားကာ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်တိုက်ဖျက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မောင်ဆွေက မျက်စိခွဲစိတ်ကုသမှု အခြေအနေများနှင့် IBTCမှ အမှုဆောင် ဒါရိုက်တာ ဦးတင့်ဦးက အခမဲ့ မျက်စိခွဲစိတ်ကုသလှူဒါန်းရခြင်း အကြောင်းတို့ကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က အလှူရှင်နှင့် ပါဝင်ဆောင်ရွက်ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်များ ပေးအပ်ချီးမြှင့်ကာ မျက်စိဝေဒနာရှင်များအား မျက်မှန်များနှင့် ဆေးဝါးများထောက်ပံ့ပေးအပ်ခဲ့ကြသည်။

စကားဝါမြေ ဖောင်ဒေးရှင်းမှ ဦးဆောင်၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် IBTC တို့ပူးပေါင်းပြီး ကျောက်ပန်းတောင်းမြို့နယ် ရပ်ကွက်/ကျေးရွာများရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ဆေးဝါးကုသပေးခဲ့ရာတွင် အချိန်ကာလ သုံးရက်ကြာမြင့်ခဲ့ကာ စုစုပေါင်း မျက်စိဝေဒနာရှင် ၁၅၈၁ ဦးအား ကုသပေးခဲ့ကြောင်း သိရှိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ပန်းတောင်းမြို့ အားကစားခန်းမ၌ ကျောက်ပန်းတောင်းမြို့နယ် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ (အမျိုးသား)ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ (အမျိုးသား)ဘောလုံးပြိုင်ပွဲ၊ ဒုတိယနေ့ပွဲစဉ်များကို ဆက်လက်ကျင်းပလျက်ရှိရာ ပေါင်းလောင်းအားကစားကွင်း၌ ယနေ့နံနက် ၇ နာရီက ယှဉ်ပြိုင်သည့် ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ညနေ ၃ နာရီခွဲက ယှဉ်ပြိုင်သည့်ပွဲစဉ်တွင် ကယားပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ နံနက် ၇ နာရီက ယှဉ်ပြိုင်သည့်ပွဲစဉ်တွင် ကချင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ခြောက်ဂိုး-တစ်ဂိုး၊ ညနေ ၃ နာရီခွဲက ယှဉ်ပြိုင်သည့် ပွဲစဉ်တွင် ပဲခူးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးကို လေးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၇ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ရှမ်းပြည်နယ် ဘောလုံးအသင်းနှင့် ချင်းပြည်နယ် ဘောလုံးအသင်း၊ ညနေ ၃ နာရီခွဲတွင် ကရင်ပြည်နယ် ဘောလုံးအသင်းနှင့် ရခိုင်ပြည်နယ်ဘောလုံးအသင်း၊ ပေါင်းလောင်းအားကစားကွင်း၌ နံနက် ၇ နာရီတွင် မကွေးတိုင်းဒေသကြီးဘောလုံးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဘောလုံးအသင်း၊ ညနေ ၃ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီးဘောလုံးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီး ဘောလုံးအသင်း၊ လယ်ဝေးအားကစားကွင်း၌ နံနက် ၇ နာရီတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ညနေ ၃ နာရီခွဲတွင် နေပြည်တော် ဘောလုံးအသင်းနှင့် ကယားပြည်နယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ငွေသော်တာ ဂေါက်ကွင်း၌ ဦးသန့်ဇော်(S.Y Group) သည် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကစားဖော်များဖြစ်ကြသော ဦးအောင်ကျော်ဦး (မြန်မာ့မီးရထား)၊ ဦးစိုးလင်းဌေး (ဘုရင့်နောင်)၊ ဦးညီညီ(ဘုရင့်နောင်) တို့နှင့် ဂေါက်သီးရိုက်ကစားစဉ် Titleist Pro V1 ဂေါက်သီးအား Titleist Iron 9 ဂေါက်တံဖြင့် ရိုက်ရာ ၁၃၈ ကိုက် အကွာအဝေးရှိသော ကျင်းအမှတ်(၁၆)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(ကျော်ဇင်စိုး)

ကလေးမြို့ စမ်းမြို့ရပ်ကွက်တွင် တရားစခန်းပွဲ ကျင်းပမည်

ကလေး ဖေဖော်ဝါရီ ၂၃

မိုးကုတ်ဆရာတော်ကြီးဉူးဝိမလ၏ ဥပနိဿယအတိုင်း ၁၃၇၄ ခုနှစ် ဒုတိယအကြိမ်မြောက် မိုးကုတ်ဝိပဿနာ(၇)ရက်တရားစခန်းပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ စမ်းမြို့ရပ်ရှိ သာသနာ့ရက္ခိတစာသင်တိုက်တွင် ဓမ္မကထိက ဗဟုဇနဟိတဓရ ကမ္မဋ္ဌာနာစရိယနယ်လှည့် ဓမ္မကထိက ဘဒ္ဒန္တပညာဝံသ(ပုလဲဆရာတော်)ကြွရောက်ပြီး ပဋိစ္စသမုပ္ပာဒ်စက်ဝိုင်းဒေသနာတော်နှင့်အညီ နိဗ္ဗာန်ရောက်ကြောင်း သစ္စာလေးပါးတရားတော်များကို ၁၃၇၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ ရက်မှ တပေါင်းလဆန်း ၅ ရက်အထိ ခုနစ်ရက်တိုင်တိုင် ဟောကြားပြသသွားမည်ဖြစ်ပြီး တရားအားထုတ်လိုသူများအနေဖြင့် အကျိုးတော်ဆောင်အဖွဲ့ သာသနာ့ရက္ခိတစာသင်တိုက် ဗိုလ်ချုပ်လမ်း စမ်းမြို့ရပ် ကလေးမြို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(မင်းမင်းဇော်-ကလေး)**

စာတည်းမှူးထံရောက်ရှိလာသော ပေးစာများ

ယခုတစ်ပတ် စာတည်းမှူးထံရောက်ရှိလာသော ပေးစာများတွင် ရန်ကုန်တိုင်းဒေသကြီးမှ အများဆုံးဖြစ်ပြီး အများအားဖြင့် လူနေရပ်ကွက်အတွင်း အများထိခိုက်စေမည့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေမှုများကြောင့် ပတ်ဝန်းကျင်နေသူများက ပေးပို့လာသော စာများဖြစ်သည်။

စာတည်းမှူးထံရောက်ရှိလာသော ပေးစာများကို ဖော်ပြရလျှင်-

လေလွင့်ခွေးများရှင်းလင်းပေး

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အောင်ရတနာလမ်းမကြီးနှင့် အောင်ရတနာလမ်းသွယ်ထောင့်တွင် အိမ်မွေးခွေးနှင့် လေလွင့်ခွေးများသည် လမ်းသွားလမ်းလာများ၊ ကျောင်းသား ကျောင်းသူကလေးငယ်များ ဖြတ်သန်းသွားလာစဉ် လိုက်၍ကိုက်ခြင်း၊ နောက်မှ တိတ်တဆိတ်လိုက်ဆွဲခြင်းများကြောင့် သက်ဆိုင်ရာမှ ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြလာသောစာ။

ပလတ်စတစ်အဟောင်းများ လျှော်ဖွပ်မှု စစ်ဆေးပေး

ရွှေပြည်သာမြို့နယ် တ/၁၅ ရပ်ကွက် ပန်းခြံ(၆) လမ်း သဇင်(၄)လမ်းရှိ နေအိမ်တစ်အိမ်တွင် ပလတ်စတစ်အဟောင်းများ ပြန်လည်လျှော်ဖွပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ပတ်ဝန်းကျင်နေသူများ အနံ့အသက်ဆိုးများကို ရှူရှိုက်နေရခြင်း၊ မိုးရာသီတွင် ရေမြောင်းများပိတ်ဆို့ပြီး နွေအခါမီးဘေးအန္တရာယ်စိုးရိမ်ရခြင်းတို့ ဖြစ်ပေါ်နေပါသဖြင့် စစ်ဆေးဆောင်ရွက်ပေးပါရန် တင်ပြလာသောစာ။

ကျန်းမာရေးထိခိုက်သည့် ကော်စက်များမှ အနံ့ဆိုး ရှင်းလင်းပေး

မရမ်းကုန်းမြို့နယ် (၅) ရပ်ကွက် ဗိုလ်ဗထူးလမ်းမှ အိမ်တစ်အိမ်သည် ကော်ကျိုလုပ်ငန်းကို နေ့ရောညပါလုပ်ကိုင်လျက်ရှိရာ အဆိုပါလုပ်ငန်းမှ ထွက်ပေါ်လာသော အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေသူများ အနှောင့်အယှက်ဖြစ်ရသည့်အပြင် ကျန်းမာရေးပါထိခိုက်နိုင်ပါသဖြင့် ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြလာသောစာ။

ရပ်ကွက်တွင်းမှ စီးပွားဖြစ် ဝက်မွေးမြူမှု စိစစ်ပေး

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်(၁၀၇) ရပ်ကွက် အပိုင်း(၄) မြခွာညိုလမ်းတွင် ဝက်များကို စီးပွားဖြစ်မွေးမြူထားရာ ဝက်ခြံမှ အနံ့ဆိုးများ၊ ဝက်ချေးနံ့များ နေ့စဉ်ရှူရှိုက်နေရရာ ကျန်းမာရေးထိခိုက်ပါသဖြင့် သက်ဆိုင်ရာက စိစစ်ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြလာသောစာ။

လူမြင်မကောင်းသည့် အမှိုက်ပုံကြီး ရှင်းလင်းပေး

သာကေတမြို့နယ် (၁) ရပ်ကွက် အနော်မာ ၁၃ လမ်းနှင့် ရွှေမေတ္တာလမ်းထိပ်ရှိ အမှိုက်ပုံကြီးမှာ အနံ့ဆိုးများထွက်လျက်ရှိပြီး အမှိုက်များမှာလည်း လမ်းပေါ်တွင် မြင်မကောင်းအောင်ပြန့်ကျဲနေပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြလာသောစာ။

နှစ်လုံးထီရောင်းချနေမှု အရေးယူပေး

မွန်ပြည်နယ် ကျိုက်ထိုမြို့ ခရွဲကျေးရွာတွင် လူတစ်စုသည် နှစ်လုံး၊ သုံးလုံးလောင်းကစားလုပ်ငန်းကို အချိန်ကြာမြင့်စွာကတည်းက လုပ်ကိုင်လျက်ရှိပြီး ရွာသူ ရွာသားများအပေါ် အနိုင်ကျင့်လုပ်ကိုင်နေမှုများနှင့် ကျေးရွာတာဝန်ရှိသူများကလည်း အပတ်စဉ်ကြေးယူ၍ လုပ်ကိုင်ခွင့်ပြုထားရာ ရွာသူရွာသားများ၏ လူမှုစီးပွားဘဝပါ ထိခိုက်လာပါသဖြင့် အရေးယူပေးပါရန် တင်ပြလာသောစာများပင် ဖြစ်သည်။

နား၊ နှာခေါင်း၊ လည်ချောင်းနှင့် လည်ပင်းရောဂါများ အထူးခွဲစိတ်ကုသမှု အစီအစဉ်

ဝိတိုရိယဆေးရုံတွင် အင်္ဂလန်နိုင်ငံ ဒီဇင်ဘာရာဘုရင့်တက္ကသိုလ်၊ ဂလာစကို (Glasgow) တက္ကသိုလ်နှင့် မလေးရှားနိုင်ငံတက္ကသိုလ်များမှ ဘွဲ့ရထားသော ကျွမ်းကျင်သည့် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ အမျိုးသားတက္ကသိုလ်ဆေးရုံကြီးမှ နား၊ နှာခေါင်း၊ လည်ချောင်းနှင့် လည်ပင်း အထူးကုဆရာဝန်ကြီး "ပါမောက္ခ ဒေါက်တာ Prepageran Narayanan" သည် "ဝိတိုရိယ" ဆေးရုံတွင် အောက်ပါရောဂါများနှင့် ပတ်သက်သော လိုအပ်သည့် ကုသမှု ခွဲစိတ်မှုများကို သင့်တင့်မျှတသောဈေးနှုန်းဖြင့် ပြုလုပ်ပေးမည်ဖြစ်ပါသည်။

(၁) မွေးရာပါကလေး/လူကြီး နားလေးရောဂါများနှင့် အသက်ကြီး၍ ဖြစ်ပေါ်လာသည့် နားလေးရောဂါများအတွက် အတွင်းနားကိုခွဲစိတ်၍ နားကြားစက်ထည့်ပေးခြင်း (Cochlear Implant)

(၂) နားပြည်ယိုရောဂါများကို ခွဲစိတ်ကုသပေးခြင်း၊ လိုအပ်လျှင် နားကြားစက်ထည့်ပေးခြင်း (Middle Ear Implant)

(၃) နှာခေါင်းရောဂါများကြောင့် နှာပိတ်ခြင်း၊ နှာခေါင်းအတွင်းအသားပိုထွက်ခြင်းနှင့် ထိပ်ကပ်နာ ရောဂါများကို နောက်ဆုံးပေါ်စတင်ဒ် FESS ခေါ် တီဗီမှန်ပြောင်း အကူအညီဖြင့် ခွဲစိတ်ပေးခြင်း

(၄) နား၊ နှာခေါင်း၊ လည်ချောင်း၊ လည်ပင်းတွင် ဖြစ်ပေါ်တတ်သော အဖုအကြိတ်ထွက်ခြင်းနှင့် ကင်ဆာရောဂါများကို ခွဲစိတ်ပေးခြင်း၊ အစားထိုးပြုပြင်ခြင်း

(၅) အသံကြောပိတ်ဆို့၍ အသက်ရှူကြပ်သောရောဂါများ

(၆) ဦးခေါင်းအရိုးနှင့် လည်ပင်းတွင်ဖြစ်ပေါ်တတ်သော အာရုံကြောရောဂါများကြောင့် နားကြင်ကိုက်ခဲသောရောဂါများ

အထက်ဖော်ပြပါ ရောဂါများနှင့် ပတ်သက်သော လက္ခဏာရှိသူများသည် ပြသလိုပါက ၇-၃-၂၀၁၃ ရက်နေ့မတိုင်မီ အောက်ပါအတိုင်း ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ပါသည်။

ဝိတိုရိယ ဆေးရုံ
Victoria Hospital

ကုသပေးမည့်နေ့ရက်-
(၁၆-၃-၂၀၁၃) မှ (၁၇-၃-၂၀၁၃)
(၆-၄-၂၀၁၃) မှ (၇-၄-၂၀၁၃)

အမှတ်(၆၈)၊ တော်ဝင်လမ်း၊ (၉) မိုင်၊ မရမ်းကုန်းမြို့နယ်သို့ လူကိုယ်တိုင် လာရောက်စုံစမ်းနိုင်ပါသည်။ ဖုန်း ၀၁-၉၆၆၆၁၄၁၊ ဖက်(စ်) ၀၁-၉၆၆၆၁၃၉ E-mail: info@witoriyahospital.com

ပြည်တွင်းရေးရာ

☆ ရှေ့ဖုံးမှ

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်များက ဆည်ရေသောက်စနစ်များ၊ ကုန်ထုတ်လမ်းများတည်ဆောက်ထားရှိမှု၊ လယ်ကွက်များ ဖော်ထုတ်ခြင်းနှင့် မြေညှိခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ အကျိုးအမြတ်ရရှိမည့် ဆန်စပါးနှင့် တွဲဖက်ပြီး သီးနှံပုံစံများချမှတ်ခြင်း၊ တောင်သူပညာပေးစိုက်ကွင်းများ၊ မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်နှင့် တောင်သူများအား လုပ်ပိုင်ခွင့်များ ပြန်လည်ချထားဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို အသီးသီးရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရန်၊ တရားဥပဒေစိုးမိုးရန်နှင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး နိုင်ငံတစ်ဝန်း ထာဝရငြိမ်းချမ်းရေးရရှိရန်တို့အတွက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အတူ ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး အနာဂတ်တွင် ကြွယ်ဝချမ်းသာသည့် နိုင်ငံဖြစ်လာရေးအတွက် စီးပွားရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူများ၏ စားဝတ်နေရေးအခြေခံ ခိုင်မာရေးအတွက် လက်ရှိဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် လယ်ယာကဏ္ဍကို အရှိန်အဟုန်မပျက် ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လယ်ယာကဏ္ဍကိုအခြေခံသည့် စက်မှုနိုင်ငံထူထောင်ရေးတို့ကို ရည်ရွယ်ဆောင်ရွက်နေပါကြောင်း။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တောင်သူများအနေဖြင့် မိရိုးဖလာလယ်ယာစိုက်ပျိုးရေးစနစ်ဖြင့် စိုက်ပျိုးလုပ်ကိုင်နေ၍ မရတော့ပါကြောင်း၊ ထို့ကြောင့် စိတ်ဓာတ်ပြောင်းလဲခြင်း၊ လယ်ယာမြေများ ပြုပြင်ပြောင်းလဲခြင်း၊ မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးရေး၊ စိုက်နည်းစနစ်ပြောင်းလဲခြင်းနှင့် စက်မှုလယ်ယာစနစ်ပြောင်းလဲခြင်းဟူသည့် ပြုပြင်ပြောင်းလဲမှု ငါးမျိုးဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

လောလောဆယ်တွင် နိုင်ငံ့လူဦးရေမှာ သန်း ၆၀ ခန့်ရှိနေပြီး နောင်နှစ်ပေါင်း ၃၀ ခန့်တွင် လူဦးရေသန်း ၁၀၀ ခန့်ထိ ရှိလာနိုင်ပါကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သော်လည်း လက်ရှိလူဦးရေအတွက် စားနပ်ရိက္ခာ ဖူလုံရေးကို ချင့်ချိန်ဆောင်ရွက်နေရကြောင်း၊ ကမ္ဘာတွင်လည်း လက်ရှိလူဦးရေသန်း ၇၀၀၀ ၏ စားနပ်ရိက္ခာ ဖူလုံရေးအတွက် စိုးရိမ်နေရကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမားများအနေဖြင့် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် လူဦးရေသန်း ၁၀၀ အတွက် စားနပ်ရိက္ခာဖူလုံရေးကို ကြိုတင်မြော်တွေးပြီး မိမိတို့စိုက်ပျိုးထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်ရမည်ဟု ရည်မှန်းချက်ထားပြီး စိတ်ဓာတ်မြှင့်တင်ကာ ပြောင်းလဲဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နိုင်ငံတစ်ဝန်းရှိ လယ်ယာမြေများမှာ ပုံစံတကျမရှိဘဲ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် တည်ရှိနေသဖြင့် လယ်ယာမြေစာရင်းနှင့် အထွက်နှုန်းတွက်ချက်ရာတွင် ခန့်မှန်းခြေဖြင့်သာ တွက်ချက်ရေးဆွဲနေရကြောင်း၊ လယ်ယာမြေဧကကွက်များ စနစ်တကျ ဖော်ထုတ်နိုင်မှသာ လယ်ယာမြေဆိုင်ရာစာရင်းအင်းကိန်းဂဏန်းများ မှန်ကန်လာမည်ဖြစ်ပြီး တောင်သူများအနေဖြင့်လည်း မိမိတို့လယ်ယာမြေတွင် ကုန်ထုတ်လမ်းများ၊ ရေသွင်း၊ ရေနုတ်မြောင်းများ စနစ်တကျရှိလာမည်ဖြစ်၍ ယခင်တစ်သီး၊ နှစ်သီးသာစိုက်ပျိုးခဲ့ရာက ယခုသုံးသီးအထိစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ ကုန်ထုတ်လမ်းများကို အသုံးပြု၍ လယ်ယာသုံးစက်ကိရိယာများကို လယ်ကွင်းထဲအရောက် အသုံးပြုလာနိုင်သဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် သီးနှံလေလွင့်မှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ စနစ်တကျ လယ်ယာမြေများမှာ တန်ဖိုးမြင့်တက်လာသဖြင့် စိုက်ပျိုးစရိတ်လိုအပ်မှုအတွက် ဘဏ်များဖြင့်ဆက်သွယ်၍ ချေးငွေရယူရာတွင် ယခင်ကထက် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ရိတ်သိမ်းချိန်ကိုလည်း လျှော့ချနိုင်မည်ဖြစ်ရာ ကျန်အချိန်များတွင် မွေးမြူရေးနှင့် ဆက်စပ်လုပ်ငန်းများကို တွဲဖက်လုပ်ကိုင်လာနိုင်မည်ဖြစ်ပါကြောင်း။

ထို့အတူ လက်ရှိစိုက်ပျိုးနေကြသည့် တစ်ဧကလျှင် တင်း (၅၀၊ ၆၀) ခန့်သာ ထွက်ရှိသော စပါးမျိုးများအစား အထွက်တိုးမည့် မျိုးကောင်းမျိုးသန့်များကို ပြောင်းလဲစိုက်ပျိုးကြရန်လိုအပ်ပါကြောင်း၊ အလားတူ သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို ပြောင်းလဲကျင့်သုံးပြီး စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ သီးနှံများ သိသိသာသာ အထွက်တိုးပြီး ရိတ်သိမ်းချိန်တွင် သီးနှံအလေအလွင့်လည်း လျော့နည်းသွားမည်ဖြစ်ပါကြောင်း၊ တောင်သူများအနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ယုံယုံကြည်ကြည်ဖြင့် လိုက်ပါဆောင်ရွက်ပါက မလွဲမသွေ အကျိုးခံစားခွင့်များ ရရှိမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လိုပါက မဖြစ်မနေ ကြိုးစားဆောင်ရွက်စေလိုပါကြောင်း၊ ထို့အပြင် နေ့စဉ်ဝင်ငွေရရှိရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းနှင့် အပြန်အလှန် အကျိုးပြုနေသည့် မွေးမြူရေးလုပ်ငန်းကိုလည်း တွဲဖက်လုပ်ကိုင်ကြရန်ဖြစ်ပါကြောင်း၊ မိမိပတ်ဝန်းကျင်တွင် အလွယ်တကူ ဝင်ငွေရရှိနိုင်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးနည်းလမ်းများစွာရှိရာ ဝီရိယစိုက်ထုတ်၍ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

ပြည်သူများ စားဝတ်နေရေးပြေလည်စေရန်အတွက် လယ်ယာကဏ္ဍက ဖြည့်ဆည်းပေးနိုင်သော်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်မူ စက်မှုလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့တွင် အရင်းအနှီး၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံမှုမရှိသေးသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နေပါကြောင်း၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးလာရန်လိုအပ်ပြီး အဆိုပါလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးလာရန်အတွက် ပညာရေးကဏ္ဍကသာ ဖြည့်ဆည်းပေးနိုင်ပါကြောင်း၊ ထို့ကြောင့် မိမိတို့၏သားသမီးများကို ပညာတတ်မြောက်အောင် သင်ကြားပေးရန်ဖြစ်ပါကြောင်း၊ မိမိတို့ကသာ တောင်သူလယ်သမားများဖြစ်နေသော်လည်း သားသမီးများကို စက်မှုကဏ္ဍတွင် ပါဝင်ဆောင်ရွက်နိုင်သည့် ကျွမ်းကျင်လုပ်သားများ၊ ပညာရှင်ကြီးများဖြစ်လာစေရေးအတွက် ကြိုးစားဆောင်ရွက်ပေးစေလိုပါကြောင်း၊ မိမိတို့လူမျိုးကို တချို့က အခြားနိုင်ငံ/အခြားလူမျိုးများနှင့် နှိုင်းယှဉ်ပြီး ဝီရိယနည်းသည်၊ စည်းလုံးညီညွတ်မှုအားနည်းသည်ဟု သုံးသပ်ပြောဆိုသည်များရှိပါကြောင်း၊ သို့ဖြစ်ပါ၍ မိမိတို့၏ လူမျိုးဂုဏ်ကို မြှင့်တင်ရန် ညီညီညွတ်ညွတ်ဖြင့် အလုပ်ကိုဝီရိယစိုက်ထုတ်ပြီး ကြိုးစားလုပ်ကိုင်ကြရမည်ဖြစ်ပါကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဆင့်မြင့်စံပြ စက်မှုလယ်ယာစနစ် ဧက (၃၀၀၀)တွင် ထူးချွန်စွာ ဆောင်ရွက်ခဲ့သော ဆည်မြောင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနများမှ ဝန်ထမ်းများအတွက် ဂုဏ်ပြုလက်ဆောင် စက်ဘီး ၁၇ စီးနှင့် ရေဒီယို ၃၅ လုံးတို့ကို ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌ ဦးတင်ထွတ်က စက်မှုလယ်ယာစနစ် ဧက (၃၀၀၀) အတွင်း ပုလဲသွယ် စပ်မျိုးစပါး စိုက်ပျိုးနေသည့် ကောက်စိုက်လုံမေများအား ဂုဏ်ပြုဝတ်စုံ ၅၀ နှင့် စားသောက်ဖွယ်ရာများကို ဂုဏ်ပြုပေးအပ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် အဆင့်မြင့် စံပြစက်မှုလယ်ယာစနစ် ဧက (၃၀၀၀) ကွင်းဖွင့်ပွဲ နှင့် ကောက်စိုက်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အဆင့်မြင့်စံပြ စက်မှုလယ်ယာစနစ် ဧက (၃၀၀၀)အတွင်း ခင်းကျင်းပြသထားသည့် နေကြာစိုက်ခင်းများ၊ ဟင်းသီးဟင်းရွက်စိုက်ခင်းများ၊ အဆင့်မြင့်လယ်ယာသုံးစက်ကိရိယာများ၊ ရိတ်သိမ်းခြွေလှေ့စက်များ၊ အဆင့်မြင့် SATAKE ဆန်စက်များ၊ မျိုးစေ့သန့်စင်စက်များနှင့် စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သည့် လယ်ယာလုပ်ငန်းခွင်သုံး လက်တွန်းထွန်စက်၊ လယ်ထွန်စက်၊ ထယ်သွားနှင့် ထွန်သွားများ၊ ရေစုပ်စက်၊ စပါးခြွေလှေ့စက်နှင့် ဆန်စက်ငယ်များကို ကြည့်ရှုအားပေးကြသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နေပြည်တော်ကောင်စီနှင့် ပေါင်းစပ်ညှိနှိုင်းပြီး နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်အတွင်း အဆင့်မြင့်စံပြ စက်မှုလယ်ယာမြေဧက (၃၀၀၀)ဖော်ထုတ်နိုင်ရန် မြေနေရာစုဖွဲ့ရွေးချယ်ခြင်း၊ ပုဂ္ဂလိက ကုမ္ပဏီများအပါအဝင် ကျွမ်းကျင်ပညာရှင်များစုဖွဲ့ခြင်း၊ စက်ယန္တရားများနှင့် စက်သုံးဆီအပါအဝင် လိုအပ်ချက်များတွက်ချက်စုဆောင်းခြင်း၊ ဒေသခံတောင်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းတို့ဖြင့် သုံးလကြာ ဆောင်ရွက်ခဲ့ရာ ယခုအခါ ကုန်ထုတ်လမ်းများ၊ ရေသွင်း၊ ရေထုတ်စနစ်များ အပါအဝင် စနစ်တကျ မြေပြုပြင်ပြီးဖြစ်သော အဆင့်မြင့်လယ်ယာမြေများ ဖော်ထုတ်နိုင်မှုနှင့်အတူ သီးနှံများကိုလည်း တစ်ပြိုင်တည်း စိုက်ပျိုးနိုင်ခဲ့သည်။ ထိုသို့ နေပြည်တော်ကောင်စီနယ်မြေကို ဗဟိုပြုပြီး အဆင့်မြင့် စံပြစက်မှုလယ်ယာစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံနှင့်အဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း အဆင့်မြင့်စက်မှုလယ်ယာစနစ်များ အပြိုင်အဆိုင် ပေါ်ထွန်းလာမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အဆင့်မြင့် စံပြစက်မှုလယ်ယာစနစ် ဧက (၃၀၀၀) အတွင်း ခင်းကျင်းပြသထားသည့် အဆင့်မြင့် လယ်ယာသုံးစက်ကိရိယာများကို တွေ့ရစဉ်။ (သတင်းစဉ်)

✳ လူ့စွမ်းအားမှ

အသေးစားနှင့် အလတ်စားလုပ်ငန်း အများဆုံ
ဖြစ်ကြောင်း၊ မိမိတို့ထူထောင်ထားရှိပြီးဖြစ်သည့် စက်မှု
ဇုန်အသီးသီးကို လေ့လာကြည့်လျှင်လည်း အသေးစားနှ
အလတ်စားစီးပွားရေးလုပ်ငန်းများသာ ဖြစ်ကြောင်
မိမိတို့အနေဖြင့်အာဆီယံစီးပွားရေးအသိုက်အဝန်းတွ
ပါဝင်ပြီး လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်
အတိုင်း လိုက်ပါဆောင်ရွက်ရမည်ဖြစ်ရာ စီးပွားရေ
အရှိန်အဟုန်ရပြီးဖြစ်သည့် အခြားအိမ်နီးချင်းနိုင်ငံမျ
ထက်စာလျှင် အသေးစားနှင့် အလတ်စား စီးပွားရေ
လုပ်ငန်းများကို ပိုမိုအားပေးမြှင့်တင်ရန် လိုအပ်
ကြောင်း။

တစ်ဖက်တွင်လည်း စီးပွားရေးနောက်ကျကျ
နေသည့် အခြေအနေမှ စီးပွားရေးဦးမော့တိုးတက်
လာအောင် နည်းပညာနှင့် အရင်းအနှီးလိုအပ်သည
အတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုမျ
ဖိတ်ခေါ်ရခြင်းဖြစ်သော်လည်း ပြည်တွင်း၌ ရှိပြီးအသေ
စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ထိခိုက်ပြိုလဲ
မရှိအောင် အားပေးမြှင့်တင်ရန်၊ အာဆီယံ လွတ်လ
သော ကုန်သွယ်မှုသဘောတူညီချက်အရ ကုန်စည်နှ
ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများကို လွတ်လပ်စွ
စီးဝင်ပေးရသည့်အခါ ပြည်တွင်းမှ အသေးစားနှ
အလတ်စား စီးပွားရေးလုပ်ငန်းများ ထိခိုက်ပြိုလဲ
မရှိအောင် တားဆီးကာကွယ်ရန်နှင့် အားပေးမြှင့်တ
ရန်လိုအပ်ကြောင်း၊ ထိုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဈေ
ကွက်များသို့ ချိတ်ဆက်ဆောင်ရွက်နိုင်သည့် အထောက်
အကူပြုစီးပွားရေးကုန်ထုတ်လုပ်ငန်းများအဖြစ် အားပေ
မြှင့်တင်ရန်၊ အာဆီယံလွတ်လပ်သော ကုန်သွယ်
သဘောတူညီချက်အရ စီးဝင်လာမည့် ကုန်စည
ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအား ဈေးကွက်ယှဉ်ပြိုင
နိုင်စွမ်းရှိအောင် အားပေးမြှင့်တင်ရန်၊ အသေးစားနှ
အလတ်စား စီးပွားရေးလုပ်ငန်းများ ငွေကြေးအရင်
အနှီးရရှိရေးအတွက် ဘဏ်များနှင့် ချေးငွေလုပ်ငန်းမျ
အားပေးမြှင့်တင်ကူညီပံ့ပိုးရန်၊ နည်းပညာနှင့် အရင်
အနှီး ရရှိရေးအတွက် ပြည်တွင်းပြည်ပနိုင်ငံတကာအဖွဲ
အစည်းများနှင့် ချိတ်ဆက် ပူးပေါင်းဆောင်ရွက်ရန်
ဈေးကွက်ဖွံ့ဖြိုးရေးနှင့် ဈေးကွက်ချိတ်ဆက်နိုင်ရေ
ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအား မြှင့်တင်အားပေးရန်
လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်
အခွင့်အလမ်းရရှိရေး အားပေးမြှင့်တင်ရန်၊ အသေးစာ
နှင့်အလတ်စား စီးပွားရေးလုပ်ငန်းဆိုင်ရာ သတင်

ကျေးလက်နေပြည်သူများ၏
စေတုတ္တရာမြို့နယ်၌ ဒေသခံပြည

နေပြည်တော် ဖေဖော်ဝါရီ ၂၃

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီတွင် မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ဆေးရုံ၌ ကျင်းပသည့် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှ အထူးကုဆရာဝန်ကြီးများ၏ အခမဲ့ ဆေးဝါးကုသပေးခြင်းကို သွားရောက်ကြည့်ရှုအားပေး

ပြီး ဆေးကုသ
စေတုတ္တရာမြို့န
ပြည်သူများအ
ပြောကြားသည
ထိုကဲ့သို့ ဆေ
အထူးကုဆရာ
ရောဂါရှာဖွေ
ကုသပေးနေစဉ
နှင့်ကလေး
ကြပ်ရေးအဖွဲ့
သက်ကြီးရွယ်

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေး

၂၃ - ၂ - ၂၀၁၃

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်
မြန်မာ (ကျပ်)	၈၆၀. ၀၀၀
ထိုင်း (ဘတ်)	၂၉. ၈၂၀၀
တရုတ် (ယွမ်)	၆. ၂၄၀၄၀
အိန္ဒိယ(ရူပီး)	၅၄. ၂၇၈၀
မလေးရှား (ရင်းဂစ်)	၃. ၁၀၀၀၀
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၇၄၀
ဂျပန် (ယန်း)	၉၃. ၄၁၅၀
တောင်ကိုရီးယား(ဝမ်)	၁၀၈၅. ၂၅
ယူရို	၀. ၇၅၈၀၅
ဗြိတိသျှ (ပေါင်)	၀. ၆၅၉၅၄

✳ လူ့စွမ်းအားမှ

အသေးစားနှင့် အလတ်စားလုပ်ငန်း အများဆုံးဖြစ်ကြောင်း၊ မိမိတို့ထူထောင်ထားရှိပြီးဖြစ်သည့် စက်မှုဇုန်အသီးသီးကို လေ့လာကြည့်လျှင်လည်း အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများသာ ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် ပါဝင်ပြီး လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်အတိုင်း လိုက်ပါဆောင်ရွက်ရမည်ဖြစ်ရာ စီးပွားရေးအရှိန်အဟုန်ရပြီးဖြစ်သည့် အခြားအိမ်နီးချင်းနိုင်ငံများထက်စာလျှင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပိုမိုအားပေးမြှင့်တင်ရန် လိုအပ်ကြောင်း။

တစ်ဖက်တွင်လည်း စီးပွားရေးနောက်ကျကျန်နေသည့် အခြေအနေမှ စီးပွားရေးဦးမော့တိုးတက်လာအောင် နည်းပညာနှင့် အရင်းအနှီးလိုအပ်သည့်အတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ရခြင်းဖြစ်သော်လည်း ပြည်တွင်း၌ ရှိပြီးအသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ထိခိုက်ပြိုလဲမှုမရှိအောင် အားပေးမြှင့်တင်ရန်၊ အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်အရ ကုန်စည်နှင့်ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများကို လွတ်လပ်စွာစီးဝင်ပေးရသည့်အခါ ပြည်တွင်းမှ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ထိခိုက်ပြိုလဲမှုမရှိအောင် တားဆီးကာကွယ်ရန်နှင့် အားပေးမြှင့်တင်ရန်လိုအပ်ကြောင်း၊ ထိုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဈေးကွက်များသို့ ချိတ်ဆက်ဆောင်ရွက်နိုင်သည့် အထောက်အကူပြုစီးပွားရေးကုန်ထုတ်လုပ်ငန်းများအဖြစ် အားပေးမြှင့်တင်ရန်၊ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်အရ စီးဝင်လာမည့် ကုန်စည်ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအား ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် အားပေးမြှင့်တင်ရန်၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ငွေကြေးအရင်းအနှီးရရှိရေးအတွက် ဘဏ်များနှင့် ချေးငွေလုပ်ငန်းများအားပေးမြှင့်တင်ကူညီပံ့ပိုးရန်၊ နည်းပညာနှင့် အရင်းအနှီး ရရှိရေးအတွက် ပြည်တွင်းပြည်ပနိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက် ပူးပေါင်းဆောင်ရွက်ရန်၊ ဈေးကွက်ဖွံ့ဖြိုးရေးနှင့် ဈေးကွက်ချိတ်ဆက်နိုင်ရေး ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအား မြှင့်တင်အားပေးရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေး အားပေးမြှင့်တင်ရန်၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်နှင့်သုတေသနလုပ်ငန်းများ မြှင့်တင်ပြီး အတားအဆီး အခက်အခဲများ ဖယ်ရှား၍ လွယ်ကူချောမွေ့အောင် အားပေးဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် စက်မှုဇုန်များ၏ လက်ရှိအခြေအနေနှင့် သတင်းအချက်အလက်များကို သိရှိနိုင်ရန် တွေ့ဆုံ၍ တက်ရောက်လာကြသူများအနေဖြင့် ပွင့်ပွင့်လင်းလင်းတင်ပြကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေက ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုဇုန် ၂၉ ခုရှိပြီး အဓိကစက်မှုဇုန်မှာ ၂၀ ခု ရှိကြောင်း၊ စက်မှုဇုန်များ၏ စက်ရုံအလုပ်ရုံပေါင်းမှာ ၆၀၀၀ ကျော်ရှိပြီး အလုပ်သမားစုစုပေါင်း နှစ်သိန်းခြောက်သောင်းကျော်ရှိပါကြောင်း၊ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်း၍ စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးညဏ်ထွန်းဦးက ရန်ကုန်တိုင်းဒေသကြီးအတွင်း စိစစ်စာရင်းကောက်ယူပြီးသော စက်မှုဇုန်(၂၀)၏ အဆင့်အတန်းအလိုက် သတ်မှတ်ထားရှိပုံ၊စက်မှုဇုန်များ၏ လက်ရှိ လုပ်ငန်းအခြေအနေများကို လည်းကောင်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းဆိုင်ရာများ၊ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ တိုးတက်ရေးလုပ်ဆောင်ရာတွင် ကြုံတွေ့နေရသော အခက်အခဲများနှင့် ဖြေရှင်းရန် အကြံပြုချက်များကိုလည်းကောင်း၊ စက်မှုဝန်ကြီးဌာန အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန ညွှန်ကြားရေးမှူး ဦးမျိုးသော်က အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာစက်မှုဇုန်၊ ရွှေပြည်သာစက်မှုဇုန်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) စက်မှုဇုန်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)စက်မှုဇုန်၊ ရွှေလင်ပန်းစက်မှုဇုန်နှင့် မြောင်းတကာ သံနှင့် သံမဏိလုပ်ငန်းစက်မှုဇုန်တို့မှ စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌများက စက်မှုဇုန်များအလိုက် လုပ်ငန်းအမျိုးအစားများနှင့် စက်ရုံတည်ဆောက်လည်ပတ်မှုအခြေအနေ၊ လက်ရှိကြုံတွေ့နေရသော အခက်အခဲများ၊ လျှပ်စစ်မီးလိုအပ်မှုအခြေအနေ၊ စည်ပင်ရေရရှိရေး၊ အခွန်နှင့်ချေးငွေကိစ္စများ၊ စက်မှုဇုန်မြေနေရာကိစ္စများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးအောင်၊ ဦးအောင်သန်းဦး၊ ဒေါက်တာမောင်မောင်သိမ်းနှင့် ဦးစိုးတင့်တို့က တင်ပြချက်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ ဦးညဏ်ထွန်းက စက်မှုလုပ်ငန်းရှင်များ လိုအပ်သည့်လျှပ်စစ်ကိစ္စ၊ အခွန်ကိစ္စအပါအဝင် လိုအပ်ချက်များကို နိုင်ငံတော်အစိုးရအနေဖြင့် အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးသွားမည် ဖြစ်ကြောင်း၊ မည်သည့်လုပ်ငန်းမဆို အခက်အခဲအနည်းနှင့်အများ ရှိမည်ဖြစ်သော်လည်း ထိုအခက်အခဲကို အခွင့်အလမ်းအဖြစ် ပြောင်းလဲ၍ အောင်မြင်အောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ မည်သည့်လုပ်ငန်း ဆောင်ရွက်သည်ဖြစ်စေ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွားရန်အရေးကြီးကြောင်း၊ လူတိုင်း ဥပဒေကိုလေးစားလိုက်နာပြီး တရားဥပဒေစိုးမိုးရေး အလေးထားရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အစိုးရ စက်မှုလက်မှုအသင်းအဖွဲ့များ၊ စက်မှုလုပ်ငန်းရှင်များနှင့် အရပ်ဘက်အဖွဲ့အစည်းများ ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်ပါက ၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေး အသိုက်အဝန်းဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားသွားနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လှိုင်သာယာစက်မှုဇုန်အပိုင်း(၃) မင်းကြီးမဟာမင်းခေါင်လမ်းရှိ FAME ဆေးဝါးထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိကြပြီး စက်ရုံခန်းမ၌ စက်ရုံမန်နေဂျင်းဒါရိုက်တာ ဒေါက်တာခင်မောင်လွင်က စက်ရုံနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် စက်ရုံအတွင်း လေ့လာကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စက်မှုဇုန်အပိုင်း(၄) မြဝတီမင်းကြီးလမ်းနှင့် ကင်းဝန်မင်းကြီးလမ်းထောင့်ရှိGREAT International Fisheries Ltd သို့ ရောက်ရှိပြီး စက်ရုံအတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို လိုက်လံကြည့်ရှုခဲ့သည်။

(သတင်းစဉ်)

GREAT International Fisheries Ltd အအေးခန်းစက်ရုံအတွင်းရှိ လုပ်ငန်းခွင်တစ်နေရာကို တွေ့ရစဉ်။
(သတင်းစဉ်)

ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် စေတုတ္တရာမြို့နယ်၌ ဒေသခံပြည်သူများအား အခမဲ့ဆေးဝါးကုသပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၃

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီတွင် မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ဆေးရုံ၌ ကျင်းပသည့် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် တိုင်းဒေသကြီးကျန်းမာရေး ဦးစီးဌာနမှ အထူးကုဆရာဝန်ကြီးများ၏ အခမဲ့ ဆေးဝါးကုသပေးခြင်းကို သွားရောက်ကြည့်ရှုအားပေးပြီး ဆေးကုသရန်ရောက်ရှိလာသော စေတုတ္တရာမြို့နယ်အတွင်းမှ ဒေသခံပြည်သူများအား အားပေးစကားပြောကြားသည်။

ထိုကဲ့သို့ စေတုတ္တရာဆေးရုံတွင် အထူးကုဆရာဝန်ကြီးများအဖွဲ့က ရောဂါရှာဖွေစမ်းသပ်စစ်ဆေးမှု ကုသပေးနေစဉ် တိုင်းဒေသကြီးမိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က စေတုတ္တရာမြို့မှ သက်ကြီးရွယ်အို ဘိုးဘွားများအား အလှူငွေနှင့် ပစ္စည်းများ၊ ဆေးဝါးနှင့် အစာအာဟာရများ လှူဒါန်းပြီး မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကိုယ်ဝန်ဆောင်မိခင်များအား ခရိုင်ဆရာဝန်ကြီးနှင့် ကလေးအထူးကု ဆရာဝန်တို့က မိခင်နှင့်ကလေးဆိုင်ရာ ကျန်းမာရေးအသိပညာပေး ဟောပြောခြင်း၊ အားဖြည့်အာဟာရများ တိုက်ကျွေးခြင်းများကို ဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ငဖဲ-စေတုတ္တရာ-လောင်းရှည်-ဂန့်ဂေါလမ်းနှင့် မိုင်တိုင်အမှတ် (၂၉/၄)ကူတော်ရွာအနီး ရှေးဟောင်းသမိုင်းဝင်စေတီပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၃ - ၂ - ၂၀၁၃

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ (ကျပ်)	၈၆၀. ၀၀၀	၀. ၀၀၁၁၆
ထိုင်း (ဘတ်)	၂၉. ၈၂၀၀	၀. ၀၃၃၅၃
တရုတ် (ယွမ်)	၆. ၂၄၀၄၀	၀. ၁၆၀၂၅
အိန္ဒိယ(ရူပီး)	၅၄. ၂၇၈၀	၀. ၀၁၈၄၂
မလေးရှား (ရင်းဂစ်)	၃. ၁၀၀၀၀	၀. ၃၂၂၅၈
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၇၄၀	၀. ၈၀၈၁၅
ဂျပန် (ယန်း)	၉၃. ၄၁၅၀	၀. ၀၁၀၇၀
တောင်ကိုရီးယား(ဝမ်)	၁၀၈၅. ၂၅	၀. ၀၀၀၉၂
ယူရို	၀. ၇၅၈၀၅	၁. ၃၁၉၁၇
ဗြိတိသျှ (ပေါင်)	၀. ၆၅၉၅၄	၁. ၅၁၆၂၀

ရန်ကုန်မြို့လတွင်းခရီးသည်ပို့ဆောင်မှု အဆင်ပြေရန် အထူးအစီအစဉ်တစ်ရပ် စီစဉ်ပေးထား

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်မြို့တွင်း ခရီးသည်သယ်ယူပို့ဆောင်ရေးတွင် အဆင်ပြေချောမွေ့မှုရှိစေရန် ခရီးသည်တင်ယာဉ်ဟောင်းအပ်နှံမှုများ၌ အထူးအစီအစဉ်တစ်ရပ်အဖြစ်ခွင့်ပြုထားခြင်းများရှိကြောင်း ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့၏ အတွင်းရေးမှူးဦးလှအောင်က ပြောသည်။

အခြားသော တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဒိုင်နာယာဉ်တစ်စီးအပ်ပါက အလားတူယာဉ်မျိုးသာ အစားထိုးသွင်းခွင့်ပေးခြင်းများရှိသော်လည်း ရန်ကုန်တိုင်းဒေသကြီးတွင် ခြွင်းချက်အနေဖြင့် မီနီဘတ်စ်ယာဉ်များကို သွင်းခွင့်ပြုထားကြောင်း သိရသည်။

"ဒိုင်နာ၊ ကင်တာ၊ ဟိုင်းလတ်တွေအပ်ရင် မီနီဘတ်စ်သွင်းခွင့်ပေးထားပါတယ်။ ဒါက ခြွင်းချက်အနေနဲ့ ခွင့်ပြုထားတာပါ"ဟု ၎င်းကဆိုပါသည်။ မထသ(ဗဟို)တာဝန်ယူသည့်ကာလတွင် ဟိုင်းလတ်များကို မြို့နယ်ခြောက်ခုမှ အပြင်ဘက်သို့လည်းကောင်း၊ ဒိုင်နာယာဉ်များကို မြို့နယ်ရှစ်ခု၏ အပြင်ဘက်သို့လည်းကောင်း ပြေးဆွဲမှုပိတ်ပင်ပြောင်းလဲခြင်းများလုပ်ဆောင်ခဲ့သည်။

ထိုဒိုင်နာနှင့်ဟိုင်းလတ်ယာဉ်များသည် ခရီးသည်တင်ဆောင်ပြေးဆွဲရမည့် ယာဉ်များမဟုတ်သော်လည်း အခြေအနေအရ တင်ဆောင်ပြေးဆွဲနေခြင်းများရှိပြီး အစားထိုးသုံးစွဲနိုင်ရန် မီနီဘတ်စ်များတင်သွင်းမှုကို ခြွင်းချက်အနေဖြင့်ခွင့်ပြုထားခြင်းလည်းဖြစ်သည်။ မထသ(ဗဟို)က ယာဉ်လိုင်းအဖွဲ့အစည်းများကြားတွင် ဖြစ်ပေါ်နေသောအခက်အခဲများကိုလည်း ညှိနှိုင်းပေးခြင်းများရှိပြီး ယာဉ်ပိုင်ရှင်များ၏ အခက်အခဲများနှင့်ပတ်သက်၍ လက်ခံဆွေးနွေးပေးနေကြောင်း ဆက်လက်သိရှိရသည်။

(၆၈၀)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၄-၂-၂၀၁၃ (တနင်္ဂနွေနေ့)

၅:၀၀ "အနန္တဘာရ မြက်ရိတ်သမားဥပမာပြ ခန္ဓာညဏ်ရောက်ဒိဋ္ဌိဖြုတ်" တရားတော် (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ)

၁၀:၄၀ Actor Star ဘောလုံးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးလက်ရွေးစင် ဘောလုံးအသင်းတို့ ခြေစမ်းကစားပွဲ (Delay)

၄:၅၀ LOLANE Myanmar International Beauty Expo 2013

၅:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း

၅:၃၀ Weekly Sports Diary

၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချိုမြိန်သောဘဝလေး" (အပိုင်း-၁၁၁)

၈:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ ပျော်ရွှင်မှု" (အပိုင်း-၃၀)

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈:၀၀	Man City-Chelsea	(ESPN)
၈:၀၀	Newcastle-Southampton	(Star Sports)

Spain Laliga ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၅:၃၀	Vallecano-Valladolid	(ESPN)
၁၀:၃၀	Celta Vigo-Granada	(STAR SPORTS)(MRTV-4)
နံနက်ပိုင်း	**ပွဲစဉ်**	**ပြသမည့်လိုင်း**
၁၂:၃၀	Atl: Madrid-Espanyol	(STAR SPORTS)
၂:၃၀	Real Betis-Malaga	(STAR SPORTS)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

မြန်မာ့ရိုးရာ စွန်အလှနှင့် စွန်အဖြတ်ပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၁၃ ခုနှစ် နဝမအကြိမ်မြောက် မြန်မာ့ရိုးရာစွန်အလှနှင့် စွန်အဖြတ်ပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်း၌ မတ် ၁၈ ရက်မှ ၂၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး တစ်ဦးချင်းစွန်အဖြတ်ပြိုင်ပွဲ၊ အသင်းလိုက်စွန်အဖြတ်ပြိုင်ပွဲနှင့် မြန်မာ့ရိုးရာစွန်အလှပြိုင်ပွဲများပါဝင်သည်။

ပြိုင်ပွဲဝင်လိုသည့် အသင်းများ၊ တစ်ဦးချင်း ယှဉ်ပြိုင်လိုသူ မည်သူမဆို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း အထူးတန်း(တောင်ဘက်) ရှိ မြန်မာ နိုင်ငံရိုးရာအားကစားအဖွဲ့ချုပ် ရုံးခန်းသို့ ဖေဖော်ဝါရီ ၂၅ ရက်မှစ၍ မတ် ၁၁ ရက်နောက်ဆုံးထားပြီး လူကိုယ်တိုင်ရုံးချိန်အတွင်း လာရောက်ကာ ပြိုင်ပွဲဝင်ခွင့်ပုံစံများကို ဝယ်ယူဖြည့်စွက် တင်သွင်းနိုင်ကြသည်။

ယခုပြိုင်ပွဲတွင် ဆုကြေးများကို ယမန်နှစ်များကထက် ပိုမိုချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် သိရှိလိုသောအချက်များကို ဖုန်း ၀၉-၄၄၈၀၃၃၆၅၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

သင့်စီးပွားရေးလုပ်ငန်းများ
အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင်
ကြော်ငြာစို့

တကယ်ဖြစ်ချင် တကယ်လုပ်၍ ရပါသည်

ခင်မောင်ဌေး (ပညာရေး)

မြေးကလေး ဒုတိယတန်းစာမေးပွဲဖြေနေရချိန်ဖြစ်သည်။ အတန်းတင်စာမေးပွဲကြီးမို့ စာကြိုးစားနေသည်မှာ ပြောစရာမရှိ။ ထူးသည်က သင်ခန်းစာများကို အားလုံး နှံ့စပ်အောင် ကြည့်နေရ၍ အချိန်ပင်နားရသည်မရှိ။ သမီးကြီးမှာလည်း သူ့သားတော်မောင် စာမေးပွဲဖြေနိုင်ရေး လုံးပန်းနေလိုက်ရသည်မှာ မအားမလပ်။

သမီးကြီး ပြောစကားအရဆိုလျှင် ယခုပြောင်းလာသည့် ဆရာမကြီးမှာ မူလတန်းအဆင့်ကလေးများ၏ ပညာရေးကို ပို၍ အလေးထားကြောင်း သိရ၏။ အကြောင်းမှာ ဤအဆင့်တွင် ကလေးများ မှန်မှန်ကန်ကန် တတ်မြောက်မှု မရှိခဲ့လျှင် အတန်းကြီးလာလေလေ အခက်တွေ့နိုင်လေဖြစ်သောကြောင့်ပင်။ ထို့ကြောင့် စာမေးပွဲမေးခွန်းထုတ်ခြင်း၊ စာမေးပွဲခန်းစောင့်ခြင်း၊ စစ်ခြင်းမှအစ စနစ်တကျ ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ကြောင်း ကြိုတင်သိနေသောကြောင့် သမီးကြီးခမျာ ယောက်ယက်ခတ်နေခြင်းပင်ဖြစ်သည်။

မေးခွန်းမှာ ယခင်ကကဲ့သို့ အတန်းပိုင်နှင့် ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများ ပေးထားသည့်အတိုင်း မဟုတ်။ ဆရာမကြီးကိုယ်တိုင် စိစစ်ရွေးချယ်၍ ထုတ်မည်ဖြစ်သည်။ ဖြေဆိုရာတွင်လည်း သက်ဆိုင်ရာ အတန်းမှ ဆရာ ဆရာမများမစောင့်ရ။ အခြားအတန်းမှ ဆရာ ဆရာမများ စောင့်ရမည်။ စစ်လျှင်လည်း တစ်ဦးချင်း မဟုတ်။ ဝိုင်းကြီးချပ်စစ်ရမည်တဲ့။ ကျောင်းတွင်းစာမေးပွဲဖြေဆိုရာတွင်လည်း မတူညီသော အတန်းများနှင့် ရော၍ ချထားမည့်အကြောင်း စသည့်သတင်းများကြောင့် မည်သူထုတ်သည့်မေးခွန်းဖြစ်စေ၊ မည်သူစောင့်သည့်အခန်းဖြစ်စေ ဖြေနိုင်ရန် သင်ခန်းစာအားလုံးကို နှံ့စပ်အောင် လေ့ကျင့်နေရသည့်သဘော။

စင်စစ် ဆရာမကြီး၏ အတွေးကောင်းသည်။ သည်အတန်း၊ သည်ဆရာမ၊ သည်မေးခွန်းဖြင့် အောင်မြင်လာသော ကလေးများသည် ဆရာမသင်ထားသည့် မေးခွန်းကိုသာ အကြိမ်ကြိမ်အခါခါ လေ့ကျင့်ထား၍ အမှန်ရနေခြင်းဖြစ်သည်။ အခြားပုံစံတစ်မျိုး၊ မေးခွန်းတစ်မျိုးပြောင်းလိုက်လျှင် မဖြေနိုင်။ တစ်ပွဲတိုးကြိုးပမ်းမှုများကြောင့် ကလေးအများအပြား စာမတတ်ဘဲ (မကျွမ်းကျင်ဘဲ) အတန်းတက်နေရခြင်းသာဖြစ်သည်။

မိဘများကလည်း မေးခွန်းပေးသော ဆရာ ဆရာမထံတွင် လိုက်၍ သင်ကြသည်။ အချိန်တန်လျှင် မေးခွန်းရဖို့ကိုသာ မျှော်လင့်လျက်။ မေးခွန်းရလျှင် ထိုမေးခွန်းကိုသာ ထပ်ခါတလဲလဲ လေ့ကျင့်ဖို့ ကြိုးပမ်းနေတတ်ကြသည်။ ဆရာ ဆရာမအချို့မှာလည်း မိမိတို့လက်ထဲတွင် ရှိသည့် အခွင့်အရေးအပေါ် တလွဲဆံပင်ကောင်းနေကြသည်များလည်း ရှိနေ၏။

ယခုကျောင်းကဲ့သို့ မေးခွန်းကိုလည်း ဆရာမကြီး ကိုယ်တိုင်စိစစ်ပြီး ထုတ်မည်။ ဖြေဆိုရာတွင် စနစ်တကျ စီစဉ်ပေးမည်။ စစ်ဆေးရာတွင်လည်း တစ်ဦးတစ်ယောက်၏ လက်ထဲသို့ ဝကွက်၍ အပ်မထားဘဲ ဝိုင်းကြီးချပ် စစ်ဆေးခြင်းဖြင့် မိမိထင်သလို ချယ်လှယ်နိုင်ခွင့်ကို ဟန့်တားရာ ရောက်နိုင်မည်ဆိုလျှင် ရရှိနိုင်သည့် အကျိုးတရားများမှာ ကလေးများသည် (မိဘများအပါအဝင်) ဆရာ ဆရာမပေးမည့်မေးခွန်းများကို မမျှော်ဘဲ သင်ထားသမျှ ကျေညက်နှံ့စပ်အောင် လေ့လာကျက်မှတ်ဖို့လိုကြောင်း သိလာမည်။ ဆရာ ဆရာမထံ ချဉ်းကပ်ခြင်းဖြင့် (မမှန်သောနည်းဖြင့်) အမှတ်ကောင်းမရနိုင်။ တံစိုးလက်ဆောင်ပေးခြင်းဖြင့် (သိတင်းကျွတ်ရာသီမှအပ) မျက်နှာလုပ်စရာမလို။ အမှန်ပင် မိမိကလေးမှာ စာကြိုးစားမှသာ အဆင့်မီအောင်နိုင်မည်ကို မိဘများကိုယ်တိုင် သိနားလည်ပေလိမ့်မည်။

စင်စစ်အခြေခံပညာအဆင့်တွင် သူငယ်တန်းမှ နဝမတန်းအဆင့်ထိ ကျောင်းစစ်စာမေးပွဲများသာ ဖြစ်ပါသည်။ ယင်းသို့သော ကျောင်းစစ်စာမေးပွဲများတွင် ယခုလေ့လာသိရှိခဲ့ရသည့် အထကကျောင်းတစ်ကျောင်းကဲ့သို့ အတုယူ လိုက်နာဆောင်ရွက်သင့်သည်။ ယင်းသို့သော ဆောင်ရွက်မှုမှာ ကျောင်းတိုင်းတွင် အခက်အခဲရှိနိုင်မည်မထင်ပါ။ သို့သော် စီမံခန့်ခွဲရသည့် ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများတွင်မူ ဗာဟီရအလုပ်ပိုများလာသည်။ ပို၍ အပင်ပန်းခံရနိုင်သည်။ သို့သော် ရရှိမည့်အကျိုးမှာ ရေရှည်အတွက် ကောင်းပါသည်။

ထို့ကြောင့် မြေးကလေးတို့သားအမိ မအားမလပ် အလုပ်များနေရခြင်းဖြစ်သည်။ ကိုယ်တိုင်တတ်မှ၊ ကိုယ်တိုင် ဖြေနိုင်မှ ဖြစ်မည်ကို သိထားဟန်တူပါသည်။ ကျောင်းတိုင်းက ဤသို့စနစ်မျိုး ဖော်ဆောင်ကြမည်ဆိုလျှင် (ရှိသည့် ကျောင်းများလည်း ရှိနိုင်ပါသည်)မိဘတိုင်းကလည်း မိမိတို့ သားသမီးရေးပို၍ နားလည်ကာ ပို၍ လုံ့လထုတ်ကြိုးစားပံ့ပိုးပေးလာကြမည်မှာ အမှန်။ အလွယ်လမ်း၊ ဖြတ်လမ်းမှ လိုက်လိုကြတော့မည်မဟုတ်။ တကယ်ဖြစ်ချင်စိတ်ရှိ၍ အမှန်တကယ်လုပ်လျှင် အဟုတ်ဖြစ်လာနိုင်ပါသည်။ ။

လှိုင်မြို့နယ် သီရိမင်္ဂလာဈေး ထမနဲထိုးလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၃

လှိုင်မြို့နယ် သီရိမင်္ဂလာကုန်စိမ်းဈေး သာယာရေးအဖွဲ့က ကြီးမှူးကျင်းပသော သီရိမင်္ဂလာဈေးလုံးဆိုင်ရာ ဒုတိယအကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးလှူဒါန်းပွဲနှင့် မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက်တွင် ဈေးသာယာရေးရုံး ပတ်ဝန်းကျင်၌ ကျင်းပရာ ဈေးသာယာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးလွင်နှင့် အဖွဲ့ဝင်များ၊ ဈေးသူ ဈေးသားများပါဝင်၍ တပျော်တပါး ကြည့်ရှုအားပေးကြသည်။

ဒုတိယအကြိမ်မြောက် ထမနဲထိုးပွဲဖြစ်မြောက်ရေးအတွက် သီရိမင်္ဂလာဈေး၊ ဆွမ်းလောင်းအသင်းနှင့် ဈေးသာယာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပရာ ထမနဲဒယ်အိုးပေါင်း ၁၆၀ ကို ဈေးသူဈေးသားများ ပါဝင်သော အဖွဲ့က လုပ်အားဒါနပြု၍ လှူဒါန်းကြသည်။ ထမနဲလှူဒါန်းခြင်းများကို ဈေးအတွင်း ဆွမ်းခံကြွဘုန်းတော်ကြီးကျောင်းနှင့် ဈေးသာယာရေးအဖွဲ့၊ ဈေးသူဈေးသားများ၊ မြို့တော်စည်ပင်ဈေးများဌာနသို့ ပို့ဆောင်လှူဒါန်းကြောင်း သိရသည်။

(စောသိန်းဝင်း)

ယာဉ်တိုက်မှုများအား သီးခြားမှတ်တမ်းစာအုပ်ဖြင့် မှတ်တမ်းတင်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

စည်းကမ်းမဲ့မဆင်မခြင်မောင်းနှင်မှုကြောင့်ဖြစ်ပွားလာသည့် ယာဉ်တိုက်မှုများအားလုံး မှုးယစ်အမှုများကဲ့သို့ သီးခြားစာအုပ်ဖြင့် တစ်နိုင်ငံလုံးရှိ ရဲစခန်းများတွင် ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်၍ မှတ်တမ်းတင်စာအုပ်ထားရှိရမည်ဖြစ်သည်။

သတင်းပေးတိုင်ချက်ဟု ခေါ်တွင်သော ရဲစခန်းမှတ်တမ်းတင်ရာတွင် ယခင်က မူးယစ်အမှုတွဲများကိုသာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မှတ်တမ်းကောက်ယူရာတွင် လွယ်ကူစေရန် သီးခြားစာအုပ်ထားပြီး ကျန်အမှုတွဲ အားလုံးကို မှတ်တမ်းတစ်အုပ်တည်းတွင်သာ မှတ်တမ်းတင်ရာမှ ယခုအခါ ယာဉ်ထိခိုက်မှု၊ ယာဉ်တိုက်မှုနှင့် ယာဉ်တိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုများကို စာရင်းကောက်ယူရာတွင် လွယ်ကူစေရန် သီးခြားစာအုပ်ထားကာ မှတ်တမ်းတင်သွားမည်ဖြစ်ကြောင်း သိရသည်။

(မြတ်ဇော်လင်း)

ကသာ ဖေဖော်ဝါရီ ၂၃

ကသာမြို့ ညဈေးတန်းလမ်း၌ ပန်းသီး၊ စပျစ်သီး၊ ဒူးရင်းသီး၊ လိမ္မော်သီး၊ ကြက်မောက်သီး၊ နဂါးမောက်သီးနှင့် ပျားလိမ္မော်သီးများရောင်းချလျက်ရှိသော သစ်သီးဆိုင်တန်းများ အစီအရီရှိရာတွင် ပျားလိမ္မော်သီးမှာ အခြားအသီးများထက် အရောင်းသွက်ပြီး ဈေးကောင်းရရှိနေကြောင်း သိရသည်။ ပျားလိမ္မော်သီးသည် သာမန်လိမ္မော်သီးထက် လေးပုံတစ်ပုံခန့် အရွယ်သာရှိပြီး ပျားရည်ချိုသကဲ့သို့ ချိုမြိန်သောကြောင့် လူကြိုက်များလျက်ရှိသည်ဟု သိရသည်။

အရောင်းသွက်နေသည့် ကသာမြို့မှ ပျားလိမ္မော်

ကသာမြို့ ညဈေးတန်းအလယ်မှ သစ်သီးဆိုင်ပိုင်ရှင် အမျိုးသမီးတစ်ဦးက "ပျားလိမ္မော်ကို အစားများတာက တော့ အမျိုးသမီးနဲ့ ကလေးတွေပါပဲ၊ တစ်ပိဿာကို ကျပ် ၃၀၀၀ နဲ့ အတော်ရောင်းရတယ်၊ တခြားအသီးတွေ တစ်ခါတင်ထားရင် ပျားလိမ္မော်သီးကတော့ နောက်ထပ်နှစ်ခါသုံးခါလောက် ထပ်ဖြည့်ရလောက်အောင် အရောင်းသွက်တာ" ဟု ပြောသည်။

ကိုကိုခန့်ချော (ကသာမြေ)

ကမ္ဘာကျော် အဆင့်မြင့်ကိုရီးယား ဂျင်ဆင်းကို ရရန် (၆) နှစ်စောင့်ရပါသည်။
မြန်မာ့ရတနာ ဆေးဖက်ဝင် သနပ်ခါးကို ရရန် အနည်းဆုံး (၇) နှစ်ကြာပါသည်။

ကျွန်မကအင်ဂျင်နီယာတစ်ဦးပါ။ ကျွန်မအလုပ်ကနေ့ပူထဲမှာလုပ်ရတာများလို့ ကျွန်မအသားအရေတွေနေလောင်ပြီး ညိုမည်းလာပါတယ်။ ဘိလပ်မြေမှုန့်၊ ဖုန်မှုန့်၊ သဲမှုန့်တွေနဲ့ ထိတွေ့နေရတာတွေကြောင့်လည်း အသားအရေတွေက ကြမ်းတမ်းပြီး ခြောက်သွေ့လာကာ အဖုအပိမ့်တွေလည်း ထွက်လာပါတယ်။ ပါးနှစ်ဖက်မှာရှိတဲ့ အသားအရေတွေကလည်းခြောက်သွေ့ကြမ်းတမ်းနေပြီး နှာခေါင်းကအဆီတွေပြန်နေတာဟာ အလွန်ပဲကြည့်ရဆိုးလှပါတယ်။ ကျွန်မရဲ့အသားအရေတွေပျက်စီးနေတာကြောင့် မှန်ကြည့်တိုင်းစိတ်ညစ်နေခဲ့ရပါတယ်။ တစ်နေ့မှာအလုပ်ထဲကို ကျွန်မတို့ရဲ့ စီနီယာမမတစ်ယောက်ရောက်လာပါတယ်။ သူ့ရဲ့အသားအရေကတော့ပုံမှန်အတိုင်းပဲ ကြည်လင်စိုပြေနေပါတယ်။ သူ့ရဲ့အလှအပနဲ့ လျှို့ဝှက်ချက်ကို မေးကြည့်ရာ "**ရွှေပြည်နန်းအစိမ်းရောင်**"သနပ်ခါးဘူးလေးပါတဲ့။ ကျွန်မလည်း စီနီယာမမရဲ့အညွှန်းနဲ့ "**ရွှေပြည်နန်းသဘာဝအသားဖြူသနပ်ခါး**" ကိုစသုံးဖြစ်ပါတယ်။ မသုံးခင်တုန်းကတော့ ဒီသနပ်ခါးကကျွန်မအခက်အခဲတွေရဲ့ "အဖြေကောင်း" တစ်ခုဖြစ်ပါ့မလားလို့ပါ။ လက်တွေ့လိမ်းကြည့်တဲ့အခါမှ တစ်နေ့ထက်တစ်နေ့ ကျွန်မအသားအရေ၏အဆီပြန်မှုတွေ လျော့ကျလာသလို အဖုအပိမ့်နဲ့အမည်းကွက်တွေ သိသိသာသာလျော့နည်းလာပါတယ်။ တစ်ပတ်အတွင်းမှာ အဖုတွေအားလုံးနီးပါးပျောက်ပြီး အသားအရေတွေလည်း ပြန်လည်စိုပြေလာပါတယ်။ ကျွန်မအရမ်းပျော်ရွှင်မိပါတယ်။ **ရွှေပြည်နန်းသနပ်ခါးက ကျွန်မအသားအရေလှပမှုအတွက် "အဖြေကောင်း"တစ်ခုဖြစ်ခဲ့ပါတယ်။** ရွှေပြည်နန်းက ကျွန်မအသားအရေကိုဖြူစင်မှုတွေပေးရုံမက ကျွန်မအလှအတွက် ယုံကြည်မှုတွေပြန်ရလာအောင်ကူညီပေးခဲ့တဲ့ ရွှေပြည်နန်းသနပ်ခါးကို အရမ်းပဲနှစ်သက်မိသလို ထုတ်လုပ်ပေးတဲ့ကုမ္ပဏီကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်။ ရွှေပြည်နန်းသနပ်ခါးကို စိတ်ချယုံကြည်စွာသုံးစွဲမယ်ဆိုရင် ရလဒ်ကောင်းတွေပေးနိုင်မယ့် မြန်မာ့သနပ်ခါးဖြစ်ကြောင်း ကိုယ်တွေ့နဲ့ယှဉ်ပြီး အာမခံလိုက်ပါရစေ။

မသိန့်သိန့်စော် B.E (Civil) ဆိုင်းတန်း၊ မြို့မ(၄) ရပ်ကွက်၊ မိတ္ထီလာမြို့။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။

မသိန့်သိန့်စော်၏ပေးစာတွင်ဖော်ပြထားသော အကြောင်းအရာအချက်အလက်များမှာ မှန်ကန်သောဖြစ်ရပ်များ ဖြစ်ပါကြောင်းနှင့် ကျွန်မကိုယ်တိုင်သိရှိခဲ့သော မျက်မြင်ကိုယ်တွေ့ အကြောင်းအရာများဖြစ်ပါကြောင်း ထပ်ဆင့်ထောက်ခံအပ်ပါသည်။

မခင်ခင်ချို (ဒါရိုက်တာ), Ayeyarwaddy United Constructoin Co.,Ltd.

ဖိတ်ခေါ်အပ်ပါသည်။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ အကန့်အသတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

ရွှေပြည်နန်းမှရရှိထားသော နိုင်ငံတကာအသိအမှတ်ပြုဆုတံဆိပ်နှင့် အရည်အသွေးဆိုင်ရာလက်မှတ်များ

Halal Certificate

2008 Global Excellence Awards, 2009 People's Choice Awards

BFAD Philippines

FDA (Thailand)

PSB Singapore

မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု

ပြည်တွင်းရေးရာ

ပေးကားပေးဒေါ်

ဖေဖော်ဝါရီ ၂၀ ရက်နေ့တွင် ကျင်းပသည့် (၁၇) ရက်မြောက် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ်က အရေးကြီးအဆို တစ်ရပ်တင်သွင်းခဲ့ရာ လွှတ်တော်က အဆိုအတည် ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်ဟု (၂၁-၂-၂၀၁၃)ရက်နေ့ ထုတ်ကြေးမုံသတင်းစာတွင် ဖတ်လိုက်ရသည်။ ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်မိပါသည်။ ဦးတင်ထွတ်၏ အရေးကြီး အဆိုမှာ "အခြေခံကျောင်းများ အဆင့်မြှင့်တင်ခြင်း၊ ဆရာ၊ ဆရာမများ တိုးချဲ့ခန့်ထားပေးခြင်းတို့ကို ဆောင်ရွက်ပေးရေး"ဟူ၍ ဖြစ်သည်။

မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေ တောသူတောင်သားများ ဖြစ်ကြသည်။ လယ်ယာကိုင်းကျွန်းနှင့် ရုန်းကန်လှုပ်ရှားဘဝကို တည်ဆောက်နေကြရသူများ ဖြစ်ကြသည်။ နိုင်ငံတော်မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စာသင်ကျောင်းများကို တစ်ရွာတစ်ကျောင်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိနေပြားလည်း လိုအပ်နေဆဲဖြစ်ပါသည်။ စာသင်ကျောင်းမရှိသော ရွာများရှိနေဆဲဖြစ်သလို ဆရာဦးရေ နည်းပါးသော တောကျောင်းများလည်းရှိနေဆဲ ဖြစ်ပါသည်။ စာသင်ကျောင်းမရှိသောရွာများတွင် ဘုန်းတော်ကြီးကျောင်းမှ တာဝန်ယူကြီးကြပ် သင်ကြားပေးနေရသလို ဆရာအင်အားလိုအပ်ချက်ကိုလည်း ငှားရမ်းဖြည့်ဆည်း ပညာဒါနပြုနေကြရဆဲပါ။ "အလှူတကာ့အလှူတွင် တရားအလှူသည် အမြတ်ဆုံး"ဟု ဗုဒ္ဓ၏ သွန်သင်ဆုံးမမှုအောက်တွင် လူလားမြောက်လာကြသူများပီပီ ပညာရေးကိုလည်း တရားအလှူနှင့်မခြား ဦးစားပေး ဒါနပြုနေကြဆဲ။ လိုအပ်ဆရာများကို အခကြေးငွေပေး ငှားရမ်းကြရသလို စပါးပေးငှားရမ်း "ပညာရေးဘာတာစနစ်"ကို ကျင့်သုံးနေရဆဲ ဒေသများလည်း ရှိနေဆဲ ဖြစ်ပါသည်။

အခြေခံပညာဆရာအင်အားကို အခြေခံပညာကျောင်းသားဦးရေနှင့် တွက်ချက်ကြည့်ပါက (၁း၄၅) ဝန်းကျင်မှာ ရှိနေသည်။ သို့သော် ကျေးလက်မှာ ဆရာရှားပါးနေပြီး မြို့ပြမှာ ဆရာပွားများနေသည်။ ကျေးလက်မှာ ဆရာလိုအပ်ချက်ရှိနေပြီး မြို့ပြမှာ ဆရာပိုလျှံနေသည်။ အတွေ့အကြုံအရ ၁၉၈၉ ခုနှစ်ကုန်တွင် ရန်ကုန်မှ ဆရာများ ရခိုင်ပြည်နယ် ကျေးလက်ဒေသအနှံ့ စုပြုံရောက်လာကြသည်။ ရောက်သည့်ရွာတိုင်းမှာ ဝမ်းသာအားရဆီးကြိုကြသည်။ နှစ်နှစ်အကြာ ၁၉၉၂ ခုနှစ် ဇွန်လအရောက်တွင် အားလုံးနီးပါး အစားပြန်မလာဘဲ ဌာနေ ရန်ကုန်သို့ အပြီးပြန်သွားကြသည်။ ကျေးလက်မြို့ပြ ဆရာအချိုးမညီမျှမှု သာဓကတစ်ရပ်ဖြစ်ပါသည်။

တစ်ဖက်တွင်လည်း ကျေးလက်ပညာရေးတွင် ဆရာ၊ ကျောင်းသားအချိုးကို ပုံသေတွက်ယူခွဲဝေပေး၍ မရနိုင်ပါ။ ကျေးလက်မူလတန်းကျောင်းတိုင်းတွင် ကျောင်းသားဦးရေ နည်းပါးသော်လည်း ဆရာငါးဦး အနည်းဆုံးလိုအပ်ပါသည်။ မိမိဘဝတွင် နှစ်ပေါင်းသုံးဆယ်နီးပါး ဟိုအတန်း ဒီအတန်း ပြေးပြေးလွှားလွှား ဆိုင်းဝိုင်းတီးသလို လက်မလည်အောင် သင်ကြားပေးရသည့် စာသင်ကျောင်းများရှိခဲ့ဖူးသလို တစ်ဦးတည်း ထိန်းကျောင်းသင်ကြားပေးရသည့် ကျောင်းများလည်း ရှိခဲ့ဖူးပါသည်။

လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးတင်ထွတ်၏ အရေးကြီးအဆိုသည် ကျေးလက်ပညာရေးအတွက် ကြီးစွာ အထောက်အကူဖြစ်စေမည် အမှန်ဖြစ်ပါသည်။ လက်တွေ့တွင်လည်း ပညာရေးအောက်ခြေရပ်ဝန်း၏ ပကတိအခြေအနေတွင် စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်ပေးနိုင်ကြရန် ဆန္ဒပြုတင်ပြအပ်ပါသည်။ ။

အောင်ကျော်ညို(ဆင်ချဆိပ်)

သတ်မှတ်ခေါက်ရေပြည့်သော်လည်း ကြားကားဆွဲခြင်းမျိုး လိုင်းကားများကို ခွင့်ပြုထားခြင်းမရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်မြို့တွင်း ပြေးဆွဲသွားလာနေသော ခရီးသည်တင်ယာဉ်များတွင် နေ့စဉ်သတ်မှတ်ခေါက်ရေပြည့် ပြေးဆွဲပြီးနောက် ကြားကားအဖြစ်ပြေးဆွဲခြင်းမျိုး ခွင့်ပြုထားခြင်းမရှိကြောင်း မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်ကပြောသည်။

လွန်ခဲ့သောရက်ပိုင်းက ကြည့်မြင်တိုင်မြို့နယ်အတွင်းသို့ ပြေးဆွဲခဲ့သော ခရီးသည်တင် ယာဉ်လိုင်းတစ်ခုမှ ယာဉ်တစ်စီးသည် ကြားကားဟုဆိုကာ ယာဉ်စီးခပိုတောင်းနေခြင်းကို ကိုယ်တိုင်ကြုံတွေ့လာမှုအရ ၎င်းအား အတည်ပြုမေးမြန်းရာတွင် "ကြားကားဆွဲတာမျိုး လုံးဝခွင့်ပြုမထားဘူး၊ သူ့ဟာသူ ခေါက်ရေပြည့်လည်း မဆွဲရဘူး"ဟု အထက်ပါပုဂ္ဂိုလ်က ကြေးမုံသတင်းထောက်၏ မေးမြန်းမှုကို ဖြေကြားခဲ့သည်။

"ကျွန်တော်တို့က လိုင်းကားမဟုတ်ဘူး၊ အခုကြားကားအဖြစ်ဆွဲနေတာ။ အတက်အဆင်းဆိုရင် ကျပ် ၁၀၀၊ ကြည့်မြင်တိုင်အထိဆိုရင် ကျပ် ၂၀၀၊ ဒါပိုတောင်းတာမဟုတ်ဘူး"ဟု အဆိုပါကြားကားအဖြစ် ပြေးဆွဲသောယာဉ်မှ ယာဉ်နောက်လိုက်က ခရီးသည်များအား ပြောပြသည်။

အဆိုပါယာဉ်သည် သာကေတ အဝိုင်းအနီးမှ ကြည့်မြင်တိုင် ဟံသာဝတီအထိ ပြေးဆွဲခြင်းဖြစ်ပြီး ညအချိန် အပြန်ခရီးစဉ်အတွက် ပြေးဆွဲခြင်းဖြစ်သလို ယာဉ်ပေါ်တွင် ငွေကောက်ခံသော ယာဉ်နောက်လိုက်က ကြားကားဟု ပြောဆိုသော်လည်း ယာဉ်အောက်တွင် ခရီးသည်ခေါ်သော ယာဉ်နောက်လိုက်က နောက်ဆုံးကားဟုပြောဆိုကာ လိုင်းတူ ယာဉ်တစ်စီးနောက်မှ ပါလာခြင်းကြောင့် အပြိုင်လုမောင်းရသောအဖြစ်လည်း ကြုံခဲ့ရကြောင်း သိရသည်။

ကြည့်မြင်တိုင် မြို့နယ်အတွင်း ပြေးဆွဲသော အခြားယာဉ်လိုင်းများမှ ယာဉ်များသည် ခေါက်ရေပြည့်ခြင်းကြောင့် လည်းကောင်း၊ သဘာဝဓာတ်ငွေ့ လိုအပ်ချက်ကြောင့်လည်းကောင်း သဘာဝဓာတ်ငွေ့ဖြည့်တင်းရန် ဓာတ်ငွေ့အရောင်းဆိုင်သို့ သွားရာတွင် တာတိုခရီးသည်များကို နားလည်မှုအရ တင်ဆောင်သော်လည်း ကြားကားဟူ၍ ပြောဆိုမောင်းနှင်ခြင်းမျိုး မတွေ့ရကြောင်း ကွင်းဆင်းသတင်းမှတ်တမ်းများ အရ သိရသည်။

ထိုခရီးသည်တင် ယာဉ်များနှင့် ပတ်သက်၍ ခရီးသည်များဘက်မှ ကျေနပ်မှုမရှိပါက တိုင်ကြားရန် ဖုန်းနံပါတ်များကို အသိပေးထားပြီးဖြစ်ကာ ဝက်ဘ်ဆိုက်မှတစ်ဆင့် တိုင်ကြားမှုများလည်း ဖိတ်ခေါ်ထားပြီး အရေးယူဆောင်ရွက်နေကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

ရန်ကင်းမြို့နယ် အခြေခံ တိုင်းရင်းဆေးပညာ ဆင့်ပွားသင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ်နှင့် ရပ်ကွက်များသို့ တိုင်းရင်းဆေးပင်များ ပေးအပ်စဉ်။ (၃၅)

Ph. 09 402533214, 09 420273012, 09 8598493

392704, 09 50 66657, 09 730 17110, 09 49 244010

09-73207416, 09-43098308

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P (လှော်ကား) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	Specification
1.	Gl Pipe Ø 2" T-1.6mm, L-6m	3000 Nos.	Equal To China Gl Standard
2.	Gl Pipe Ø 3" T-2.8mm, L-6m	2000 Nos.	Equal To China Gl Standard
3.	Gl Pipe Ø 4" T-2.8mm, L-6m	500 Nos	Equal To China Gl Standard
4.	H-Beam (150mmx150mm x 7mm x10mm) (L-12m)	100 Tons	Equal To Standard Quality (JIS,G3101-SS 400), Q 235

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်၊ မွန်းတည့် ၁၂း၀၀ နာရီဖြစ်ပြီး ၁၃း၀၀ နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၂၃၁၊ ဖက်စ်-၄၁၁၀၈၁

မုံရွာဆရာမိုး
ကျောက်တစ်လုံးဝမ်းမှန်ဆေး

အမည်ပြောင်းလဲခေါ်ဆိုပါရန်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ အဖ ဦးသန်းဌေး၏သား မောင်ရဲဝင့်သန်းဌေး နိုင်ငံသားကတ်အမှတ်[၇/ပခန(နိုင်)၂၆၂၅၁၂]အား မောင်ဥက္ကာသန်းဌေးဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဥက္ကာသန်းဌေး

0973198239, 0943033237, 0973163538

AKM TRAVELS

H.A.L TRAVELS
09-420183444, 09-73040151

BLT Air-Con Express

ကျောင်းသား၊ ကျောင်းသူ ဦးရေ နည်းနည်းသာ လက်ခံ၍ တစ်ဦးချင်းစီ၏
ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့တွင် မိဘများကဲ့သို့ အထူးဂရုစိုက်မှု၊ စည်းကမ်းရှိမှု၊ အောင်မြင်မှုတို့တွင်
ပြိုင်စံမပေါ် နိုင်ငံကျော်
ကံ့ကော်ရွှေပြည်
ဆရာကြီး ဒေါက်တာသန်းထွန်း
B.A ,H.G.P , R.L,D.I.L , DMA, D.B.A(USA), Ph.D(Law)(USA)
မတ်လ အလယ်တွင် ဖွင့်လှစ်မည်
၈တန်း၊ ၉တန်း၊ ၁၀တန်း ၂၀၁၃-၂၀၁၄ ပညာသင်နှစ်
နေ့တက်အဆင့်မြင့်တန်း နှင့် အဆင့်မြင့်ဘော်ဒါ (ကျောင်းသား၊ကျောင်းသူ သီးသန့်ခြံ)
ကျောင်းကား Ferry စီစဉ်ပေးသည်
အမှတ် ၃(A)၊ ပြည်တော်အေးရိပ်သာ၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
အခန်း (၁၀၀၇)၊ YUZANA BUSINESS TOWER, ၂၅ ဓမ္မစေတီလမ်း၊ မြေနီကုန်း၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၇၃၁၅၆၀၉၉၊ ၀၉ ၇၃၀၅၅၉၄၃၊ ၀၉ ၅၀ ၇၇၇၅၅၊ ၀၉ ၅၁ ၁၁၆၀၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြောက်၊ မြေကွက်အမှတ်-၂/ဂ၊ မြေကွက်တည်နေရာအမှတ်(၂/ဂ)၊ လယ်ယာ(၇)လမ်း၊ ၁၀/မြောက်ရပ်ကွက် သာကေတမြို့နယ် (ဦးဘိုးလုံး) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဘိုးလုံး(ဖခင်)နှင့် ဒေါ်စန်းစန်းမြင့်(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ ဦးစိုးလွင်ဦး၊ ၂။ဒေါ်ခင်သန်းဌေး၊ ၃။ဒေါ်ရင်ရွှေတို့ထံမှ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် (၁၄၁၀/၁၃)ရရှိသူ ဦးသီလသိမ်း[၁၂/အလန(နိုင်)၀၂၈၁၂၇]မှ သေစာရင်း ကျမ်းကျိန်လွှာတင်ပြပြီး ပိုင်ဆိုင်ကြောင်း စာချုပ်ရန်၊ အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ် ၂၈၂၊ မြေကွက်တည်နေရာအမှတ်(၂၈၂)၊ သီရိနန္ဒာ(၂၉)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဦးဝမ်းလှိုင်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဝမ်းလှိုင်ထံမှ ကိုယ်စားလှယ်လွှဲစာအမှတ်-၁၃၆၀၇(၂၂-၇-၂၀၁၂) အထူးကိုယ်စားလှယ် ဦးစိုင်းသီဟအောင်[၁၂/ပဇတ(နိုင်)၀၁၂၁၂၅]က (၂၀၀၇)ခုနှစ်တွင် ကူးယူခဲ့သော အပိုင်ပေး မြေပုံပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အနုပညာ

Essence မဂ္ဂဇင်းမှ အသက်အငယ်ဆုံးသော အော်စကာဆန်ခါတင်ဆုရှင်အား ဂုဏ်ပြုပွဲကျင်းပ



ယခုလ လဆန်းပိုင်းက ကြေညာပေးခဲ့သည့် (၈၅) ကြိမ်မြောက် အော်စကာဆုပေးပွဲ၏ ဆန်ခါတင်ဆုရှင်များ စာရင်းတွင် ထူးခြားမှုတစ်ရပ်အနေဖြင့် ယခင်နှစ်များက မပါဝင်ဖူးသော အသက်ကိုးနှစ်အရွယ် ကလေးသရုပ်ဆောင်တစ်ဦး ပါဝင်လာခဲ့ခြင်းဖြစ်သည်။

၎င်းမှာ Beasts of the Southern Wild ဇာတ်ကားမှ အဓိကသရုပ်ဆောင် ဟက်ရှ်ပက်ပီအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သူ Quvenzhane Wallis (၀ဲပိုံ) ဖြစ်သည်။ သူမသည် အဆိုပါဇာတ်ကားဖြင့် (၈၅)ကြိမ်မြောက် အော်စကာဆုပေးပွဲ၏ အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုအတွက် ဆန်ခါတင်ရွေးခြယ်ခြင်းခံခဲ့ရသည်။

ထို့ကြောင့် Wallis သည် အော်စကာသမိုင်းတွင် အသက်အငယ်ဆုံး အော်စကာဆန်ခါတင်ဆုရှင်လေး တစ်ဦးဖြစ်လာခဲ့သည့်အပြင် ၎င်းဇာတ်ကားဖြင့်ပင် အခြားသောဆုများစွာကိုလည်း ရရှိသိမ်းပိုက်နိုင်ခဲ့သည်။

ထို့အပြင် ကြာသပတေးနေ့က ကျင်းပသည့် Essence မဂ္ဂဇင်းမှ နှစ်စဉ်ဂုဏ်ပြုချီးမြှင့်လျက်ရှိသော (၆) ကြိမ်မြောက် ဟောလိဝုဒ်ရုပ်ရှင်လောကအတွင်းမှ ထူးချွန်လူမည်းအမျိုးသမီးများကို ဂုဏ်ပြုသည့် ဂုဏ်ပြုဆုကိုလည်း Wallis က ရရှိခဲ့သည်။

တောင်ကိုရီးယားဒါရိုက်တာ၏ ဟောလိဝုဒ်ဇာတ်ကား မတ် ၁ ရက်တွင် ကမ္ဘာတစ်ဝန်းသို့ ဖြန့်ချိမည်

တောင်ကိုရီးယား ဒါရိုက်တာ ပတ်ချန်ဝတ်၏ အင်္ဂလိပ်ဘာသာစကားဖြင့် ရိုက်ကူးထားသော Stoker အမည်ရှိ ဗြိတိန်-အမေရိကန် စိတ္တဇ သည်းထိတ်ရင်ဖို ဇာတ်ကားသည် အမေရိကန်တွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအတွက် အကြောင်းပြချက်ကောင်းတစ်ခု ဖြစ်စေလိမ့်မည်ဖြစ်ကြောင်း ကြာသပတေးနေ့က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပသည့် အဆိုပါဇာတ်ကား စာနယ်ဇင်းရှင်းလင်းပွဲတွင် ဒါရိုက်တာ ပတ်ချန်ဝတ်က ပြောကြားခဲ့သည်။

ယင်းဇာတ်ကားတွင် ဟောလိဝုဒ်သရုပ်ဆောင်များဖြစ်သည့် နစ်ကိုးလ်ကတ်ဒ်မင်းန်၊ မက်သရူးဂိုးဒီနှင့် Mia Wasikowska တို့က အဓိကသရုပ်ဆောင်များအဖြစ် ပါဝင်သရုပ်ဆောင်ထားကြသည်။

"ဟောလိဝုဒ် အနုပညာလောကထဲသို့ ကျွန်တော်ဝင်လာချင်ရခြင်းရဲ့ အကြောင်းရင်း တစ်ခုကတော့ ဟောလိဝုဒ်မှာ ကျွန်တော်လေးစားအားကျရတဲ့အနုပညာရှင် အတော်များများရှိတယ်။ ကျွန်တော်တို့ တောင်ကိုရီးယားမှာလည်း တကယ်ကိုတော်တဲ့ အနုပညာရှင် မင်းသား၊ မင်းသမီးတွေ အများကြီးရှိပါတယ်။ ဒါပေမယ့် Mia တို့ကိုတော့ မမီဘူးဗျာ"ဟု ဒါရိုက်တာ ပတ်ချန်ဝတ်က အဆိုပါ စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောကြားသွားခဲ့သည်။

"ဒီဇာတ်ကား တစ်ကားလုံးမှာ ကျွန်တော် အကြိုက်ဆုံးအခန်းကတော့ အင်ဒီယားအဖြစ်သရုပ်ဆောင်တဲ့ Wasikowska ဟာ ဆိုးရွားလွန်းတဲ့ မတော်တဆမှုကြီး မဖြစ်ခင် ဦးလေးချာလီအဖြစ် သရုပ်ဆောင်တဲ့ ဂိုးဒီနဲ့အတူ ပန်းခြံထဲမှာ ကစားနေတဲ့ အခန်းပါပဲ။ အဲဒီဇာတ်ဝင်ခန်းကို Nashville ပြည်နယ်ရဲ့ သာယာလှတဲ့ နွေညလေးတစ်ညမှာ ရိုက်ကူးထားတာပါ။ ဇာတ်ကား တစ်ကားလုံးရဲ့ ဇာတ်လမ်းဇာတ်ကွက်တွေ အားလုံးကို တစ်ခုနဲ့တစ်ခု သဟဇာတဖြစ်ပြီး တမူထူးခြားအောင် တင်ဆက်ပေးထားပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

Stoker ဇာတ်ကားရိုက်ကူးနေစဉ်အတွင်း ရုပ်ရှင်ထုတ်လုပ်သူ၊ ဒါရိုက်တာ တိုနီစကော့ သေဆုံးခဲ့ရသည့်အတွက် ၎င်းနောက်ဆုံး ထုတ်လုပ်ခဲ့သည့် ဇာတ်ကားတစ်ကားဖြစ်သည့် အဆိုပါဇာတ်ကားကို ကမ္ဘာတစ်ဝန်းသို့ မတ် ၁ ရက်တွင် စတင်ဖြန့်ချိမည်ဖြစ်ပြီး ဒေသတွင်းရုပ်ရှင်ရုံများ၌မူ ၎င်းနေ့ထက်စော၍ ဖေဖော်ဝါရီ ၂၈ ရက်တွင် စတင်ဖြန့်ချိပြသသွားမည်ဖြစ်ကြောင်း သိရသည်။

မြိုးစန္ဒာမြင့်
စုစည်းသည်

ခွဲစိတ်မှုခံယူအပြီး ပရိသတ်များကို ကျေးဇူးတင်နေတဲ့ လေဒီဂါဂါ

ကျန်းမာရေးအခြေအနေကြောင့် ဂီတဖျော်ဖြေပွဲများ ရက်ရွှေ့ဆိုင်းခဲ့ရသည့် နာမည်ကျော်အဆိုတော် လေဒီဂါဂါက ခွဲစိတ်မှုခံယူခဲ့ပြီး သူမ နေမကောင်းဖြစ်ခဲ့စဉ်က သူမအတွက် စိတ်ပူပေးခဲ့ကြသော ပရိသတ်ကြီးအား ကျေးဇူးအထူးတင်ရှိပါကြောင်း ဗုဒ္ဓဟူးနေ့က သူမ၏ ဘလော့ဂ်တွင် ရေးသားဖော်ပြသွားခဲ့သည်။

အဆိုပါရေးသားချက်တွင် ခွဲစိတ်မှုခံယူစဉ်က ပရိသတ်များ၏ အားပေးမှုသည် သူမအတွက် တွန်းအားများ ဖြစ်ပေါ်စေခဲ့ကြောင်း၊ ထို့အပြင် "တစ်ခါတစ်ရံမှာ သင်အရမ်းကြောက်တဲ့အရာတွေက သင့်ကိုပိုပြီး သတ္တိရှိအောင် လုပ်ဆောင်ပေးပါတယ်။ မယုံနိုင်လောက်အောင်ပါပဲ"ဟု လေဒီဂါဂါက ရေးသားဖော်ပြသွားခဲ့သည်။

လေဒီဂါဂါသည် ပြီးခဲ့သည့် ရက်သတ္တပတ်ကုန်ခန့်က စီစဉ်ထားခဲ့သော Born This Way Ball အမည်ရှိ ကမ္ဘာလှည့်ဂီတဖျော်ဖြေပွဲကို ရက်ရွှေ့ဆိုင်းခဲ့ရပြီး မွန်ထရီရယ်မြို့၌ ဖျော်ဖြေတင်ဆက်မည့် ဂီတဖျော်ဖြေပွဲ လေးပွဲကိုလည်း ရက်ရွှေ့ဆိုင်းထားခဲ့ရကြောင်း သိရသည်။

ရတနာသုံးပါး သဒ္ဓါရှင်များ သမ္မတ အိန္ဒိယ ဘုရားဖူးအဖွဲ့နှင့် သွားကြပါစို့ ...

အိန္ဒိယနှင့် နီပေါနိုင်ငံ သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန ဘုရားဖူးခရီးစဉ်များကို **အထူးအစီအစဉ်** အနေဖြင့် ၁၆-၃-၂၀၁၃ နှင့် ၃၀-၃-၂၀၁၃ ရက်နေ့တွင် ထွက်ခွာမည့် (၁၄) ညအိပ် (၁၅) ရက် ခရီးစဉ်ကို ကျပ် (၈၅) သိန်း။ နိုင်ငံကူးလက်မှတ် လက်ဝယ်ရှိသူများအတွက် ကျပ် (၈) သိန်းဖြင့် ပို့ဆောင်ပေးမည်ဖြစ်ပါသည်။ (၁၆) ဦး စုစည်းလျက် တစ်ပြိုင်တည်း လာရောက်စာရင်းသွင်းပါက တစ်ဦး အခမဲ့ လိုက်ပါစေမှာဖြစ်ပါသည်။ အသေးစိတ်ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သမ္မတ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ အမှတ်-၁၁၈၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၈၆၀၃၁၅၅၊ ၀၁-၈၆၀၃၁၅၉၊ ၀၉-၄၉၂၁၃၄၉၄၊ ၀၉-၅၁၅၄၁၆၄

JOURNEYS Nature and Culture Explorations
Spain : Vatican : Italy : Paris : Switzerland : Netherland ...
London : France : Netherland : Germany : Switzerland : Italy : Vatican ...
Singapore : Malaysia : Phuket : Bangkok

GOLDEN STAR
ကျိုက်ထီးရိုး
ချောင်းသာ
ငွေဆောင်
Ph:209200,430480,544383

ရွှေနဂါး
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
Ph. 209077,09-731 67000
209388,09-731 68000

(Mar-11,15,18,22,24)
01-501500, 0973257853,09420179479

ရွှေဥဒေါင်းမင်း 09421152677, 09421122687
(၃)ရက် 55000

အလင်းရောင် Ph: 421061860, 421099405, 421129597

အလှူ ဂါချစ်သူ "ပေလီ"
ဖုန်း - ၀၉ - ၇၃၀၀၂၇၄၃ ၊ ၀၉ - ၄၂၀ ၁၂၈ ၅၀၂

မဟာစည်သာသနာ့ရိပ်သာ

(၃၃)ကြိမ်မြောက်ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း

သင်တန်းတက်ရောက်လိုသူများအား လျှောက်ထားနိုင်ရန် နှိုးဆော်အပ်ပါသည်။

၁။ သင်တန်းလက်ခံရက်(၂၆-၂-၂၀၁၃)မှ(၁၀-၃-၂၀၁၃)
၂။ သင်တန်းလက်ခံချိန် /နေရာ -
ရှင်သာမဏေများ - နံနက်(၇)နာရီမှ(၉)နာရီ
မွန်းလွဲ(၁)နာရီမှညနေ(၄)နာရီ
(သံဃာတော်များနေရာချထားရေးရုံး)
သီလရှင်များ - နံနက်(၈)နာရီမှညနေ(၄)နာရီ
(အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့ရုံး)
၃။ သင်တန်းဖွင့်ရက် - (၁၀-၃-၂၀၁၃)
၄။ ရှင်သာမဏေနှင့်သီလရှင်ဝတ်ရက် -
(၈-၃-၂၀၁၃)(၉-၃-၂၀၁၃)(၁၀-၃-၂၀၁၃)
၅။ သင်တန်းပိတ်ရက် - (၈-၄-၂၀၁၃)
၆။ ဆုပေးပွဲရက် (၂၄-၅-၂၀၁၃)-(ကဆုန်လပြည့်နေ့)

မဟာစည်သာသနာ့ရိပ်သာ
အမှတ်(၁၆)သာသနာ့ရိပ်သာလမ်း၊ဗဟန်း၊ရန်ကုန်မြို့။

အများသိသာရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ လူနေရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်-၅၇၃(က)ဟုခေါ်တွင်သော ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၅၇၃-က)၊ စာဂလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သောနေအိမ်ကို ပိုင်ရှင် ဦးမျိုးမြင့်[၁၂/ဥကတ(နိုင်)၀၅၇၂၁၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စံလှသူ[၁၂/ဥကတ(နိုင်)၀၃၅၈၃၉]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးဌေးမောင် | ဦးဆန်းလွင်ဦး
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၂၆) | အထက်တန်းရှေ့နေ(စဉ်-၁၂၉၇၁)
အမှတ်-၅၈(ပ-ထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉ဘီ)၊ မြေကွက်အမှတ်(၅၆)၊ မြေကွက်တည်နေရာအမှတ်(၃၆)၊ သုခလမ်း၊ စမ်းချောင်းမြို့နယ်(ဦးညွှန့်ဖေ)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးညွှန့်ဖေနှင့် ဇနီးဒေါ်မြကျင်တို့ ကွယ်လွန်သဖြင့် ၁။ဦးစံလှမြင့်[၁၂/စခန(နိုင်)၀၄၃၂၁၉]၊ ၂။ဦးကြည်စိုးဝင်း[၁၂/စခန(နိုင်)၀၄၃၁၉၇]နှင့် ဦးအောင်ကျော်ငြိမ်း[၁၂/စခန(နိုင်)၀၄၃၃၉၅]တို့က သားများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေ ဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အားကစား

ပရီမီယာလိဂ်ရင်ခုန်သံ...၂၈

ဖေဖော်ဝါရီ ၂၃၊ ၂၄၊ ၂၆ ရက်တွေမှာ ကျင်းပမယ့် ပရီမီယာလိဂ်ပွဲစဉ် ၂၇ အနက်က ဖေဖော်ဝါရီ ၂၃ ရက်မှာကစားမယ့် ပွဲကိုသုံးသပ်တင်ပြပေးခဲ့ပြီးတဲ့နောက်ကျန်နေသေးတဲ့ ဖေဖော်ဝါရီ ၂၄၊ ၂၆ ရက်တွေမှာ ကစားမယ့်ပွဲတွေရဲ့ အကြောင်းကိုထပ်မံသုံးသပ်တင်ပြပေးလိုက်ပါတယ်။

မန်စီးတီး Vs ချယ်လ်ဆီး ည ၈း၀၀ (၂၄-၂-၂၀၁၃)

ပထမအကျော့ရလဒ် ၂၅-၁၁-၁၂ ချယ်လ်ဆီး ၀ - ၀ မန်စီးတီး

ပွဲကောင်းတစ်ပွဲပါ။ နှစ်သင်းစလုံးအတွက် ရှုံးလို့မဖြစ်တဲ့ အခြေအနေလည်း ရောက်နေတာကြောင့် လူစုံထုတ်ခြေကုန်ထုတ်ကစားလာကြမှာလည်း သေချာပါတယ်။ လက်ရှိအချိန်မှာ ဒီနှစ်သင်းရဲ့ ခြေကကွာဟမှု ကျဉ်းမြောင်းပေမယ့် ချယ်လ်ဆီးက ဒီပွဲမတိုင်ခင် ယူရိုပါလိဂ်ကစားခဲ့ရမှာဖြစ်တာကြောင့် ပွဲပန်းလာနိုင်ပေမယ့် မန်စီးတီးကတော့ ကြားပွဲမရှိလို့ လန်းဆန်းမှုအပြည့်ရှိနေနိုင်တဲ့အပြင် အိမ်ကွင်းအားလည်းရှိနေတယ်။

ကာဆယ် Vs ဆောက်သမ်တန် ည ၈း၀၀ (၂၄-၂-၂၀၁၃)

ပထမအကျော့ရလဒ် ၂၅-၁၁-၁၂ ဆောက်သမ်တန် ၂ - ၀ ကာဆယ်

ဒီပွဲကလည်း တန်းဆင်းဇုန်အတွင်း မရောက်ရှိရေး ခြေကုန်ထုတ်ကြမယ့်ပွဲပါ။ လက်ရှိခြေစွမ်းပိုင်းအရ ကွာဟမှုမရှိပါဘူး။ နယူးကာဆယ်က ကစားသမားအင်အားပိုင်း ပိုကောင်းပြီးအိမ်ကွင်းဖြစ်ပေမယ့် ယူရိုပါလိဂ်ကစားခဲ့ရမှုကြောင့် ပွဲပန်းမှုရှိလာနိုင်ပါတယ်။

ဝက်စ်ဟမ်း Vs စပါး နံနက် ၂း၃၀(၂၆-၂-၁၃)

ပထမအကျော့ရလဒ် ၂၅-၁၁-၁၂ စပါး ၃ - ၁ ဝက်စ်ဟမ်း

လန်ဒန်ဒါဘီဖြစ်လို့ အကြိတ်အနယ်ရှိမှာပါ။ အထူးသဖြင့် စပါးက မန်စီးတီးနဲ့ ချယ်လ်ဆီးဆုံနေချိန်မှာ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အနိုင်ရအောင်ကြိုးစားလာပါလိမ့်မယ်။ ဒါပေမယ့် စပါးဟာယူရိုပါလိဂ်ကစားခဲ့ရလို့ ပွဲပန်းလာနိုင်ပြီး ဝက်စ်ဟမ်းကလည်း အိမ်ကွင်းမှာ တန်းမဆင်းရဖို့ ခံကစားလာမှာပါ။

ရှိုင်းမင်းမင်း

ကာစီးယက်နေရာတွင် ဒီဂီယာဖြင့် အစားထိုးရန် ရီးယဲလ် ဆန္ဒရှိနေ

စပိန်လာလီဂါ ထိပ်တန်းကလပ် ရီးယဲလ်မက်ဒရစ်အသင်းသည် လက်ရှိအသင်းတွင် လက်စွမ်းပြဂိုးဖမ်းနေသော ဂိုးသမားကာစီးယက်နေရာတွင် မန်ယူအသင်းမှ ဂိုးသမားဒေးဗစ်ဒီဂီယာဖြင့် အစားထိုးရန် ဆန္ဒရှိနေသည်ဟု ဆိုသည်။

အသက် (၂၂)နှစ်အရွယ်ရှိ မန်ယူဂိုးသမား ဒီဂီယာသည် ငယ်ရွယ်ပြီး ဂိုးသမားစွမ်းရည်ပြည့်ဝသည့်အပြင် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အကောင်းဆုံးဂိုးသမားဖြစ်လာနိုင်ခြေရှိသည်ဟုဆိုကာ ရီးယဲလ်မက်ဒရစ်အသင်းက ၎င်းတို့၏ အသင်းခေါင်းဆောင်နှင့် စပိန်နံပါတ်တစ်ဂိုးသမား ကာစီးယက်နေရာတွင် ဒီဂီယာဖြင့် ကာလကြာရှည်အစားထိုးသွားမည်ဟုဆိုသည်။

ကာစီးယက်သည် ကမ္ဘာ့အကောင်းဆုံးဂိုးသမားဟု ဆိုသော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ဒဏ်ရာပြဿနာဖြင့် ရင်ဆိုင်နေရသဖြင့် ရီးယဲလ်

မက်ဒရစ်အသင်းက ၎င်း၏ ဘာနေဗျူးအနာဂတ်အတွက် ဆုံးဖြတ်ချက်တစ်စုံတစ်ရာ ပြုလုပ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်နှင့် မန်ယူတို့ ထိပ်တိုက်တွေ့ခဲ့သည့် ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ပထမအကျော့တွင် ရီးယဲလ်၏ ဂိုးပေါက်ခြိမ်းခြောက်မှုကို အကောင်းဆုံးဟန့်တားနိုင်ခဲ့၍ ရီးယဲလ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းဖြစ်ကြောင်း မန်ယူဂိုးသမား ဒီဂီယာကဆိုသည်။

ကာဗာနီနှင့် ဖယ်ကာအိုအား မန်စီးတီး ခေါ်ယူလို

မန်စီးတီးအသင်းနည်းပြ ရောဘတ်တိုမန်စီနီသည် ယခုနွေရာသီအပြောင်းအရွှေ့ကာလအတွင်း နောက်ထပ် အမှားထပ်မဖြစ်စေရေးနှင့် အသင်းအောင်မြင်မှုရရှိရေးအတွက် အီတလီစီးရီးအေကလပ်နာပိုလီအသင်းမှ တိုက်စစ်မှူး ကာဗာနီနှင့် စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းမှ တိုက်စစ်မှူး ဖယ်ကာအိုတို့ကို ခေါ်ယူရန် ဆန္ဒရှိနေကြောင်း ပြောကြားခဲ့သည်။

မန်စီးတီးအသင်းပရီမီယာလိဂ်ဖလားရရှိပြီးနောက် ၂၀၁၂ ခုနှစ် နွေရာသီကာလအတွင်း အဓိကပစ်မှတ်အချို့ကို ခေါ်ယူနိုင်ခဲ့ခြင်းမရှိခဲ့ကြောင်း၊ လက်ရှိတွင် ကစားသမားခေါ်ယူမှုအတွက် လျှို့ဝှက်ထားခြင်းလည်းမရှိကြောင်း မန်စီနီက ဆိုသည်။

မန်စီးတီးအသင်းသည် လက်ရှိအမှတ်ပေးဇယားတွင် မန်ယူက ၁၂ မှတ်ဖြတ်ထားပြီး ဒုတိယနေရာတွင် လိုက်နေသော်လည်း ပရီမီယာလိဂ်ဖလားက မိမိ၏ မန်စီးတီးအနာဂတ်ဖြစ်လာနိုင်ကြောင်း မန်စီနီက ဆိုသည်။

သို့ရာတွင်နာပိုလီတိုက်စစ်မှူးကာဗာနီနှင့်အက်သလက်တီကိုမက်ဒရစ်တိုက်စစ်မှူးဖယ်ကာအိုတို့ကို ခေါ်ယူကာ အသင်းအောင်မြင်မှုသရဖူကို ရယူရန် ဆန္ဒရှိနေသည့်အပြင် မိမိသည်လည်း အီတီဟတ်ဒ်တွင် ဆက်ရှိနေဦးမည်ဖြစ်ကြောင်း မန်စီနီက ဆိုသည်။

နိုင်လင်းကြည်

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

အာရှနဂါး
ချောင်းသာ/ငွေဆောင်
နံနက်/ည
Ph : 703790,09-861-9008
707062,09-861-7770

သတိုးမင်း
ချောင်းသာ/ငွေဆောင်
Ph:09 73143249
09 73252241

ပုဂံ၊ ဆွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပဒုကာ
March (1) ရက်နေ့ထွက်မည်
တစ်ဦးလျှင် - 120000/- (စရိတ်ငြိမ်း)
Emerald Myanmar Travels & Tours Co.,Ltd
ph-01-573808,09-421013999,421014999



ဇော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ
Ph:01-545531,01-8603141, 09-5008161
Ph : 067-25422, 09-49-210 551, 09-5104455
Ph:02-73191, 09-5140655, 09-402571300

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၂)၊မြေကွက်အမှတ်(၂၁၃-က+ခ)ကိုလက်ရှိပိုင်ဆိုင်သူထံမှ ဝယ်ယူရန်ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းချသည့်တန်ဖိုး၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်နေ့မှ နောက်(၇)ရက်ကိုနောက်ဆုံးထား၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှထွန်း (B.A,R.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၂၀၀)
အမှတ်(၉/၁၁)၊ အခန်း(၁၀၂/အေ)၊ ၃၆လမ်းတို၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၂၆၂၄၉

27th SEA GAMES MYANMAR 2013 NAY PYI TAW

GREEN, CLEAN & FRIENDSHIP

MYASOC2013 MYANMAR SEA GAMES ORGANIZING COMMITTEE

PREMIER® COFFEE

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ

တေးသီချင်းပြိုင်ပွဲမှ ပထမဆုရ "ရောင်စုံဥယျာဉ်" တေးသီချင်းကို

ရုပ်သံလိုင်းများမှ မကြာမီ ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

တေးရေး	■	လင်းထက်
English Translation	■	နွဲ့ယဉ်ဝင်း
တေးဆို	■	ထူးအယ်လင်း၊ ဆုန်သင်းပါရ် (Myanmar Version)
		Lလွှန်းဝါ၊ လေးလေးဝါး (English Version)
Music Producer	■	ဓိရာမိုရ်
Choir Arrangement	■	မိုးနိုင် (ဂီတမိတ်)
Music Band	■	ဂီတကဏ္ဍ Orchestra
ဆိုင်းဝိုင်း	■	မြန်မာပြည်ကျောက်စိမ်း
Mixing	■	မြင့်ဇော်
ဒါရိုက်တာ	■	သိုင်းမွန်
စီစဉ်ထုတ်လုပ်မှု	■	Event Master

များမကြာမီကာလတွင်
တေးသီချင်း(၂၀)ကျော်ပါဝင်သော
SEA Games Official Album ဖြစ်သည့်
We Love SEA Games Album
ထွက်ရှိလာမည်ဖြစ်ပါကြောင်း
သတင်းကောင်းပါးအပ်ပါသည်။

MUSIC ALBUM SPONSOR BY
PREMIER COFFEE CO., LTD.

ကျေးဇူးတင်လွှာ

များမကြာမီထွက်ရှိလာတော့မည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ Official Album ဖြစ်သည့် **WE LOVE SEA Games Album** ထွက်ရှိနိုင်ရန်အတွက် အင်တိုက်အားတိုက်ကူညီပေးကြသော တေးသီချင်းစိစစ် ရွေးချယ်ဖန်တီးရေး ကော်မတီဝင်များအားလည်းကောင်း၊ မိမိတို့၏အနုပညာအင်အားဖြင့် ကူညီကြသည့် တေးရေး/တေးဆို၊ တီးဝိုင်းများ၊ အင်ဂျင်နီယာများ၊ harmony များ၊ ဒါရိုက်တာများ၊ စက်အဖွဲ့ဝင်များနှင့် အနုပညာရှင်များအားလည်းကောင်း အထူးပင် ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ

အထက်မြန်မာပြည်သတင်း

မြစ်သားမြို့နယ်တွင် နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

ကျောက်ဆည် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံနေရာဒေသအနှံ့အပြားမှ မိဘမဲ့ကလေးလူငယ်များအား စုစည်းပညာသင်ကြားပေးနေသော မြစ်သားမြို့နယ် ပေတောပရဟိတ ဘုန်းတော်ကြီးကျောင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ပညာရည်မြင့်မားရေး၊ ကျောင်းစာ အထောက်အကူပြု ပညာဗဟုသုတရရှိရေးနှင့် စာဖတ်သည့် အလေ့အထများ ဖြစ်ပေါ်တိုးတက်လာရေးအတွက် Mobile Library (နယ်လှည့်စာကြည့်တိုက်) ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၈ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့သည်။**(ယာပုံ)**

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲအုပ်များဖြစ်သည့် အောင်ဒင်၊ ဇော်မင်းထွန်းနှင့် တပ်သား တင်ထွန်းလွင်တို့က စာအုပ်စာစောင်များ လှူဒါန်းပြီး ဇီဝကဆေးဆိုင်မှ ယားနာလိမ်းဆေးဘူး ၂၀ တို့အား ပေးအပ်လှူဒါန်းပြီး တက်ရောက်လာကြသူများနှင့် ပေတော ပရဟိတကျောင်းသားကျောင်းသူတို့က ခင်းကျင်းပြသထားသော စာအုပ်စာစောင်များကို ကြည့်ရှုလေ့လာကြသည်။ **(ထွန်းထွန်းနိုင်)**

ပထမအကြိမ် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၂၃

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မေယဂီရိရပ်ကွက် (၈၁)လမ်း၊(၁၈)လမ်းထောင့်ရှိ ဘုရားကြီးရှေ့တော် မီးပြမွှာရုံဂေါပကအဖွဲ့နှင့် ရပ်ကွက်သူရပ်ကွက်သားများ ဦးစီးကျင်းပသော ပထမအကြိမ် အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ဘုရားပင့်ခြင်း၊ ပဋ္ဌာန်းရှိခိုးဂါထာတော် ရွတ်ဖတ်ပူဇော်ခြင်း၊ငါးပါးသီလခံယူဆောက်တည်ခြင်း၊ ပဋ္ဌာန်းတရားတော်များ နာကြားရန်အတွက် နတ်ပြဟ္မာများ ဖိတ်ကြားခြင်း၊ ပဋ္ဌာန်းအမွှန်းဖတ်ကြားခြင်းများပြုလုပ်၍ အလှည့်ကျ အရှင်သူမြတ်များက ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိတော်များ ရွတ်ဖတ်ပူဇော်ကြသည်။ **(ကျော်ထူး)**

ကုလားပဲများ အောင်မြင်ဖြစ်ထွန်း

ရေစကြို ဖေဖော်ဝါရီ ၂၃

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်သည် ဆောင်းသီးနှံအမျိုးမျိုး စိုက်ပျိုးသော မြို့နယ်ဖြစ်သည်။ ယခုအခါ ကျေးလက်နေတောင်သူတို့၏ ကြိုးပမ်းမှုဖြင့် ဆောင်းသီးနှံများကို စိုက်ပျိုးကြရာတွင် ဆည်၊ လျှပ်စစ်မြစ်ရေတင်များမှ ရေကိုအလွယ်တကူရယူစိုက်ပျိုးကြသကဲ့သို့ တွင်းရေကို ရေစုပ်စက်မောင်းပြီး ရေကိုစုပ်ယူ၍လည်း စိုက်ပျိုးကြရသည်။

ကုန်းကျသော ကုလားပဲခင်းများကို သုံးကြိမ်မျှ ရေသွင်းစိုက်ပျိုးကြရပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို ဖေဖော်ဝါရီ ၆ ရက်တွင် ရွာသစ်ရွာ၌ တွေ့မြင်ခဲ့ရသည်။ **(ယာပုံ)** အချို့မှာ ရိတ်သိမ်းစပြုနေကြပြီဖြစ်ကြောင်း သိရသည်။

၂၀၁၂-၂၀၁၃ခုနှစ် စိုက်ပျိုးရာသီတွင် ရေစကြိုမြို့နယ်၏ ကုလားပဲ စိုက်ဧကမှာ ၂၄၀၀၀ ကျော် ဖြစ်ကြောင်း လေ့လာသိရှိရသည်။

(ဖေထွဏ်းဇော်-ရေစကြို)

မန္တလေး၌ နန်းတော်ဝင် သမဝါယမအသင်းဖွဲ့စည်း

မန္တလေး ဖေဖော်ဝါရီ ၂၃

သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးရွာတိုင်း သမဝါယမအသင်းတိုးချဲ့ဖွဲ့စည်းရေး ရည်မှန်းချက်အရ မန္တလေး အောင်မြေသာစံမြို့နယ် သမဝါယမဦးစီးဌာန၏ အစီအစဉ်ဖြင့် နန်းတော်ဝင် အချောထည်ပရိဘောဂနှင့် ပန်းပုရုပ်မျိုးစုံထုတ်လုပ်ရေး သမဝါယမအသင်းသစ်ဖွဲ့စည်းရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၁ရက် နံနက် ၉နာရီတွင် ဒေါနဘွားရပ်ကွက် စစ်ကိုင်းတန်းလမ်း အကွက်(၁၆)အသင်းတည်ရာ၌ ကျင်းပရာ ဥက္ကဋ္ဌ ဒေါ်ဌေးဌေးဝင်းနှင့် အတွင်းရေးမှူး ဦးမျိုးကျော်ဟိန်းပါဝင်သော ဒါရိုက်တာ တစ်ဦး၊ အသင်းသားစာရင်းစစ် နှစ်ဦးကို ရွေးချယ်တင်မြှောက်ကြသည်။ ဆက်လက်၍ ရွေးချယ်ခြင်းခံရသူများက ကတိသစ္စာခံယူကာ ဥက္ကဋ္ဌက မိတ်ဆက်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ နန်းတော်ဝင်သမဝါယမ အသင်းအား အသင်းသား တစ်ဦးကျပ် ၁၀ သိန်း၊ စုစုပေါင်း ၁၅ ဦး ကျပ်သိန်း ၁၅၀ ဖြင့် မတည်ပြီး မြန်မာမှုပရိဘောဂနှင့် ပန်းပုရုပ်မျိုးစုံထုတ်လုပ်၍ ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။

(၃၈၇)

စစ်ကိုင်းသစ်ဆိပ်တွင် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြ

စစ်ကိုင်း ဖေဖော်ဝါရီ ၂၃

စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ မြန်မာ့သစ်လုပ်ငန်း ဖောင်ဖွဲ့ရေးရုံး၌ ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉နာရီတွင် မီးငြိမ်းသတ်နည်းလက်တွေ့သရုပ်ပြပွဲနှင့်ပညာပေးဟောပြောပွဲအခမ်းအနားကို အဆိုပါရုံး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်း ဒုတိယ အထွေထွေမန်နေဂျာ ဦးမျိုးမြင့်သန်း၊ မန္တလေးတိုင်းဒေသကြီး ဖောင်ဖွဲ့ရေးဒေသတာဝန်ခံ ဦးအေးချိုသောင်း၊ နယ်မြေတာဝန်ခံ ဦးသန်းထွန်းဝင်းတို့က အမှာစကားပြောကြားကြပြီး ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးစောလွင်မြင့်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် လုပ်ဆောင်ရမည့်လုပ်ငန်းများနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားကာ မီးငြိမ်းသတ်နည်းကို ဝန်ထမ်းများအား မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက လက်တွေ့ပြသပေးခဲ့သည်။

ခရိုင်မီးသတ်ဦးစီးမှူးက မြန်မာ့သစ်လုပ်ငန်းသည် နိုင်ငံပိုင်တန်ဖိုးကြီးပစ္စည်းများ ထိန်းသိမ်းရသောဌာနဖြစ်သည့်အတွက် အလွန်အင်မတန်အရေးကြီးကြောင်း၊ ထို့ကြောင့် ယခုလိုကျွန်တော်တို့က သိသင့်သိထိုက်သည့် နည်းစနစ်များနှင့် လက်တွေ့မီးငြိမ်းသတ်နည်းကို စနစ်တကျဖြစ်အောင်ပြသပေးခြင်းဖြစ်ကြောင်း၊ မီးသတ်ဦးစီးဌာနအနေနှင့် အများပြည်သူများသိရှိအောင်လည်း စီမံချက်ချမှတ်ပြီး ပညာပေးဟောပြောပွဲများ၊ ဆက်တိုက်လေ့ကျင့်မှုများကို စဉ်ဆက်မပြတ် လုပ်ဆောင်ပေးနေကြောင်း၊ လက်တွေ့ပြသသည့်အတွက် ပိုပြီးအကျိုးသက်ရောက်မှုရှိကြောင်းဖြင့် ပြောကြားခဲ့သည်။ **(ခရိုင်ပြန်/ဆက်)**

ပခုက္ကူမြို့မှ ပင်စင်စားများ e-Pension Card ဖြင့် လစာထုတ်

ပခုက္ကူ ဖေဖော်ဝါရီ ၂၃

ပခုက္ကူမြို့ မြန်မာ့စီးပွားရေးဘဏ်မှ နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာများကို ဇန်နဝါရီလမှစ၍ e-Pension Card ဖြင့် အသုံးပြုထုတ်ပေးလျက်ရှိကြောင်းနှင့် မြို့နယ်အတွင်း၌ ပင်စင်လစာထုတ်သူဦးရေ ၃၂၅၆ ဦးရှိသည့်အနက် ၁၄၂၂ ဦးတို့ e-Pension Card ဖြင့် ထုတ်ယူရရှိမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံ့ဝန်ထမ်းပင်စင်စားများအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ဘဏ်သို့ကိုယ်တိုင်လာရန် အခက်အခဲရှိသူများအတွက် အိမ်တိုင်ရာရောက်သွားရောက်စစ်ဆေး၍ လိုအပ်သည့် ပုံစံများရေးသွင်း ဆောင်ရွက်ပြီး လုပ်ကိုင်ပေးသဖြင့် မကြာမီအတွင်း ပင်စင်စားအားလုံးကို e-Pension Card ထုတ်ပေးနိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း၊ ယခင်က ပင်စင်စားများဘဏ်သို့ နှစ်ခေါက်လာရသော်လည်း ယခုအခါ e-Pension Card ဖြင့် တစ်ခေါက်သာလာရသဖြင့် အချိန်ကုန်လူပန်း မဖြစ်ဘဲ ပင်စင်လစာ ထုတ်ယူရာတွင် လွယ်ကူသောကြောင့် ပင်စင်စားများ နှစ်သက်ကြကြောင်းနှင့် e-Pension Card ကိုင်ဆောင်ထားသော ပင်စင်စားများအနေဖြင့် ကတ်မပျက်စီးစေရန် ပလတ်စတစ်ကတ်လောင်းခြင်း၊ ခေါက်ချိုးချိုးခြင်းများ မပြုလုပ်ဘဲ ကတ်အသွင်းအထုတ် လွယ်ကူသော ပလတ်စတစ်အိတ်ဖြင့် ထိန်းသိမ်းထားမှသာ ရေရှည်အဆင်ပြေမည်ဖြစ်ကြောင်း လက်ထောက်မန်နေဂျာ ဦးဝင်းလွင်က ပြောသည်။

(၅၇၀)

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးအန္တရာယ်

ရောင်းချရန်ကြော်ငြာစာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ကန့်ဘလူမြို့နယ်တရားရုံး
၂၀၁၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၆

ဒေါ်ဇာဇာညိုမင်း နှင့် ဒေါ်စိန်(ဘ)ဦးထွား
ချမ်းအေးသာယာရပ်ကွက်၊ ဇီးကုန်း(တ)ကျေးရွာ၊ ကန့်ဘလူမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

(တရားနိုင်) **(တရားရှုံး)**

ကန့်ဘလူမြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ် (၂/၂၀၁၂)တွင် ကျရောက်သော ဒီကရီအရ အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၃ခုနှစ်၊ ဧပြီလ (၁၁)ရက်၊ ၁၃၇၄ခုနှစ်၊ တန်ခူးလဆန်း/ဆုပ် ၁ရက် နံနက် ၁၀နာရီတွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ကန့်ဘလူမြို့နယ်၊ ဇီးကုန်း(တ)ကျေးရွာ၊ ချမ်းအေးသာယာရပ်ရှိ အရှေ့လားသော်-ဦးထွန်းငြိမ်း-ဒေါ်ကြည်သန်း နေအိမ်ဝင်းမြေ၊ အနောက်လားသော်-ပေ(၈၀)၊ တောင်လားသော်-ဦးအောင်လင်း-ဒေါ်ပြုံး အိမ်ဝင်းမြေ၊ မြောက်လားသော် ဦးခင်မောင်ညွန့်-ဒေါ်အေးရှု အိမ်ဝင်းမြေ၊ နယ်လေးရပ်အတွင်းရှိ (၃×၃)ခန့် ပတ်လည်၊ နှစ်ထပ် နံကပ်တိုက် (၁)လုံး

(အထက်ဖော်ပြပါ ပစ္စည်းအား လေလံကြမ်းခင်းဈေး ကျပ်သိန်း (၇၀)
(ကျပ်သိန်း ၇၀)တိတိ

လေလံစည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်များမှာ လျှောက်ထားသူက တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခု ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအတွက် လေလံတင်ဆွဲဝယ်သူအား ငွေကျပ် ၁၀၀ိ/- လျှင် ၂၅/-ကို လေလံဆွဲ ဝယ်သည်နှင့် တစ်ပြိုင်တည်း နေ့ချင်းပေးသွင်းရမည်။

၄။ လေလံကျန်ငွေများကို လေလံတင် ရောင်းချသည့်နေ့ကို ပယ်၍ ၁၅ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေ ပေးသွင်းရမည်။ ၁၅ရက်မြောက်နေ့တွင် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်နေ့တွင် ပေးသွင်းရမည်။ အထက်ပါအတိုင်း ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကိုလည်း ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၈ရက်နေ့တွင် ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးပေးလိုက်သည်။

(ငွေထွန်း)
မြို့နယ်တရားသူကြီး၊ ကန့်ဘလူမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-၂ယ/၆၄၉၁၄၊ ဂျာလင်း JL-90၊ ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူအမည် ဦးချစ်အေး၊ မှတ်ပုံတင်အမှတ်[၅/စကန(နိုင်)၀၇၃၈၉၄]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန
ခရိုင်ရုံး(စစ်ကိုင်း)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-၃ဂ/၃၂၅၁ အမျိုးအမည် Suzuki Wagon အမျိုးအစား S/W(4×2)R ယာဉ်လက်ဝယ်ရှိသူအမည် ဦးမောင်မောင်ဌေး မှတ်ပုံတင်အမှတ်[၉/မရမ(နိုင်) ၀၀၅၉၃၂]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန**
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့

ဦးသန့်ဇင်[၁၃/နစန(နိုင်)၀၀၁၉၁၇]ကိုင်ဆောင်သူနှင့် အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးသန့်ဇင်၊ နိုင်ငံသားစိစစ်ရေးကတ်[၁၃/နစန(နိုင်)၀၀၁၉၁၇]နှင့်အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာမြိုင်လမ်း ၃၉×၄၀ကြား၊ ၅၉×၆၀ကြား အမှတ်-၂၆(ခ)နေ ဒေါ်အယ်လ်ခေါန်တောင်[၁၃/နမတ(နိုင်)၀၁၁၀၇၈]၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၂၃၂) (၄)လွှာနေ ဒေါ်ခင်မာကြည်[၁၂/ဗဟန(နိုင်)၀၀၄၈၁၀]၊ ဒေါ်လီလီခင်[၁၂/တမန(နိုင်)၀၉၄၁၂၀]နှင့် ဦးသန့်ဇင်အပါအဝင် မောင်နှမ(၆)ယောက်တို့သည် ကွယ်လွန်သူအဖ ဦးချစ်တင် အမိ ဒေါ်ကျင်မခွန်(ခ)ဒေါ်ဂျန်မခေါန်တို့၏ သားသမီးအရင်းများဖြစ်ကြသည်။ ဦးချစ်တင်နှင့် ဒေါ်ဂျန်မခေါန်တို့သည် နှစ်ခြင်းခရစ်ယာန်များဖြစ်ကြ၍ ခရစ်ယာန် ဘာသာဝင်တို့၏ ထုံးတမ်းစဉ်လာအတိုင်း သေတမ်းစာရေးသားပြီး သားသမီးများအား အောက်ဖော်ပြပါ အိမ်ခြံကွက်ကို အညီအမျှ ခွဲဝေခံစားစေပါသည်။

သို့ပါ၍ ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်မြို့၊ ပြည်ထောင်စုလမ်းမ၊ အမှတ်-၂/၄၁၈(က)၊ အကွက်အမှတ်(၂၈)၊ ဦးပိုင်အမှတ်(၂၂၈)၊ ပိုင်ဆိုင်ခွင့်(င)၊ ဧရိယာဧက(၀. ၁၅၁)မှ ဒေါ်နွယ်နွယ်ထွန်းသို့ ဧရိယာ ဧက (၀. ၁၀၂)ကိုရောင်းချခဲ့ပြီးဖြစ်၍ ကျန်ရှိသော မြေဧရိယာ ဧက(၀. ၀၄၉) နှင့် ပတ်သက်ပြီး ခိုင်မာသော စာရွက်စာတမ်း အပြည့်အစုံနှင့်အတူ ဦးသန့်ဇင်သည် ရောက်ရာအရပ်မှ ကျွန်ုပ်ထံသို့ တစ်လအတွင်း အမြန်ဆုံးလာရောက်ဆွေးနွေးရန် ကြေညာအသိပေးအပ်ပါသည်။ မဆက်မသွယ်ခဲ့သည်ရှိသော် ကျန်ရှိသော အစ်မကြီးများက ယင်းခြံကွက်နှင့် ပတ်သက်၍ ရောင်းချရန် အတည်ပြုပြီးဟု မှတ်ယူပြီး တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးသန့်ဇင်နှင့် အများသိစေရန် ကြေညာအသိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးတင့်ဆွေ (အထက်တန်းရှေ့နေ)
၂/၂၇၀၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၂) ရပ်ကွက်၊ နမ့်စန်မြို့၊ ဖုန်း-၀၉၄၂၈၃၅၄၇၇၃

ကြော်ငြာစာ

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၉၂)၊ ဦးပိုင်အမှတ်(၄၉)၊ ၄၄×၄၅၊ ဗထူးလမ်းနှင့် အောင်ဆန်းလမ်းကြား မြေကွက်သည် မဟာမန္တလေးဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအရ မြေနေရာချထားရေးကော်မတီမှ ဦးလှဆောင်[၉/မနတ(နိုင်)၀၆၄၃၁၀](ဘ) ဦးကျော်ဝိုင်းအမည်ဖြင့် ချထားပေးခဲ့ပါသည်။ ဦးလှဆောင်မှ မြေချထားမိန့် ပျောက်ဆုံးသွားပါသဖြင့် မြေချထားမိန့်ထောက်ခံချက် ထုတ်ပေးရန် လျှောက်ထားရာတွင် ဌာန၏ ငယ်စာရင်းတွင် မြေချထားခြင်းခံရသူ ဦးလှဆောင်[၉/မနတ(နိုင်)၀၆၄၃၁၀](ဘ) ဦးကျော်ဝိုင်းဖြစ်ပြီး၊ လျှောက်ထားသူ ဦးလှဆောင်၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုဇယားတို့တွင် [၉/မရတ(နိုင်)၀၆၄၃၁၀](ဘ) ဦးကျော်သိုင်းဖြစ်နေပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ မြေကွက်အမှတ်(ဖ-၃၄)၊ (၄၀×၆၀)ပေရှိ မြေကွက်အားမြို့မြေနေရာ ချထားရေးကော်မတီမှ ဒေါ်ခင်ဝင်းအမည်ဖြင့် ချထားပေးခဲ့ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်သည့်မြေပေးစာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် မြို့မြေနေရာချထားရေးကော်မတီသို့ မိတ္တူပြန်လည်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများနှင့်အတူ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်ဝင်း
[၉/မမန(နိုင်)၀၀၅၆၀၁]

တိမ်ကောနေသော အင်း၊ ချောင်း၊ ရိုးများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

ညောင်လေးပင် ဖေဖော်ဝါရီ ၂၃

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်းရှိ ဖက်ပုတ်ထက်အင်း၊ ဖွဲကုန်းရိုး၊ သံမဏိရိုး၊မြွေပွေးရိုး၊ ကြီးပင်ရိုး၊ ရုံးပင်ရိုးတို့မှာ ယခင်မုက္ခမူချောင်းအတွင်းသို့ တိုက်ရိုက်ရေစီးဝင်ခဲ့သည်။ လွန်ခဲ့သော ခြောက်နှစ်ခန့်က မုက္ခမူရေကာတာတည်ဆောက်ခဲ့ပြီး ရေစီးလမ်းကြောင်းကို အောက်ဘက်ရှိ ရဲနွယ်ချောင်းဘက်သို့ ပြောင်းလဲပေးခဲ့သော်လည်း ဖက်ပုတ်ထက်အင်းအတွင်းရှိ ရိုးချောင်းများမှ မြေနိမ့်ရာသို့ ဖြတ်သန်းစီးဆင်းကာ ဘောဒိုးမြောင်းတို့မှတစ်ဖန် အင်းချောင်းအတွင်းစီးဆင်းခဲ့ရာ ရေစီးရေလာကောင်းမွန်ခြင်းမရှိဘဲ ပတ်ဝန်းကျင်ဒေသများနှင့် လယ်ယာမြေများ ရေကြီးရေနစ်မှုများ ဖြစ်ပေါ်ခဲ့သည်။

အင်း၊ ချောင်းများရေစီးရေလာကောင်းမွန်စေရေး၊ ငါးထုတ်လုပ်မှုကို တိုးတက်မြင့်မားစေရေး၊ အင်းအိုင်များ တိမ်ကောပျောက်ကွယ်မှုမှ ကာကွယ်နိုင်ရေး၊ ပတ်ဝန်းကျင်ဒေသများသို့ ရေလျှံတက်ခြင်း မဖြစ်ပေါ်စေရေးအတွက် မုက္ခမူကွင်းမှ ချောင်းတာကွင်းအထိ အရှည်၁၅ မိုင်မြေတူးဖော်ခြင်းကို ဖေဖော်ဝါရီ ၁၆ ရက်မှ စတင်ကာ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ကိုယ်ထူကိုယ်ထ စနစ်ဖြင့် စက်ယန္တရားအသုံးပြုကာ တူးဖော်လျက်ရှိသည်။**(အပေါ်ယာပုံ)**

အဆိုပါ မြေတူးဖော်ခြင်းလုပ်ငန်းပြီးစီးပါက နှစ်စဉ်ရေကြီးရေလျှံမှုဖြစ်ပေါ်နေသော မုက္ခမူကျေးရွာအုပ်စု၊ တော်ပသီကျေးရွာအုပ်စု၊ အင်းချောင်းကျေးရွာအုပ်စု၊ ဝါးရုံကုန်းကျေးရွာအုပ်စု၊ ချောင်းကျိုးကျေးရွာအုပ်စု၊ လှည်းဆိပ်ကျေးရွာအုပ်စုတို့နှင့် ပတ်ဝန်းကျင်ဒေသလယ်ယာမြေများ အချိန်မီစိုက်ပျိုးရေးပြုလုပ်နိုင်ပြီး အင်း၊ ငါးလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်သည်။

မုက္ခမူကျေးရွာနေ လယ်ယာလုပ်ငန်းလုပ်ကိုင်သူ ဦးတင်သောင်းက "ဟိုအရင် ရေစီးရေလာမရှိဘူး၊ ရေတက်ပြီးရင် တာတွေခံနေတော့ တော်တော်နဲ့ ရေပြန်မကျတော့ စိုက်ပျိုးရတာမကောင်းဘူး၊ အခု အင်းချောင်းရိုးတွေ ပြန်တူးဖော်ပြုပြင်ပြီးရင် ရေစီးရေလာကောင်းပြီး တောင်သူလယ်သမားတွေ စိုက်ပျိုးရေးလုပ်ဖို့ ကောင်းသွားတာပေါ့ဗျာ၊ တောင်သူလယ်သမားတွေအတွက်လည်း အကျိုးရှိတယ်၊ နိုင်ငံတော်အတွက်လည်း အကျိုးရှိတယ်" ဟု ပြောသည်။

ရေကြီးရေလျှံမှုကြောင့် ကျေးရွာအုပ်စုများ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအဆင်မပြေဖြစ်ခဲ့ရပြီး ယခုလို မြေတူးဖော်ပြုပြင်ရေးလုပ်ငန်းပြီးစီးပါက လယ်မြေဧက ၁၂၀၀၀ ခန့် စိုက်ပျိုးရေးလုပ်ငန်းများ အချိန်မီ ပြုလုပ်နိုင်တော့မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ **(၆၉၂)**

နွေစပါးများ ဆည်ရေဖြင့်စိုက်ပျိုးလျက်ရှိ

ရေတာရှည် ဖေဖော်ဝါရီ ၂၃

မိုးရာသီကာလအတွင်း မိုးရွာသွန်းမှု လျော့နည်းခဲ့သည့်အတွက် အထွက်နှုန်းကျဆင်းခဲ့သော ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ စပါးစိုက်တောင်သူများသည် ဆွာချောင်းရေလှောင်တမံမှ ရရှိသည့်ဆည်ရေဖြင့် နွေစပါးများကို ယခုအခါ အားကြိုးမာန်တက် စိုက်ပျိုးလျက်ရှိသည်ကို တွေ့ရသည်။**(ယာပုံ)**

ရေတာရှည်မြို့နယ်တွင် ဆည်ရေသောက်နွေစပါး စိုက်ဧကပေါင်း နှစ်သောင်းကျော် စိုက်ပျိုးလျက်ရှိပြီး တစ်ဧကလျှင် ပျမ်းမျှ တင်း ၉၀ ခန့် ထွက်ရှိ၍ နွေစပါးကို ကြိုးစားပြီး စိုက်ပျိုးကြရမည်ဖြစ်ကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောသည်။ မိုးရာသီကာလ၌ စပါးစိုက်တောင်သူများသည် နောက်မိုးထွက်ခွာချိန်စော၍ အောင်ရေလိုအပ်ချက်ကြောင့် စပါးအထွက်နှုန်းကျဆင်းခဲ့သည့်အတွက် နွေစပါးကို အချိန်နှင့်တစ်ပြေးညီ စိုက်ပျိုးကြခြင်းဖြစ်ကြောင်း သိရသည်။

(၅၇၈)



မူဆယ်ဒေသ လျှပ်စစ်ဓာတ်အားလိုင်း တိုးချဲ့ဆောင်ရွက်

မူဆယ် ဖေဖော်ဝါရီ ၂၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် ပန်ဆိုင်း (ကြူကုတ်) မြို့နယ်ခွဲ ရပ်ကွက် (၅)တွင် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအတွင်းက ဗို့အားလျော့နည်းမှုရှိ၍ အများပြည်သူ လျှပ်စစ်စွမ်းအား အပြည့်အဝရရှိရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဌာနရန်ပုံငွေကျခံ၍ (၁၁)ကေဗွီလိုင်း သုည ဒသမ ၃ မိုင် (၁၁/၀.၄) ကေဗွီ (၃၁၅) ကေဗွီဓာတ်အားခွဲရုံ တစ်ခုနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း သုည ဒသမ ၅ မိုင် တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းအား ဖေဖော်ဝါရီ ၂၀ ရက်တွင် ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ကျော်လွင်ကြီးကြပ်၍ ဆောင်ရွက်လျက်ရှိသည်။ မူဆယ်ခရိုင်အတွင်း လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် ၄၀၀ ဗို့ဓာတ်အားလိုင်းများတွင် Earth Ring/Earth Bar များတပ်ဆင်ခြင်း၊ သက်တမ်းကြာရှည်သော ဟောင်းနွမ်းဆွေးမြည့် ဆားဗစ်ဝါယာကြိုးများ လဲလှယ်ခြင်း၊ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် လက်ကမ်းစာစောင် ဖြန့်ဝေခြင်း၊ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အယ်လ်စိုး (မူဆယ်)

အထက(၁)ဒဂုံ အာစရိယပူဇော်ပွဲကျင်းပမည်

အထက(၁)ဒဂုံ ကျောင်းသား၊ ကျောင်းသူဟောင်းများ (၁၉၈၁-၂၀၁၂ ခုနှစ်အထိ)၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ်လ ၃၁ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း ဒဂုံသီရိခန်းမ၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက [ဝင်းစန္ဒာကြီး(၈၆) ဖုန်း-၀၉၅၁၈၉၂၀၀၊ ဇော်မင်းဦး(၈၆) ဖုန်း-၀၉၅၀၀၂၅၇၁၊ ဝင်းပပလင်း(၈၇) ဖုန်း-၀၉၇၃၁၁၅၇၃၄၊ အောင်ကိုကို(၉၀) ဖုန်း-၀၉၅၄၀၄၅၄၅၊ ကျော်စွာဝင်း(၉၀) ဖုန်း-၀၉၅၁၁၂၂၃၃၊ လှမျိုးထွန်း(၉၀) ဖုန်း-၀၉၅၀၄၂၃၂၄၊ အောင်သူထွန်း(၉၀) ဖုန်း-၀၉၈၆၁၄၈၀၀၊ ချိုလေးလွင်(၉၁) ဖုန်း-၀၉၄၄၈၀၂၆၁၆၂၊ သင်းသင်းညို(၉၃) ဖုန်း-၀၉၅၀၉၁၀၆၉၊ ဇော်မောင်မောင်ကျော်(၉၄) ဖုန်း-၀၉၅၄၁၀၃၇၄၊ သားစိုး(၉၇) ဖုန်း-၀၉၅၁၄၀၂၁၀၊ ကျော်သူစိုး(၉၉) ဖုန်း-၀၉၈၆၃၆၉၆၀၊ ဆုနှင်းထက်(၀၀) ဖုန်း-၀၉၅၁၃၈၆၁၀၊ မေပွင့်မောင်(၀၂) ဖုန်း-၀၉၅၀၈၁၁၂]တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

နွေရာသီယဉ်ကျေးလိမ္မာသင်တန်း

တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၅)ဝိုင်း၊ မဟာဝေဇယန္တာဓမ္မရိပ်သာကျောင်း၌ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းကို (တပို့တွဲလပြည့်ကျော် ၁၀ ရက်) ၇-၃-၂၀၁၃ ရက်(ကြာသပတေးနေ့)တွင် တက္ကသိုလ်ဟိတဓရအသင်း (ရန်ကုန်)မှ လာရောက်သင်ကြားပေးပါမည်။ သားငယ်၊ သမီးငယ်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို ၆-၃-၂၀၁၃ ရက် နောက်ဆုံးထား၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း-၀၁-၅၆၃၄၂၁၊ ၀၉-၄၉၃၀၃၆၈၇

အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းကုန်း(တောင်)ရပ်ကွက်၊ မကြီးကြီးလမ်း၊ အမှတ်(၂၂)ဟု ခေါ်တွင်သည့် (၈)ထပ်တိုက်အဆောက်အအုံရှိ အခန်းအမှတ်-၈/A (ခေါင်းရင်းခန်း)တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက်မှ စရန်တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်သီတာအုန်း(စဉ်-၆၃၀၇) တရားလွှတ်တော်ရှေ့နေ
တိုက်အမှတ်(၃၂)၊ အခန်းအမှတ်(၁၀)၊ ဒုတိယထပ်၊ ၂၃-လမ်း၊ လသာမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉ ၅၁၆၀၆၀၇

“သတင်းကောင်းပါးအပ်ပါသည်”

ယုဇနပလာဇာဈေးကြီးအား ပိတ်ရက်မရှိ ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ဝယ်ယူသူမိတ်ဟောင်းမိတ်သစ်များအား သတင်းကောင်းပါးအပ်ပါသည်။

ဈေးကြီး အဓွန့်ရှည်အောင်မြင်တိုးတက်ပါစေကြောင်းဆုမွန်ကောင်းတောင်းလျက်...

ယုဇနပလာဇာဈေးသူဈေးသားများ

IMCS အစဉ်အလာကြီးမားစွာဖြင့် IT ပညာရှင်ပေါင်းများစွာ မွေးထုတ်ပေးခဲ့သည့် One Stop Learning Center

WEB Developer

CCNA Pass4Sure

Network Technology Enterprise Level

JAVA Developer J2SE J2EE J2ME

1. J2SE (Windows Base Application)
2. J2EE (Web Base Application)
3. J2ME (Mobile Application)

ASP.NET Developer

C#.Net Programming Langauage

Service+ ENGINEERING 687

Microsoft | Learning

Professional A+
CompTIA Network+
Windows-8 (MCTS)
Wireless Technology
Online Server Configuration

အမှတ်-၂၁/၂၃၊ ဒုတိယထပ်(ယာ)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ် ဖုန်း-၀၁-၅၁၄၉၉၄၄ ၊၀၉ ၄၅၀၀၀၆၀၄၊ ၀၉ ၇၃၀၂၅၉၉၅ နယ်ကျောင်းသားများအတွက် အဆောင်ရှိသည်။

အခန်းဆက်ဝတ္ထု

နှင်းငွေတစ်ထောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်



(ယမန်နေ့မှအဆက်)

"အင်းလေ ကျင့်ပေါ့၊ အခု မာမီရယ်၊ ဝန်ထောက်ကတော်ရယ်၊ ဝန်ထောက်ရယ်၊ စာရေးကြီးရယ်၊ သူ့မိန်းမရယ် ဗေဒင်လာကြည့်ကြတာတဲ့၊ ဟော . . . ပြောရင်းဆိုရင်း ဟိုမှာ ဆင်းလာကြပြီ၊ ဒီမှာ ကိုရင်"

"အင်"

"ကိုရင်လည်း ကျင့်ပေါ့၊ ကိုရင် အကြားအမြင်ရရင် စင်သီယာ ဗေဒင်လာကြည့်မယ်၊ အဲဒီတော့ လျှုစရာတွေလည်း ယူလာခဲ့မယ်၊ သက်န်းလည်း ဝယ်ပေးမယ်၊ ဘယ့်နှယ်လဲ"

ရှင်ပညာသာမိ ဘာဖြေရမှန်းမသိ၊ သူ့စကားက ငိုရလည်းခက် ရယ်ရလည်းခက်။

"ဖြေလေ ကိုရင်"

"အင်း . . . အဲ . . . ကျုပ် မှတ်ထားလိုက်ပါ့မယ်"

"အိုကေ . . . ဆီးယူ . . . ဘိုင့်ဘိုင် . . ."

"စင်သီယာက သူ့ကို လက်ပြနှုတ်ဆက်ပြီး ဖိနပ်လေးများကို လက်တစ်ဖက်ဖြင့်ကိုင်လျက် ပြေးခွာထွက်သွားသည်။

မော်တော်က စက်သံတဘုတ်ဘုတ်ဖြင့် ကမ်းမှခွာကာ ပုသိမ်ဘက်သို့ စုန်ခုတ်သွားသည်။

ကမ်းပါးထိပ်မှနေ၍ ရှင်ပညာသာမိသည် မော်တော်မျက်စိအောက်မှ ပျောက်သွားသည်အထိ ငေးကြည့်ကျန်ရစ်သည်။

ရေစုန်မို့လည်း မြန်သည်၊ မြစ်က ကွေ့နေတော့ မျက်စိတစ်ဆုံးဟူသည်က မရှည်လှ။

နေကျသွားပြီမို့ နှင်းဖြူဖြူတို့ကလည်း ပိတ်ဆီးစပြုပြီ။

နေကျသွားပြီမို့ နှင်းဖြူဖြူတို့က ပိတ်ဆီးစပြုပြီ။

ရှမ်းရိုးမကို ကျော်၍ လက စောစောထွက်နေသည်။

ဦးမြင့်နွယ်မှာ နောက်ပါးမှ အသံကြောင့် အတွေးနယ်မှ လန့်နိုးလာ၏။

"ခြောက်နာရီ ထိုးတော့မယ် ဆရာ၊ ရေချိုးဦးမှာလား"

"ဩော်. . . အေးအေး. . . သက်ဝေ၊ ငါ ရေချိုးလိုက်ဦးမယ်၊ ခဏပါပဲ၊ မင်းပြင်စရာရှိတာ ပြင်ထားတော့"

"စိတ်ချပါ ဆရာ"

မပြည့်ဝန်းသေးသော်လည်း တန်ဆောင်ရွှေတိုင်ည၏ ငွေလသည် ရွှန်းရွှန်းကြီးသာနေသည်။ အနိမ့်မြေဝယ်နှင်းတို့ ကပ်ဝပ်ချိန်ဖြစ်သဖြင့် အမြင့်လေဟာပြင်နယ်က ကြည်လင်နေသည်။ သည်တော့ ကောင်းကင်က ပြာပြာလွင်နေသည်။

တိမ်ဖြူနှင့် တိမ်ညိုတို့ကတော့ ရှိနေသည်။ ကောင်းကင်ပြာတစ်ခုလုံးကိုတော့ မလွှမ်းနိုင်ကြ။ လဝန်းဘေးမှ ပွတ်ကာသီကာလည်း သွားကြသည်။ လဝန်းပေါ်မှ ဖြတ်ကာကျော်ကာလည်း လွင့်ကြသည်။ မှိန်တစ်ချီ လင်းတစ်လှည့်ကြောင့် မိုးညဆန်သလိုရှိသည်။ သင်းပျံ့အေးမြသော မြောက်လေကြောင့် ဆောင်းညမှန်းကိုတော့ မေ့ထား၍ မရ။

လရောင်နှင့် မီးရောင်မှာ မန္တလေးတက္ကသိုလ်၏ ပင်မအဆောက်အအုံကြီးသည် ခံ့ခံ့ထည်ထည် လှပနေသည်။

တောင်ဘက်မျက်နှာဝယ် လှေကားထစ်ရှည်များက အဆင့်ဆင့်တက်သွားသည်။ သည်မဟာလှေကားထစ်တို့၏ ထိပ်မှာ ကျယ်ပြန့်သောရင်ပြင်က ရှိနေသည်။ သည်ရင်ပြင်ကို သီဆိုသူတို့အတွက် ဇာတ်ခုံအဖြစ် သုံးထားကြသည်။ နားထောင်သူများအတွက်မူ မြေပြင်တွင် ကုလားထိုင်များ ချပေးထားသည်။

ကျောင်းသားတစ်ဦးက စောင်းကောက်တီး၍ ကျောင်းသူတစ်ဦးက တေးဆိုသည်။ တေးမှာလည်း ချစ်တတ် လွမ်းတတ်သူတို့၏ နှလုံးသားနယ်ပယ်တွင် ဘယ်ခါမျှ မရိုးနိုင်သည့် မမြလေး၏ 'ရှိစုံရွက်ကြာ' ဖြစ်လေသည်။

ဦးမြင့်နွယ်က သီချင်းကို နားနှင့်သာမက နှလုံးနှင့်ပါ မှိန်း၍ နားထောင်နေသည်။ သီချင်းနားထောင်ရာမှာ စင်စစ်တော့ နားဟူသည်က ယာဉ်မျှသာပါ။ အသံကိုသုံးသော အနုပညာမို့ အသံကိုဖမ်းတတ်သောနားကို အသုံးသာပြုရသည်။ လာသည်က နှလုံးသားမှလာသည်။ ဆုံးသည်က နှလုံးမှာဆုံးသည်။ ပြောင်မြောက်သော အနုပညာမှန်လျှင် အသံလှိုင်းတို့ဆိတ်သွားတိုင်စေ၊ နှလုံးမှာ စိတ္တဇလှိုင်းတွေ ကျန်ရစ်တတ်သည်။ မမြလေး၏ 'ရှိစုံရွက်ကြာ'မှာသည်လို တေးမျိုးဖြစ်၏။

"ရီရီငွေနှင်းရယ်က သွင်းလာလို့ဖျန်း. . . ချစ်မေတ္တာသူတစ်ထူးကို ကူးပေသည်မှန်း. . ."

သီချင်းအဆုံး၌ လက်ခုပ်သံများပေါ်လာသည်။

ဦးမြင့်နွယ်က အများနှင့်အတူ လက်ခုပ်တီးသည်။ သူ့ဘေးမှ သူ့မိတ်ဆွေ ရူပဗေဒကထိက ဦးတုတ်ဝင်းကတော့ လက်ခုပ်မတီး။ သူ့ခန္ဓာကိုယ် ဖိုင့်ဖိုင့်ဖြင့် အိအိကြီးထိုင်ကာ မလှုပ်မယှက် ငြိမ်နေသည်။

"လက်ခုပ်လေးဘာလေး မတီးဘူးလား ကိုတုတ်ဝင်း၊ မကြိုက်လို့လား"

> "သီချင်းနားထောင်ရာမှာ စင်စစ်တော့ နားဟူသည်က ယာဉ်မျှသာပါ။ အသံကိုသုံးသော အနုပညာမို့ အသံကို ဖမ်းတတ်သောနားကို အသုံးသာပြုရသည်။ လာသည်က နှလုံးသားမှ လာသည်။ ဆုံးသည်က နှလုံးမှာဆုံးသည်။ ပြောင်မြောက်သော အနုပညာမှန်လျှင် အသံလှိုင်းတို့ ဆိတ်သွားတိုင်စေ၊ နှလုံးမှာ စိတ္တဇလှိုင်းတွေ ကျန်ရစ်တတ်သည်"

ဦးတုတ်ဝင်းက မျက်မှန်အောက်တွင် မှိတ်ထားသော မျက်လုံးများကိုဖွင့်ပြီး စကားပြန်သည်။

"လက်ခုပ်က နေရာတကာတိုင်း မတီးသင့်ဘူး ထင်တယ်၊ ဘောလုံးဂိုးဝင်သွားလို့ လက်ခုပ်တီးတာက အဓိပ္ပာယ်ရှိတယ်၊ သီချင်းကောင်းလို့ လက်ခုပ်တီးတာ မဆီဆိုင်ဘူး၊ ဥပမာ ရွှေမန်းတင်မောင် ငိုချင်းချအပြီး လက်ခုပ်ထတီးပေးရင် ဘာဖြစ်သွားမလဲ"

"ခင်ဗျားကတော့ ကြံကြံဖန်ဖန် ပြောပြီ"

"ကြံကြံဖန်ဖန် ပြောတာမဟုတ်ဘူး၊ သီချင်းကောင်းရင် နှလုံးသားထဲကို စိမ့်ပြီးပျံ့ဝင်သွားတာ၊ ဖရဏပီတိ ဂွမ်းဆီထိလို့ဆိုတယ်မဟုတ်လား၊ လက်ခုပ်ထတီးတာက ဘောလုံးလေတင်းလို့ ထပေါက်တာမျိုး၊ အဆိုသမားကို မင်းဆိုတာတို့ရင်ထဲ ဘာမှမဖြစ်ဘူးဆိုသလိုလည်း ရောက်နေတယ်"

"ဩော်. . . ဒါဖြင့် ခင်ဗျား ခုလက်ခုပ်မတီးတာက ခင်ဗျားရင်ထဲ တစ်ခုခုဖြစ်သွားလို့ပေါ့ ဟုတ်လား"

"တစ်ခုမဟုတ်ဘူးဗျ နှစ်ခု"

"နှစ်ခုတောင်၊ လင်းစမ်းပါဦး"

"တစ်ခုကတော့ သနားတာပေါ့ဗျာ၊ မမြလေးကိုကော၊ မိန်းမတွေကိုကော၊ တစ်ခုကတော့ သံသယ ခင်ဗျ"

"ဘာသံသယလဲ"

"မောင်တော် ရွှေနန်းရှင် ပေါ်မလာလို့ မမြလေးခမျာ နောက်အိမ်တော်စံရိပ်မှာ လွမ်းစိတ်နဲ့ ဆွေးတယ်၊ ဒါကြောင့် ဒီသီချင်းကို စပ်တယ်၊ အောလ်ရိုက်တ်၊ ဒါပေမယ့် မောင်တော်ဟာ ရွှေနန်းရှင်မဟုတ်ရင် ဒီသီချင်း စပ်ပါ့မလား"

"ဘယ်လို . . . ဘယ်လို"

"ကျွန်တော်က အခု တက္ကသိုလ်နယ်မြေ ရ-လ-က ထဲ ပါနေတယ်၊ ဒီတော့ တစ်ခါတစ်ခါ ညမှလည်း လုံခြုံမှုနဲ့ အုပ်ချုပ်ရေးအတွက် ရုံသွားသွား ထိုင်ပေးရတယ်၊ အဲဒါ ဟိုတစ်ညက အမှုတစ်ခု ရောက်လာတယ်"

"ဆိုစမ်းပါဦး"

"အမှုလာတိုင်တဲ့သူက ယောကျ်ားခင်ဗျ၊ သူ့ကိစ္စက သူအိမ်ပြန်တာ မိန်းမက လက်မခံဘဲ နှင်ချလို့တဲ့ ခင်ဗျ"

"ညံ့တဲ့လူပဲ၊ ကိုယ့်အိမ် ကိုယ်ပြန်တက်တာပဲဟာ၊ မိန်းမကြောက်ရသလား"

"မိန်းမက သူ့ချည်းပဲ မဟုတ်ဘူး၊ ယောက္ခမ အထီးရော အမပါတဲ့ခင်ဗျ၊ ကိုယ့်လူ အဲ . . . ကိုစံဖြိုးက တစ်ယောက်တည်း ဘယ်နိုင်မလဲ"

"အဲဒီတော့ . . ."

"ကျွန်တော်တို့က ကျင့်သုံးနေတဲ့မူအတိုင်း မိန်းမရော ယောက္ခမတွေပါ ရုံးကိုဖိတ်ပြီး ဆွေးနွေးစေ့စပ်ပေးတာပေါ့၊ မိန်းမက ခါးခါးသီးသီးပဲဗျို့၊ ကိုစံဖြိုးက နည်းနည်းပွေချင်တယ်၊ လခက ကိုးဆယ်ရတယ်၊ ကလေးတွေကို သူ့ဘာသာ ဈေးရောင်းကျွေးရသတဲ့၊ ဒါ့ကြောင့် လုံးဝလက်မခံနိုင်ဘူးတဲ့၊ အဲ . . . ကျွန်တော်တို့ ရ-လ-က တရားဝင် ကွာရှင်းပြတ်စဲပေးပါတဲ့"

"ခင်ဗျားတို့ ဘာလုပ်ပေးလိုက်လဲ"

"ဘာလုပ်ပေးနိုင်မလဲ၊ နောက်ကျေရင် အေးရောဆိုမိန်းမနဲ့ ယောက္ခမတော့ စဉ်းစားကြပါဦးဆို တောင်းပန်လွှတ်လိုက်ရတယ်၊ အဲဒီညက အိပ်စရာမရှိတဲ့ ကိုစံဖြိုးကိုတော့ ကျွန်တော့်အိမ် ခေါ်သိပ်လိုက်ရတယ်"

"အဲဒါနဲ့ စောစောက ခင်ဗျားပြောတာနဲ့ ဘာဆိုင်လဲ"

"ဆိုင်တာပေါ့ဗျာ၊ ရွှေနန်းရှင်ကိုတော့ တခြားမိဖုရားတွေနဲ့ ပွေနေတာ၊ ကိုယ့်ဆီပြန်လာအောင် သီချင်းစပ်ပြီး အသနားခံတယ်၊ စံဖြိုးတို့တော့ ပြန်လာတာတောင် အိမ်က ဆီးနှင်ချတယ်၊ ဩော် . . . မိန်းမ . . . မိန်းမ"

ဦမြင့်နွယ်က ရယ်သည်။ ရယ်သာ ရယ်ရသည်။ ဦးတုတ်ဝင်း၏စကား၌ သဘောတရားက ပါဝင်နေသည်။

အချစ်တဲ့ . . . အချစ်နှင့်ပတ်သက်သော သစ္စာတို့ဆိုသည်မှာ ဝမ်းမပူရသူတို့၏ နှလုံးသားဆိုင်ရာ ဇိမ်ခံပစ္စည်း တစ်မျိုးပေလော . . .။

ဆိုသူတွေ တစ်ဦးပြီးတစ်ဦး ပြောင်းသွားသည်။ သီချင်းတို့လည်း စုံလှသည်။ သီချင်းကြီး၊ ခေတ်ဟောင်း၊ ကာလပေါ် . . .။

ယခုခေတ် တက္ကသိုလ်ကျောင်းသား ကျောင်းသူ လူငယ်တွေ၌ အထူးချီးမွမ်းဖွယ် တစ်ခုရှိသည်။ သူတို့က ဘာလုပ်လုပ်ပိုင်ပိုင်နိုင်နိုင် လုပ်ကြသည်။

ကကြပြီဆိုလျှင် တော်ရုံတန်ရုံသဘင်သည် မလိုက်နိုင်။ ကျောင်းသူက မင်းသမီး၊ ကျောင်းသားက လူရွှင်တော်လုပ်သော တက္ကသိုလ်မှ အငြိမ့်တို့သည် အပြင်လောက၌ ပျက်စီးနေသော အငြိမ့်တို့နှင့် ဘာမျှမဆိုင်။ ယဉ်ကျေးမှုအလှနှင့် လူ့ကျင့်ဝတ်ဘောင်အတွင်းတွင် ရှုမငြီးအောင် စွဲမက်စေသည်။

ယခုလည်း တီးမှုတ်သီဆိုသွားကြသည်မှာ ဂီတနှင့် အသက်မွေးသူတို့နှင့် မခြားအောင် ပိုင်နိုင်သပ်ရပ်ကြသည်။

ညဉ့်က အတန်ရင့်လာသည်။ လရောင်မှာ ပိုကြည်လင်လာသယောင် ရှိသည်။ နှင်းဖြူတို့က ပြာလဲ့လဲ့ လွင်လာသည်။

ကောင်းကင်မှာတော့ တိမ်ဖြူတို့ လှရုံရွှေ့လျားလွင့်ပါးနေကြသည်။ ဩော် . . . မျက်တောင်ခတ်နေသော ကြယ်တစ်သင်းကိုလည်း မြင်ရလေသည်တကား . . .။

အခမ်းအနားမှူးက ကြေညာသည်။

"တေးနှင့် ဂီတချစ်သူအပေါင်းတို့ ခင်ဗျား . . . ယနေ့ည နောက်ဆုံးအစီအစဉ်အနေနဲ့ရော အထူးအစီအစဉ်အနေနဲ့ပါ ဧည့်သည်တော် 'မွန်မွန်' က 'နှင်းငွေတစ်ထောင့် မိုးတစ်မှောင့်'ဆိုတဲ့ သီချင်းနဲ့ ဖျော်ဖြေပါလိမ့်မယ် မွန်မွန်ကြွပါ . . ."

လက်ခုပ်သံများ မြိုင်မြိုင်ဆိုင်ဆိုင် ထွက်လာ၏။ လက်ခုပ်သံပမာဏကို ထောက်၍ မွန်မွန်သီဆိုမည်ကို လူအများ တောင့်တနေမှန်း ခန့်မှန်းသိနိုင်သည်။

"မွန်မွန်ဆိုတာ ဘယ်သူလဲ"

ဦးမြင့်နွယ်က ဦးတုတ်ဝင်းကို မေးသည်။

"ကျွန်တော်လည်း မသိဘူး၊ ဧည့်သည်တော်လို့ ပြောသွားတာပဲ၊ အဆိုတော် တစ်ယောက်ယောက်များလားမှ မသိဘဲ"

သူတို့ ဆရာနှစ်ဦး၏ သိလိုချက်ကို နောက်တန်းမှ ကျောင်းသားတစ်ဦးက ဝင်ဖြေပေး၏။

"အဆိုတော်တော့ မဟုတ်ဘူး၊ ဒါပေမယ့် ကဗျာဆရာမလေးတဲ့၊ အခုသီချင်းကလည်း သူ့သာဘာသူ စပ်ထားတာတဲ့ ၊ အသံလည်း သိပ်ကောင်းတယ်လို့ပြောကြတယ် ဆရာ"

သီချင်းဆိုရာ စင်မြင့်ထက် ဝင်းလက်သောမီးရောင်တွင် မွန်မွန်က ရပ်လျက်ရှိပေပြီ။

(ဆက်လက်ဖော်ပြပါမည်)

ဒေါ်စန်းစန်းမော်[၁၂/သကတ(နိုင်)၁၃၅၇၅၅]နှင့် ခင်ပွန်းဦးသန်းဇော်[၇/ပမန(နိုင်)၁၁၂၃၃၁]နှင့် အများသိစေရန်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်၊(၁၃)ရပ်ကွက်၊ ခိုင်ရွှေဝါ(၄)လမ်း၊ အမှတ်(၁၀၃၅/ခ)တွင် တစ်လငှားရမ်းခ ကျပ်၄၀၀၀၀/-ဖြင့် ငှားရမ်းနေထိုင်သည့်အိမ်ခန်းအား ငှားရမ်းသက်တမ်းကုန်ဆုံးသည့် ၂၉-၁၁-၂၀၁၂ ရက်မှ ယနေ့အထိ အိမ်ရှင်ဒေါ်လှလှမြင့်အား ပြန်လည်အပ်နှံခြင်းမရှိဘဲ တံခါးသော့ပိတ်၍ အိမ်အသုံးအဆောင်ပစ္စည်းအပျက်အဆီးများနှင့် အပိုပစ္စည်းများအား သော့ခတ်ထားခြင်းမှာ အိမ်ရှင်နစ်နာစေရန်တမင်ပြုလုပ်ခြင်းဖြစ်၍ ဤကြေညာပါရှိသည့်ရက်မှ (၇)ရက်အတွင်း အခန်းကိုအိမ်ရှင်သို့ အလွတ်လက်ရောက်အပ်နှံရန် အသိပေးအကြောင်းကြား ကြေညာအပ်ပါသည်။ ပျက်ကွက်ပါက ဥပဒေအရ ရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဒေါ်လှလှမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မို့မို့သော် (LL.B, D.B.L) **ဦးခင်မြင့် (B.A,H.G.P,R.L)**
အထက်တန်းရှေ့နေ(စဉ်-၂၈၈၇၇) **တရားလွှတ်တော်ရှေ့နေ (စဉ်-၄၉၅၀)**
ဒေါ်ဇဉ်မင်းမင်း (LL.B,WIPO, Switzerland) **ရုံးခန်း(၄)၊သုမနလမ်း၊(၅)ရပ်ကွက်**
အထက်တန်းရှေ့နေ (စဉ်-၃၃၆၃၁) **မြို့နယ်တရားရုံးအနီး၊ သာကေတမြို့နယ်**
ရန်ကုန်မြို့

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆ရပ်ကွက်၊ ဝေဇယန္တာအနောက်(၁၅)လမ်း၊အိမ်အမှတ်(၆၇၅)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၆)ရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ်-၆၊လူနေရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၆၈၅/က)၊ ဧရိယာ(၀. ၀၂၇)၊ နှစ်(၆၀)မြေငှားဂရန်မြေ၊ အလျား× အနံ(ပေ၂၀×ပေ၆၀)၏ တစ်စိတ်တစ်ဒေသဖြစ်သော ခြေရင်းဘက်ခြမ်းရှိ အလျား×အနံ (၁၀ပေ× ပေ၆၀) အကျယ်အဝန်းရှိ အမှတ်(၆၈၅)၊ဝေဇယန္တာအနောက်(၁၅)လမ်း၊(၆)ရပ်ကွက်၊ သာကေတမြို့နယ်၊ရန်ကုန်မြို့ဟုခေါ်တွင်သော RC အုတ်ညှပ်(၂)ထပ်တိုက်ခံအိမ် အဆောက်အအုံတစ်လုံးအပါအဝင် ယင်းမြေကွက်အဆောက်အအုံတို့နှင့်ပတ်သက်ဆက်နွယ်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်အမည်ပေါက်ထားသော ဦးပိုက ရောင်းချခဲ့ပြီး အဆက်ဆက်စာချုပ်ဖြင့် ပိုင်ဆိုင်ထားသော ဒေါ်ခိုင်မို့မို့လွင်[၁၄/မအန(နိုင်)၁၅၀၄၁၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ဇော်[၁၂/ဒပန(နိုင်)၀၀၀၅၄၉]မှ ၉-၂-၂၀၁၃ ရက်တွင် ဥပဒေနှင့်အညီလက်ရောက်လက်ခံဝယ်ယူထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံတို့အား ကျွန်ုပ်မိတ်ဆွေ၏ တရားဝင်ခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လျှုဒါန်းခြင်း၊ အာမခံတင်သွင်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းတို့ ပြုလုပ်ခွင့်မရှိပါကြောင်းနှင့် ပြုလုပ်ခဲ့ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးကျော်ကျော်လှိုင် (LL.B, D.B..L)
အထက်တန်းရှေ့နေ (စဉ်-၃၂၆၂၃)
အမှတ်(၁၃၂)၊ ပထမထပ်
ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၀၅၃၈၆၂၊ ၀၉-၄၂၀၁၆၂၄၈၁

သတိပေးကန့်ကွက်တားမြစ်ခြင်းခေါင်းစဉ်ပါ ကြော်ငြာစာကို ရုပ်သိမ်း၍ အစားထိုးပြင်ဆင်ခြင်း

ကျွန်ုပ်၏အမှုသည်များဖြစ်သည့် ဦးခင်မောင်ဝင်း၊ ဒေါ်မြတ်သီဂီနှင့် ဒေါ်မြတ်နှင်းဦးတို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ကြေညာအပ်ပါသည်။

ဦးခင်မောင်ဝင်း၊ဒေါ်မြတ်သီဂီ၊ ဒေါ်မြတ်နှင်းဦးတို့နှင့် ဦးဝင်းထွဋ်တို့ ညှိနှိုင်းပြီးဖြစ်ပါသဖြင့် ကျွန်ုပ်၏ အမှုသည် ဦးခင်မောင်ဝင်း (AE-၁၃၄၅၇၆)၏ကိုယ်စား သမီးဒေါ်မြတ်သီဂီ၏ ညွှန်ကြားချက်အရ ၉-၂-၂၀၁၃ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၁၂)နှင့် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၁၁)တို့တွင် ကျွန်ုပ်၏"သတိပေးကန့်ကွက်တားမြစ်ခြင်း"ကြေညာချက်ကို ဤကြေညာချက်ဖြင့် ရုပ်သိမ်း၍ ပြန်လည်ပြင်ဆင်အပ်ပါသည်။

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂/ခ၊ လူနေရပ်ကွက်အမှတ်-ကံဘဲ့၊ မြေကွက်အမှတ်-၆/င၊ဧရိယာ(၀. ၂၁၂)ဧက (သုညဒသမနှစ်တစ်နှစ်ဧက)ရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသောရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊(၈)ရပ်ကွက်၊ပါရမီရိပ်သာ၊ ဇီဇဝါလမ်း၊ အမှတ်(၇)ဟုခေါ်တွင်သည့် ရေမီးအစုံနှစ်ထပ်နေအိမ်နှင့်တကွ လျှပ်စစ်မီတာ(၂)လုံး၊ အော်တိုတယ်လီဖုန်း(၁)လုံး အပါအဝင် စွဲကပ်တပ်ဆင်ထားသော ပစ္စည်းများနှင့် စားပင်၊ သီးပင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးဝင်းထွဋ်မှ ရောင်းချခြင်း၊ တစ်နည်းနည်း လွှဲပြောင်းခြင်းတို့ကို ကျွန်ုပ်၏အမှုသည်များက နှစ်ဖက်ညှိနှိုင်းပြီးဖြစ်ပါ၍ ကန့်ကွက်ရန်မရှိ သဘောတူပါကြောင်း ပြန်လည်ကြေညာအပ်ပါသည်။

ဦးဇော်မင်းစိန်
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၀၃)
အမှတ်-၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့
ဖုန်း-၂၄၅၄၀၀၊ အိမ်ဖုန်း-၅၀၀၀၄၃၊ ၀၉-၅၁၇၅၁၁၇

မင်္ဂလာနှစ်ပတ်လည်အခမ်းအနားကျေးဇူးတင်လွှာ

၂၁-၂-၂၀၁၃ ရက်နေ့တွင် ကျင်းပသော (၁၅)နှစ်ပြည့် သလင်းရတု မင်္ဂလာဆွမ်းကျွေးပွဲကို ကူညီပေးကြပါသော မဟာစည်သာသနာ့ရိပ်သာမှ လူကြီးမင်းများနှင့် ဝန်ထမ်းများ၊ ၂၃-၂-၂၀၁၃ ရက်နေ့ Sedona Hotel(Mindon)ခန်းမတွင်ကျင်းပသော မင်္ဂလာနှစ်ပတ်လည် ညစာစားပွဲကို အောင်မြင်စွာစီစဉ်ပေးပါသော တာဝန်ခံမန်နေဂျာနှင့် ဝန်ထမ်းများ မိတ်ကပ်၊ ဆံပင် ပြင်ဆင်ပေးပါသော မိတ်ကပ်ခင်စန်းဝင်း၊ အဝတ်အစား ဒီဇိုင်းများကို စီစဉ်ပေးပါသော Forever Studio နှင့် မင်္ဂလာနှစ်ပတ်လည် ပန်းအလှ၊ ဓာတ်ပုံ၊ ဗီဒီယိုနှင့် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော Aroma (Zulu)Studio တို့နှင့် ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုး၊ ညီအစ်ကိုမောင်နှမများ သူငယ်ချင်းအပေါင်းအသင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျွန်တော်ကိုဇော်ဝင်းထွဋ်နှင့်ဇနီး မသွန်းအိအိတို့မှ အထူးကျေးဇူးတင်ရှိပါသည်။

ကိုဇော်ဝင်းထွဋ်-မသွန်းအိအိ

ဒေါက်တာခင်မိုးမိုး Ph.D,Chem စီစဉ်သင်ကြားသည့် ဝေဒနာဂုဏ်ထူး

(၉၁၀၀)တန်း စာသင်/စာကျက်ဝိုင်းနှင့် ဘော်ဒါ

(၁၈)ဦးသီးသန့်စာသင်ဝိုင်း

အမှတ်(၉၅)၊ အခန်း(၂၀၁)၊ အနော်ရထာလမ်းနှင့် (၅၂)လမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်။ Ph: 09 731 21329, 09 5402665, 09 73251430

မြန်မာစာ - ဂုဏ်ထူးဦးသိန်းနိုင်၊ ဒေါက်တာညွှန့်၊ ဦးမျိုး

အင်္ဂလိပ်စာ - ဦးနေအုပ် (စိန်ပေါလ်)၊ ဒေါက်တာ-ဒီ

သင်္ချာ - ဒေါက်တာညီညီ

ဓာတုဗေဒ - ဒေါက်တာခင်မိုးမိုး

ရူပဗေဒ - ပါမောက္ခဒေါက်တာဦးတင့်ထွဋ်(ငြိမ်း)၊ ဦးသန့်ဇင်အောင်

ဇီဝဗေဒ - ဒေါက်တာစီ၊ ဒေါက်တာဒေါ်ပေ

ဘောဂဗေဒ - ဦးထွန်းမြင့်အောင်

မတ်(၅)ရက် စမည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်သကတ-၂၊မြေကွက်အမှတ် ၁၀၁၄/ခ၊ မြေကွက်တည်နေရာအမှတ် - ၁၀၁၄/ခ၊ အောင်ဘောဂလမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာ (ဦးမြင့်ဦး) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဦးမြင့်ဦးထံမှ အရပ်ကတိအရောင်းစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်လှဲလှဲဝင်း [၁၂/မဂတ(နိုင်)၀၂၈၈၉၄]၊ ဒေါ်အောင်သိန်းရွှေ[၁၂/ဥကမ(နိုင်)၀၆၉၁၀၁] ကပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကတိသစ္စာပြုလွှာများတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပထမအကြိမ်မြောက်
စက်မှုလက်မှုသိပ္ပံအင်းစိန် E.G.T.I (Civil) ကျောင်းသား၊ ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကျင်းပရန် ဖိတ်ကြားခြင်း

အင်းစိန်စက်မှုလက်မှု သိပ္ပံကျောင်းတွင် (၂၀၀၀မှ ၂၀၀၂) ခုနှစ်အတွင် E.G.T.I (Civil) ဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ပေးခဲ့ကြသော ကျေးဇူးရှင်ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ သူငယ်ချင်းအပေါင်းတို့ခင်ဗျား (၇-၄-၂၀၁၃) ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် တက္ကသိုလ်မွှာရုံ၌ အာစရိယပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက် ကြွရောက်ကြပါရန် အထူးဖိတ်ကြားအပ်ပါသည်။

ကျောင်းသား၊ ကျောင်းသူများမှ အလှူငွေများကို အောက်ပါ အလှူငွေကောက်ခံသူများထံတွင် အမြန်ဆုံးဆက်သွယ်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန်

ဦးသက်လွင်	ဖုန်း-၀၉ ၅၀၆၅၆၆၅	ဦးစိုးဝင်း	ဖုန်း-၀၉- ၅၀၈၄၉၁၃
ဦးတင်ထွန်းဇော်	ဖုန်း-၀၉ ၄၃၀၃၉၈၁၆	ဒေါက်တာနွယ်နီမြင့်	ဖုန်း-၀၉၅၁၇၇၀၄၂
ဦးအောင်သူ	ဖုန်း-၀၉ ၅၁၆၃၆၃၂	ဦးသာအေး	ဖုန်း-၀၉ ၄၉၃၁၀၈၃၆
ဦးမြင့်အောင်	ဖုန်း-၀၉ ၅၀၈၈၉၅၀	ဒေါ်ကြည်သာညိုဝင်း	ဖုန်း-၀၉ ၄၂၀၇၄၂၈၁၄
ဦးရာဇာမျိုး	ဖုန်း-၀၉-၅၁၈၄၀၆၄	ဦးတင်ထွဋ်	ဖုန်း-၀၉-၄၉၃၀၅၀၉၀

သလင်းရတုမင်္ဂလာဆုမွန်လွှာ

ချစ်ပါပါးနှင့် ချစ်သောမာမားတို့၏ ၁၂-၂-၁၉၉၈ မှ ၂၁-၂-၂၀၁၃ ထိ ၁၅ နှစ်ပြည့် (သလင်းရတု)ရက်မြတ်မှသည် နောင်နှစ်ပေါင်း (၁၂၀)တိုင် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တရားများစွာတို့ကို နှစ်ယောက်အတူတကွ ပြုလုပ်နိုင်ပြီး ဘဝခရီးလမ်းကို ချစ်သမီးလေးများနှင့်အတူ သာယာပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

သဲသဲ၊ ကိုကို၊ မွန်ချေး

အိမ်ရောင်းမည်

ပေ ၂၀× ပေ ၆၀ (၂)ထပ် အုတ်ညှပ်၊ အရှုပ်အရှင်းကင်း၊ အိမ်သန့်၊ အသင့်နေနိုင် အိပ်ခန်း(၄)ခန်းပါ၊ နှစ် ၆၀ ဂရန်၊ ရေမီးအစုံ။ (ညှိနှိုင်းဈေး)

ဖုန်း-၀၁၅၆၁၈၇၇၊ ၀၉၈၆၁၉၆၉၅။
တောင်ဥက္ကလာ၊ (၇)ရပ်ကွက်၊ ရန်ကုန်

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ နှင်းဆီကုန်းလမ်း၊ အမှတ်(၄၁)၊ (၃) ထပ်တိုက် အဆောက်အအုံရှိ အခန်းအမှတ်-ပထမထပ်၊ အကျယ်အဝန်း (၂၅ပေ×၅၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးသိန်းဌေး [၁၂/ဗဟန(နိုင်)၀၅၂၂၇၇]၊ ဒေါ်စိုးမိုးစံ[၁၄/မမန(နိုင်)၀၀၃၂၇၀] တို့မှ လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအား ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေမှ ရောင်းချသည့်တန်ဖိုးငွေအနက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့်တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်မာသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးတိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သင်းသင်းမော် (စဥ်-၂၃၅၂၃)
အထက်တန်းရှေ့နေ
အမှတ်(၉/၁၁)၊ အခန်း(၁၀၂/ဒီ)၊ ၃၆-လမ်း။
ကျောက်တံတားမြို့နယ်။ ဖုန်း-၀၉ ၄၅၀၀၃၁၂၉၂

သလင်းရတုမင်္ဂလာဆုမွန်လွှာ

၂၁-၂-၂၀၁၃ ရက်မြတ်မှကျရောက်တဲ့ ချစ်ခင်လေးစားရပါသော အာစရိ @ ကိုဇော်ဝင်းထွဋ်နှင့်ဇနီးမသွန်းအိအိတို့ရဲ့ သလင်းရတု မင်္ဂလာရက်မြတ်မှသည် ငွေရတု၊ ရွှေရတု၊ စိန်ရတုတိုင်အောင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ဘဝခရီးလမ်းကို ချစ်သမီးများနှင့်အတူ လျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

Green Metal Co.,Ltdမှဝန်ထမ်းများ
Than Than Travel Co.,Ltdမှ ဝန်ထမ်းများ

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

(1) ယာဉ်မောင်းဝန်ထမ်း ကျား(၂၀) ဦး
အခြေခံပညာအထက်တန်းဆင့်အနည်းဆုံးရှိရမည်။အသက်(၄၀)နှစ်အောက်ဖြစ်ရမည်။ယာဉ်မောင်းလိုင်စင်(ယ)သို့မဟုတ်(င)ရှိရမည်။ ယာဉ်မောင်းအတွေ့အကြုံရှိပြီးယာဉ်မောင်းကျွမ်းကျင်သူဖြစ်ရမည်

(2) ရောင်း/မောင်းဝန်ထမ်း ကျား(၂၀) ဦး
တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီး၊ အသက်(၃၂)နှစ်အောက် ဖြစ်ရမည်။ ယာဉ်မောင်းလိုင်စင်(ခ)သို့မဟုတ်(ယ)ရှိရမည်။ ယာဉ်မောင်းကျွမ်းကျင်သူဖြစ်ရမည်။ Selling Skill နှင့် Market Distribution အတွေ့အကြုံ ရှိသူဦးစားပေးမည်။

(3) Sales Promoter ကျား(၂၀) ဦး
တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး အသက်(၂၅)နှစ်အောက်ဖြစ်ရမည်။

(4) Sales Supervisor ကျား(၅) ဦး
တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီး၊ အသက်(၃၅)နှစ်အောက်ဖြစ်ရမည်။ Distribution & Marketing အတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိပြီး၊ Leadership Skill နှင့် စီမံခန့်ခွဲနိုင်သည့် အရည်အချင်းရှိရမည်။

(5) Sales Executive ကျား(၃) ဦး
တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး၊ အသက်(၃၅)နှစ်အောက်၊ Distribution & Marketing အတွေ့အကြုံအနည်းဆုံး(၅)နှစ်ရှိပြီး၊Leadership Skill နှင့် စီမံခန့်ခွဲနိုင်သည့်အရည်အချင်းရှိရမည်။ဈေးကွက်လေ့လာသုံးသပ်နိုင်သည့် အရည်အချင်းရှိရမည်။

(6) Store Keeper(Assistant) မ(၂) ဦး
တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး အသက်(၃၅)နှစ်အောက်ဖြစ်ရမည်။ အတွေ့အကြုံရှိသူ ဦးစားပေးမည်။ (လှိုင်သာယာစက်မှုဇုန်တွင် တာဝန်ထမ်းဆောင်ရန်အတွက်ဖြစ်သည်။)

အမှတ်စဉ်အားလုံးအတွက်သွက်လက်တက်ကြွ၍ အကျင့်စာရိတ္တအထူးကောင်းမွန်ရမည်။အမှတ်စဉ်(၁ မှ ၅အထိ) သည်နယ်ခရီးသွားနိုင်ရမည်။(အကျိုးခံစားခွင့် ကောင်းမည်။)

အထက်ပါရာထူး စိတ်ဝင်စားသူများသည် ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်၊ ပညာအရည်အချင်းထောက်ခံစာ၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ (၆)လအတွင်းဓာတ်ပုံ(၃)ပုံ၊ သန်းခေါင်စာရင်း၊ ရဲစခန်းထောက်ခံစာမိတ္တူများနှင့်တကွ အောက်ပါလိပ်စာသို့ နှစ်ပတ်အတွင်း လာရောက် လျှောက်ထားနိုင်ပါသည်။

အမှတ်-၅၂၀၊ အခန်း-၇၀၁၊ ၇လွှာ၊ Excel Treasure Tower ကမ္ဘာအေးဘုရားလမ်း၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါက်တာမိုးမိုးနိုင်(၉/ပမန(နိုင်)၀၀၀၈၃၉)သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်ဖြင့် အမှတ်-၃၈/၄၀၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တွင် "HEAVEN PIZZA" The Slice of Heaven အမည်ဖြင့် ပီဇာဆိုင်ဖွင့်လှစ်ရောင်းချလျက်ရှိပါသည်။ ၎င်းကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ ၂၀၁၂ခုနှစ်၊ ဇီဝင်ဘာလ(၁၂)ရက်တွင် မှတ်ပုံတင်စာချုပ်အမှတ်-(၄/၁၃၁၁၀/၂၀၁၂)နှင့် စာချုပ်အမှတ်-(၄/၁၃၁၁၁/၂၀၁၂)တို့ဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မှတ်ပုံတင်အမှတ်-(၄/၁၃၁၁၀/၂၀၁၂) မှတ်ပုံတင်အမှတ်-(၄/၁၃၁၁၁/၂၀၁၂)

အထက်ပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ပီဇာမုန့်များကို အရွယ်အစား ဆိုဒ်မျိုးစုံဖြင့် ထုတ်လုပ်ရောင်းချမည်ဖြစ်ပြီး ၎င်းနှင့်တွဲဖက်စားသုံးနိုင်သည့် စားသောက်ကုန်ပစ္စည်းများကိုပါ ကုန်အမှတ်တံဆိပ်ပြုလုပ်၍ အမည်အမှတ်အသားဖြင့် ဆိုင်းဘုတ်၊ ...

ဒေါက်တာမိုးမိုးနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ -

ဦးထွန်းဇော်ဇော် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၃၀၇၂၆)
အမှတ်- ၂၇/၁၁၊ ဗဟာဗန္ဓုလပန်းခြံလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၄ ၂၉၃၀၂၁၃၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ် (၇၉)၊ မြေကွက်တည်နေရာအမှတ်(၂၁/က)၊ ဗိုလ်တေဇလမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်၊ (ဒေါ်ညွန့်ရီ) အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ညွန့်ရီကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၇၃၂၄/၁၂၊ ၂၁-၁၂-၁၂ အရ ဦးထွန်းရီ [၁၂/ဒပန(နိုင်) ၀၂၅၄၀၂] မှ ပိုင်ဆိုင်ခဲ့ပြီး ၎င်းမှနှစ်(၆၀)ဂရန်မူရင်းပျောက်ဆုံးသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဂရန်မူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြပြီး ဂရန်မိတ္တူလျှောက်ထားရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁/၂၊ မြေကွက်အမှတ်၈၉၀၊ မြေကွက်တည်နေရာအမှတ် ၈၉၀၊၂လမ်း၊ ၁ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (ဦးအောင်ငွေ)၊ အမည်ပေါက် နှစ် ၆၀ ဂရန် မြေအား အမည်ပေါက်ဖခင် ဦးအောင်ငွေနှင့် မိခင် ဒေါ်အောင်မေတင်တို့ကွယ်လွန်သဖြင့် ဒေါ်အေးအေးခိုင် [၁၂/မရက(နိုင်)၁၀၉၆၈၂]က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သစ်မွှေးဆိုင်

သစ်မွှေးဆိုင်ရှင် ပထမ ယှဉ်တစ်ကဲ စတာပါ၊
ဆင်းရဲ သူ ချမ်းသာ ပြီး
ချမ်းသာ သူပို၍ ချမ်းသာ စေသဖြင့်
အပင်(၁၀၀)တပ်လျှင် (၅)ပင်တတ်စေအောင်။

01-381615, 09-8586399, 09-43066226, 09-5114911, 09-73030623

ဦးထန်းကျိန်ယိုး(ခ)ဦးဘုန်းမြင့်နိုင် [၁၃/ကခန(နိုင်)၀၅၄၄၅၀/၀၅၄၄၅၁]နှင့်၎င်း၏မှတ်ပုံတင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-ဂ၂၅/၁၃အရ လွှဲအပ်ခံရသူ ဒေါ်ထန်လင်းခွန်[၁၃/ကခန(နိုင်)၀၁ဂ၀၃ဂ]တို့အား အသိပေးတောင်းဆိုခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇-ဂျီ)၊ နံ့သာကုန်းရပ်ကွက်၊ ဦးပိုင်အမှတ်-၁၄/၁/က၊ (၀. ၇၂၀)ဧကရှိ အိမ်ရာမြေနှင့် ယင်းမြေပေါ်ရှိ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၃၈၇)ဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်နွဲ့နွဲ့[၁၂/မရက(နိုင်)၀၅၈၁၄၇]ကိုင်ဆောင်သူထံမှ ၁၃-၁-၂၀၁၃ ရက်တွင် စရန်ငွေပေးကတိစာချုပ်အရ (ပ)ကြိမ် စရန်ငွေပေးအပ်ခဲ့ပြီး ၁၈-၁-၂၀၁၃ ရက်တွင် ဒုတိယအကြိမ်အဖြစ် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပါသည်။ တတိယအရစ်စရန်ငွေအဖြစ် ငွေကြေးများကို ၁၈-၂-၂၀၁၃ ရက်တွင် ဆက်လက်ပေးချေသွားရန် ပဋိညာဉ်စာချုပ်အရလူကြီးမင်းများကဝန်ခံကတိပြုခဲ့သော်လည်း လူကြီးမင်းတို့သည် ယနေ့ထိတိုင် တတိယအရစ် စရန်ငွေများကို ဆက်လက်ပေးချေခြင်းမရှိဘဲပျက်ကွက်ခဲ့၊ ပျက်ကွက်နေလျက်ရှိပါသည်။ သို့ပါ၍ လူကြီးမင်းတို့နှင့် ကျွန်ုပ်မိတ်ဆွေတို့အတွင်း အရောင်း အဝယ်မပျက်စေခြင်းငှာ၊ ဤကြေညာစာပါသည့်ရက်မှ (၇)ရက်အတွင်း တတိယအရစ် စရန်ငွေများကို မပျက်မကွက် ဆက်လက်ပေးချေနိုင်ပါရန် သိစေအပ်ပါသည်။ အကယ်၍လူကြီးမင်းတို့ကကျွန်ုပ်တို့၏ အထက်ပါ လိုက်လျောမှုအပေါ် ထပ်မံပျက်ကွက်ခဲ့မည်ဆိုပါက ပဋိညာဉ်စာချုပ်များပါ ဝန်ခံကတိပြုချက်များအရ ပေးချေခဲ့ပြီးဖြစ်သော စရန်ငွေများကိုအဆုံးခံရမည်ဖြစ်ကြောင်း လေးနက်စွာ အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးညွန့်သိန်း B.A,B.L	**ဦးဟန်စိန် LL.B**
တရားလွှတ်တော်ရှေ့နေ(၁၀၄၂/၆၅)	**တရားလွှတ်တော်ရှေ့နေ(၃၉၅၃/၈၆)**
အမှတ်(၅၈)၊ (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊	**အမှတ်(၅၀)၊ (ပ)၊ A-21၊ ဘဏ်လမ်း၊**
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။	**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
	ဖုန်း-၀၉-၇၃၁၁၉၂၇၃

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ C-3A၊ မင်္ဂလာလမ်း၊ မင်းရဲကျော်စွာအိမ်ရာ၊ တာမွေလေးမြို့နယ်နေ
ဒေါက်တာ ခင်မောင်သန်း+(ဒေါ်တင်ယုဝေ)တို့၏ သားငယ်
မောင်တင်ကိုအောင် (BA.BM)
ဝတီရေယာဉ် သယ်ယူပို့ဆောင်ရေး
နှင့်
ရန်ကုန်မြို့၊ 27(A)၊ ရွှေတောင်ကြားလမ်း၊ ဗဟန်းမြို့နယ်နေ
ဦးချို+ဒေါ်နီလာမြင့်တို့၏ သမီးကြီး
မချိုကြည်သာ (BA.Eco)
CHO KYI THA MUSIC, VIDEO PRODUCTION & DISTRIBUTION

တို့၏ ၆-၁-၂၀၁၃(တနင်္ဂနွေနေ့) ရန်ကုန်မြို့ **Sedona Hotel, Dagon Room** ၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲ၌ မင်္ဂလာသဘင်နာယကကြီးအဖြစ် ဆောင်ရွက်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေနှင့် ဇနီး ဒေါ်နန်းနှင်းဆီ၊ တရားရုံးချုပ် တရားသူကြီး (ငြိမ်း) ဝဏ္ဏကျော်ထင်ဦးသက်ထွန်းနှင့် ဇနီး အကယ်ဒမီ ဒေါ်တင်တင်နွဲ့ တို့အားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင် လက်မှတ်ထိုးပွဲ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် နေပြည်တော်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်း၊ မင်္ဂလာအသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဒေါက်တာသန်းဦး (မကွေးသင်ကြားရေးဆေးရုံအုပ်ကြီး)(ငြိမ်း)နှင့် ဇနီး ဒေါ်အေးအေးသန့်၊ ဒေါက်တာကိုကိုလွင် (IRON CROSS MUSIC ENTERTAINMENT)နှင့် ဇနီး ဒေါ်ခင်ချမ်းသာ၊ ၎င်းနေ့ နေ့လယ်ပိုင်း၌ အတုလမာရ်အောင် စာသင်တိုက်၌ ကျင်းပပြုလုပ်သော **မင်္ဂလာဦး ဆွမ်းကျွေး ဧည့်ခံပွဲ**သို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အားလည်းကောင်း၊ ၁၂-၁-၂၀၁၃ (**စနေနေ့**)ရန်ကုန်မြို့ **Sedona Hotel, Grand Ballroom** ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနား၌ မင်္ဂလာအောင်စပယ်ပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ညိုညိုနု၊ မင်္ဂလာလက်ထပ် စိန်လက်စွပ်များ ဆင်မြန်းချီးမြှင့်ပေးပါသော ဗိုလ်မှူးကြီးလှမြင့် စစ်သံမှူး(ငြိမ်း)နှင့် ဇနီး ဒေါ်သိဂီစိုး၊ မင်္ဂလာရွှေဆွဲကြိုးများ ဆင်မြန်းချီးမြှင့်ပေးပါသော ဘိုးဘိုးဦးသန်းထွန်းနှင့် မွားမွားဒေါ်တင်ကျေ တို့အားလည်းကောင်း၊ လူကိုယ်တိုင် မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ ချီးမြှင့်ပေးပါသော အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့်ဇနီး နိုင်ငံကျော်တေးသံရှင် ဒေါ် L.ခွန်ရီ အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော တေးသံရှင် မိစန္ဒီ၊ မင်္ဂလာအောင်စပယ်ပန်းကုံးကလပ် ကိုင်ဆောင်ပေးပါသော မေစိုးဦး၊ မင်္ဂလာလက်ထပ် လက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော ဝေနှင်းနိုင်၊ မင်္ဂလာသတို့သားအရံများအဖြစ် ဆောင်ရွက်ပေးပါသော FREDRIC KWOK နှင့် အောင်ထက်ပိုင်၊ မင်္ဂလာသတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးပါသော ချိုအေးချမ်းနှင့် ချိုစိန်မုံစမ်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာတေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေ ပေးပါသော ဥက္ကာဦးသာနှင့် Plus Three Band မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော နိုင်ငံကျော်တေးသံရှင် ဒေါ်နွယ်ဝင်းနှင့်တေးသီချင်းများ သီဆိုဧည့်ခံပေးကြပါသော နိုင်ငံကျော်တေးသံရှင် များအားလည်းကောင်း၊ မင်္ဂလာမိတ်စာဒီဇိုင်းနှင့် မင်္ဂလာပန်းအလှဆင်ပေးသော မာဒီကျော် (Malaysia)၊ မင်္ဂလာဝတ်စုံဒီဇိုင်နာ ကိုပြည့်စိုးအောင်၊ မိတ်ကပ်နှင့်ဆံပင် အလှဖန်တီးရှင် မကြီးစန်း(ခင်စန်းဝင်း)၊ IDEA မှ ဦးအောင်ကျော်ဦးနှင့် ဇနီးဒေါ်သိဂီထွေး၊ မင်္ဂလာမိတ်စာရိုက်နှိပ်ပေးပါသော Hero ပုံနှိပ်တိုက်မှ အန်တီချိုနှင့်အဖွဲ့၊ Rainbow မှ ကိုထွန်းထွန်းသာနှင့် မနုနုရွှေ၊ မင်္ဂလာလက်ဝတ်ရတနာများ မေတ္တာဖြင့်ဆင်မြန်းပေးပါသော ဒေါ်ချိုချိုလွင် စိန်ရတနာဆိုင် ဗိုလ်ချုပ်ဈေးအား လည်းကောင်း၊ မင်္ဂလာကားစီစဉ်ပေးပါသော ဦးချစ်ဟိန်း(ရတနာ့မြိုင်တေးထုတ်လုပ်ရေး)နှင့် ဇနီး ဒေါ်မြင့်မြင့်သိတို့အားလည်းကောင်း၊ မအားမလပ်သည့်ကြားမှ မင်္ဂလာအခမ်းအနားပွဲစဉ်တိုင်းနီးပါး တက်ရောက်ချီးမြှင့်ပေးပါသော နိုင်ငံကျော်သရုပ်ဆောင် အကယ်ဒမီလူမင်းနှင့်ဇနီး ခင်စပယ်ဦး၊ မင်္ဂလာလက်ဆောင် Audio CD တွင် မေတ္တာဖြင့်ရေးသားသီဆိုလက်ဖွဲ့ပေးပါသော တေးသံရှင် ရဲလေး၊ ဟဲလေး၊ ဖြူရှသနှင့် ခေမဲ၊ ဓါတ်ပုံဖြင့်မှတ်တမ်းတင်ရိုက်ကူးပေးသော ဝဏ္ဏစွမ်းနိုး၊ ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးသော ဒါရိုက်တာ လင်းမြတ်ဦးနှင့် ချိုကြည်သာ ဗီဒီယိုရိုက်ကူးထုတ်လုပ်ဖြန့်ချိရေး၊ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးကြပါသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလုံးနှင့် နေရာအခက်အခဲကို နားလည်သည်းခံခွင့်လွှတ်ပြီး ကြွရောက်ချီးမြှင့် ပေးကြသည့် ဂုဏ်သရေရှိလူကြီးမင်းများနှင့် မင်္ဂလာဧည့်ပရိသတ်အားလုံးတို့အားလည်းကောင်း၊ ၁၃-၁-၂၀၁၃ (**တနင်္ဂနွေနေ့**) **Sedona Hotel, Pool Side**၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲ အခမ်းအနား၌ မေတ္တာဖြင့်အခမ်းအနားမှူးအဖြစ် စီစဉ်ဆောင်ရွက်ချီးမြှင့်ပေးပါသော နိုင်ငံကျော်တေးရေးဆရာ ဓာတုဆဲနှင့် ဇနီးမစန္ဒာ၊ မင်္ဂလာလက်ဖွဲ့ သီဆိုပေးကြပါသော နိုင်ငံကျော်တေးသံရှင်များ၊ **Sedona Hotel** မန်နေဂျာနှင့် ဝန်ထမ်းများ၊ နှစ်မက်သူငယ်ချင်းများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင် လှိုက်လှဲစွာကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ပက်သောမိဘများနှင့် မောင်တင်ကိုအောင် + မချိုကြည်သာ

သဘာဝအချိုရည်၊ ဂျယ်လီ၊ သစ်သီးယို၊ ရေခဲမုန့် နိုင်ငံခြားမုန့်လုပ်သင်တန်း

အဆီကျကျန်းမာရေးဖျော်ရည်နှင့်ကြက်ဥမှုတင်သံနှိပ်စိန်ချင့်နှင့်အားအားဆိုင်ခွင့်နည်းဖော်ပြလုပ်နည်း

1	1.3.13 ℣ 7.3.13	3	9.3.13 ℣ 15.3.13	
2	5.3.13 ℣ 11.3.13	4	13.3.13 ℣ 19.3.13	(FDA)မှ

ROYAL SUN စားသောက်ကုန်သင်တန်း

အမှတ်-26၊ သစ်တောလမ်း အလုံမြို့နယ်၊ ရန်ကုန်။ 01-212651၊ 09-49308462

အမည်ပြောင်း

စိုင်ပြင် အထကကျောင်းမှ နဝမတန်း (ခ)တွင် ပညာသင်ယူနေသော အဖ ဦးကျော်စိုး[၉/မကန(နိုင်)၀၅၈၅၀၄]၏ သမီးဖြစ်သူ မဇွန်၏ အမည်မှန်မှာ မစုစုနိုင် ဖြစ်ပါကြောင်း။ **မစုစုနိုင်**

ကန့်ကွက်နိုင်ပါသည်

